
ဩရာသ စာပေ

လမင်းစန္ဒါ

# အင်းလေးကန်သာ



ဂျင်မီ

လမင်းစန္ဒာ

# အင်းလေးကန်သာ

ပေးဆပ်စွန့်လွှတ်ခြင်းမှာ
အရှုံးအမြတ်မရှိ
မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားသာရှိတယ်...

ဂျင်မီ



ကိုဂျင်မီ ၁၉၈၈-ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂခေါင်းဆောင်နှင့်
ရှုဘောင်သစ် ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင် (စည်းရုံးရေး) တာဝန်ယူစဉ်က
ဆံရာစံ-ဇာဂဇီဘိုမှ အမှတ်တရ ရိုက်ကူးပေးသော ဓာတ်ပုံအား
ဩရသစာပေမှ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

# လမင်းစန္ဒာ

## အင်းလေးကန်သာ



ဩရာသ စာပေ

တိုက် (၉၁)၊ စီ-၃၊ သိမ်ဖြူလမ်း၊ ၂-ရပ်ကွက်

လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ - ၅၃၇၉၉၂၅၊ ၀၉ ၄၃၁၀၈၀၆၃၁၊ ၀၉ ၆၅၀၀၈၈၇၄

## စာရေးသူ၏ စကားဦး

ကျွန်တော်ယုံကြည်ချက်အကျဉ်းသားဘဝနှင့် အင်းစိန်အကျဉ်းထောင်ထဲရှိနေစဉ် ၁၉၉၄ ခုနှစ်ကဖြစ်သည်။ ကျွန်တော့်ထံသို့ အခက်အခဲများစွာကြားကရောက်ရှိလာသော ဝတ္ထုတစ်အုပ်ကို ဖတ်ခဲ့ရသည်။ စာရေးသူက ဗြိတိန်နိုင်ငံမှ ရောဘတ်တာလေး(Roberta Leigh) ဖြစ်သည်။ စာအုပ်နာမည်က The Savage Aristocrat ဖြစ်သည်။ ထိုစဉ်က ကျွန်တော်၏အသက်မှာ (၂၅)နှစ်ခန့်ရှိပြီဖြစ်သည်။ ကျွန်တော်ကိုယ်ပိုင်ဖန်တီးထားသော သီချင်းနှင့် ဂ.၂ တော်တော်များများကို စုဆောင်းမိနေပြီဖြစ်သည်။ သို့သော် မရောင့်ရဲနိုင်သေးဘဲ ဝတ္ထုရေးချင်စိတ်က အလွန်အမင်း ပြင်းပြနေမိသည်။ ဘာအကြောင်းရေးရမည်ကို စိတ်ကူးနေစဉ် ထိုအင်္ဂလိပ်ဘာသာဖြင့် ရေးထားသောဝတ္ထုကို ဖတ်မိခြင်းဖြစ်သည်။ ကျွန်တော် အတော်သဘောကျသွားသည်။ နိုင်ငံရေးခေါင်းဆောင်ကို ဇာတ်ကောင်ထားပြီး ရေးရသည့်ခေတ်တစ်ခေတ်ကို ကျွန်တော် ရောက်ချင်ခဲ့မိသည်။ ထိုတစ်ခေတ်ရောက်ရမည်ဟုလည်း ကျွန်တော် ယုံကြည်မိသည်။ သို့နှင့် ဒုတိယအကြိမ်အကျဉ်းစံချိန်မှာတော့ ထိုစိတ်ကူးကိုအကောင်အထည်ဖော်တော့သည်။ ထိုဝတ္ထုဖြစ်လာဖို့အတွက် တွန်းအားပေးနေသည့် အချက်တွေရှိသည်။ ဒုတိယအကြိမ် ကျွန်တော်စံမြန်းနေသည့်အကျဉ်းထောင်မှာ တောင်လေးလုံး (တောင်ကြီး) အကျဉ်းထောင်ဖြစ်သည်။ အင်းလေးခေါင်တိုင်လမ်းခွဲမှာရှိသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း အင်းသား၊ တောင်ပေါ်သွေးဖြစ်နေသည်။ ကျွန်တော်

ရေးချလိုက်ပါသည်။ ဝတ္ထုကို ဝတ္ထုလိုပဲ ခံစားရေးချလိုက်ပါသည်။ ဤဝတ္ထုဖြစ်ပေါ်လာရန် စိတ်ကူးများပေးသော ရောဘတ်တာလေး (Roberta Leigh) (ကွယ်လွန်သွားပြီဟု ထင်ပါသည်) ကိုလည်း ကျေးဇူးတင်မိပါသည်။ အင်းလေးကန် ကယ်တင်ရေး၊ လူငယ်နိုင်ငံရေးသမားကောင်းများ ပေါ်ထွက်ရေးနှင့် လူငယ်စီးပွားရေးလုပ်ငန်းရှင်ကောင်းများပေါ်ထွက်ရေးကိုလည်း ကျွန်တော် မျှော်လင့်မိပါသည်။ အနာဂတ်လှပရေးအတွက် ချစ်ခြင်းမေတ္တာ၏ အရေးပါမှုကိုလည်း မမေ့သင့်ပေ။

ဇာတ်ကောင်များမှာ စိတ်ကူးယဉ်တတ်သည့် စာရေးဆရာ၏ ဖန်တီးမှုများသာ ဖြစ်သဖြင့် တိုက်ဆိုင်မှုရှိပါက ခွင့်လွှတ်ရန်နှင့် ဂုဏ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဂျင်မီ

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်"

တိုးနိုင်သမျှ တိုးထားသောဖိနပ်သံညက်ညက်ကလေးသည် အာရှတော်ဝင်ဆေးရုံပေါ်မှ တန်ဖိုးမြင့်သီးသန့်လူနာခန်းတစ်ခန်းထဲသို့ ရွေ့ခနဲဝင်သွားသည်။ ဖိနပ်သံကိုနားထောင်ခြင်းဖြင့် အမျိုးသမီး၏ စိတ်သဘောထားကိုခန့်မှန်းနိုင်သည်။ စာနာစိတ်နှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်းရှိသူဖြစ်နိုင်သည်။

ဒေါက်ဖိနပ်သံလေး တိတ်ဆိတ်သွားချိန်တွင် ခပ်ယှဲ့ယှဲ့စကားသံ ထွက်ပေါ်လာသည်။

"စန္ဒာမင်းလတ် . . . သမီး လာ . . . အန်တီ့ခုတင်ပေါ်ထိုင်ပါ"

ဒေါက်ဖိနပ်သံပိုင်ရှင်က စန္ဒာမင်းလတ်။

ခပ်ယှဲ့ယှဲ့စကားသံပိုင်ရှင် ဒေါ်တင်တင်ဝင်း။

ဒေါ်တင်တင်ဝင်းသည် ရန်ကုန်မြို့ပေါ်တွင် အကြီးဆုံးတိုင်းရင်းသားရိုးရာအဝတ်အထည်ဆိုင်ကြီးနှစ်ဆိုင်ကို ပိုင်ဆိုင်သူဖြစ်သည်။ ထို့အပြင် 'ရွှေနန်းစည်'ကုမ္ပဏီ၏အကြီးအကဲဖြစ်ပြီး မြန်မာနိုင်ငံတန်တလျားက တိုင်းရင်းသားရိုးရာအထည်အလိပ်များကိုဝယ်ယူပြီး နိုင်ငံခြားသို့တင်ပို့နေသူလည်းဖြစ်သည်။ မြန်မာ့ရိုးရာအဝတ်အထည်များသည် လက်ယက်ကန်းဖြင့် ထုတ်လုပ်သောကြောင့် အနောက်နိုင်ငံသားများက တန်ဖိုးထားကာ အမြတ်တနိုးဝတ်ဆင်ကြသည်။ ဒေါ်တင်တင်ဝင်း၏ 'ရွှေနန်းစည်'ကုမ္ပဏီလည်း အကျိုးအမြတ်အတော်ဖြစ်ထွန်းနေသည်။

"အန်တီဝင်း သက်သာရဲ့လား"

ဒေါ်တင်တင်ဝင်း၏လက်ကို အသာအယာကိုင်၍ စန္ဒာမင်းလတ်ကမေးလိုက်သည်။

"သက်သာပါတယ် သမီးရယ်. . . အန်တီကိုက ပေါ့တာပါ. . . ဖျားကတည်းက ဂရုစိုက်ရမှာ. . . တိုက်ဖိုက်ဝင်သွားတယ် သမီးရယ်"

ခေါင်းအုံးဖြူဖြူကြီးပေါ်တွင် ဘယ်ညာသို့ ဖြည်းဖြည်းချင်း ခါယမ်းနေသော ဒေါ်တင်တင်ဝင်း၏ခေါင်းကြီးကိုကြည့်ကာ စန္ဒာမင်းလတ်စိတ်မကောင်းဖြစ်မိသည်။ နောင်တရနေဟန်အမူအရာက ဒေါ်တင်တင်ဝင်း၏ လူမမာမျက်နှာကို ပို၍အကျည်း တန်စေသည်။

"အန်တီရယ်. . ခုတော့ ကောင်းသွားပြီလေ. . . ဘာမှမတွေးနဲ့တော့. . . လုပ်ငန်းတွေလည်း အဆင်ပြေနေတာပဲ. . . အန်တီစိတ်ချလက်ချသာနားပါ. . . သမီး ကျန်တာတွေလုပ်နိုင်ပါတယ်"

စန္ဒာမင်းလတ်က အားပေးလိုက်သည်။

"မဟုတ်ဘူး သမီး. . . အန်တီ့ ခေါင်းထဲမှာတစ်ခုကျန်နေသေးတယ်. . . အန်တီ့ကို ဆရာဝန်က နောက်ထပ်တစ်လလောက် ကောင်းကောင်းနားရဦးမယ်တဲ့. . . ပင်လယ်လေရတဲ့ ငပလီလိုနေရာမျိုးမှာ သွားနားရမယ်တဲ့. . . အဲဒါကြောင့် သမီးကိုလှမ်းခေါ်ရတာ"

မောသွားဟန်ဖြင့် ဒေါ်တင်တင်ဝင်း ခေတ္တနားလိုက်သည်။ ပြီးမှ

"အန်တီ့ ခေါင်းထဲမှာ တစ်ခုကျန်နေတယ်. . . အင်းလေးထည်တွေကိစ္စပဲ. . . သူတို့နဲ့စာချုပ်ထားတာ ပြည့်ဖို့ရက်ပိုင်းပဲလိုတယ်. . . စာချုပ်ထပ်ချုပ်ရလိမ့်မယ်. . . ပုံမှန်ဆိုရင် သူတို့ဘက်ကဆင်းလာပြီး စာချုပ်သက်တမ်းတိုးတယ်. . . ခုထိမလာသေးဘူး. . . အဲဒါ အန်တီစိတ်ပူနေတယ်. . . တစ်ခုခုဖြစ်နေပြီထင်တယ်. . . တခြား ကုမ္ပဏီတစ်ခုခုနဲ့များ စာချုပ်ချုပ်ချင်တာလားတော့မသိဘူး. . . သူတို့

မလာရင် ကိုယ်ကသွားရတော့မယ်. . . အဲဒီတော့ သမီးကိုလိုက်သွားစေချင်တယ်. . . အဆုံးအဖြတ်ပေးနိုင်တဲ့လူသွားမှဖြစ်မယ်လို့ အန်တီထင်တယ်. . . သမီးလိုက်သွားပေးပါ"

စန္ဒာမင်းလတ်စိတ်ထဲတွင် 'ဟွန်း'ခနဲဖြစ်မိသေးသည်။ ထိုကိစ္စမျိုး မနှစ်ကဖြစ်ဖူးသည်။ ကချင်အထည်များကိစ္စဖြစ်သည်။ ထိုစဉ်က စန္ဒာမင်းလတ်သွားချင်ခဲ့သည်ကို အဖွားကြီးဒေါ်တင်တင်ဝင်းခွင့်မပြုခဲ့ပေ။ ကချင်ပြည်နယ်ကို တက္ကသိုလ်ကျောင်းသူဘဝက သူငယ်ချင်းများနှင့်သွားလည်ခဲ့ဖူးသည်။ ထပ်မရောက်ဖြစ်တော့။ မနှစ်က အခွင့်အခါကြုံ၍ သွားရန်ပြင်ဆင်ပြီးမှ အဖွားကြီးဒေါ်တင်တင်ဝင်းက ခွင့်မပြုခဲ့ပေ။ ယခု အင်းလေးအထည်ကိစ္စပေါ်လာသည်။ အဖွားကြီးနေမကောင်း၍သာ သူ့ကိုသွားခိုင်းခြင်းဖြစ်နိုင်သည်။ စိတ်ထဲ သိပ်မကျေနပ်သော်လည်း လူမမာနဲ့ပြိုင်မငြင်းချင်တော့။

တကယ်တော့ ဒေါ်တင်တင်ဝင်းနှင့် စန္ဒာမင်းလတ်တို့သည် ဆွေမျိုးသားချင်းတွေဖြစ်ပြီး ကုမ္ပဏီတွင် ဒေါ်တင်တင်ဝင်းက အကြီးအကဲ၊ စန္ဒာမင်းလတ်က ဒါရိုက်တာဘုတ်အဖွဲ့ဝင်ဖြစ်သည်။ တူမနှင့်အဒေါ်လို စိတ်ကောက်ပစ်ချင်သော်လည်း လုပ်ငန်းသဘောအရ တာဝန်ပေးလျှင် ငြင်း၍မရပေ။

"ဟုတ် - ရပါတယ် အန်တီဝင်း. . . သမီးက ရှမ်းပြည်ဘက်တစ်ခါမှမရောက်ဖူးဘူး. . . ဒါပေမဲ့ အန်တီဝင်းက တာဝန်ပေးရင်တော့သွားရမှာပေါ့"

စန္ဒာမင်းလတ်က လက်အောက်ဝန်ထမ်းဟန်ဖြင့် ခပ်ပါးပါးခွန်းတုန့်ပြန်သည်ကို အဖွားကြီးသိပါသည်။ နှုတ်ခမ်းထောင့်စွန်းတွင် အဖွားကြီး၏အပြုံး ရိပ်ခနဲတွဲခိုနေသည်။

"နောက်တစ်နှစ်စာ ကန်ထရိုက်စာချုပ် ဆက်ချုပ်ပါ. . . ဈေးကို ၁၀% ထပ်တိုးပေးလိုက်ပါ. . . demand တွေ တက်နေတယ်. . .

မနှစ်ကထက် နှစ်ဆပိုရောင်းပေးဖို့ဆွေးနွေးပါ. . . သဘောတူရင် ကုမ္ပဏီရှေ့နေကိုလှမ်းခေါ်ပြီး ဥပဒေကိစ္စတွေ ဆက်ဆောင်ရွက်ပါ. . . အရေးကြီးတာက အဲဒီအင်းလေးထည်တွေ တို့ကုမ္ပဏီက ဆက်ရနေဖို့ပဲ. . . သမီး ဖြစ်အောင်လုပ်ပါ"

အဖွားကြီး၏ ခပ်ယဲ့ယဲ့အသံနှင့်စကားလုံးများသည် တိကျသော ညွှန်ကြားချက်များဖြစ်လာသည်။ သက်တမ်းရင့်ဘော့စ်တစ်ယောက်၏အရည်အသွေးများဖြစ်သည်။

"သမီး အဓိကစကားပြောရမယ့်လူက အယ်လ်ကျော်ပဲ. . . သူက အင်းလေးထည်အားလုံးကိုချုပ်ထားတဲ့ အဝယ်ဒိုင်ပဲ. . . သူကမှ အန်တီတို့ဆီပို့ပေးနေတာ. . . ဒီလူငယ်က အင်မတန်ရိုးသားတယ်. . . ကတိတည်တယ်. . . သူတစ်ခုခု ဖြစ်နေတယ်ထင်တယ်. . . ဟုတ်ပါတယ်. . . သူတစ်ခုခုဖြစ်နေတာပါ"

အဖွားကြီးဒေါ်တင်တင်ဝင်း၏နောက်ဆက်တွဲညွှန်ကြားချက်များတွင် စိုးရိမ်ဟန်တွေရောနှောလာကြောင်း စန္ဒာမင်းလတ်သတိပြုမိလိုက်သည်။

"ရပါတယ် အန်တီဝင်း. . . သမီးဖြစ်အောင်ကြိုးစားပါ့မယ် . . . အန်တီ စိတ်ချသာနေ. . . ကောင်းကောင်းအနားယူလိုက်နော်"

အဖွားကြီးကို စိတ်ရောကိုယ်ပါ သက်သာစေရန် လက်ကလေးကိုအသာဖြစ်ညှစ်ပြီး အားပေးလိုက်သည်။ အဖွားကြီးက ခပ်ယဲ့ယဲ့ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

"လိုအပ်တဲ့အချက်အလက်တွေကို ဒေါ်ခင်မြင့်ဆီကတောင်းပြီး ကြည့်လိုက်ကွယ်"

"ဟုတ် အန်တီဝင်း"

စကားအဆုံးတွင် လူနာခန်းတွင်း လှည့်ပတ်ကြည့်လိုက်မိသည်။ ဘာမှလိုလေသေးမရှိ။ အစားအသောက်၊ ဆေးဝါး၊ နာ့စ်၊ အသုံး

အဆောင်ပစ္စည်းများအားလုံး ပြည့်စုံနေသည်။ စီစဉ်စရာရှိတာတွေ စီစဉ်ဖို့ ပြန်ရန်ခွင့်ပြုသည်နှင့် အဖွားကြီးကိုနှုတ်ဆက်သည်။ ပြီးလျှင် နှစ်မလေးများ၊ ဆရာဝန်များကို နှုတ်ဆက်သည်။

ဒေါက်ဖိနပ်သံညက်ညက်ကလေး ကားပေါ်တွင် ပျောက်သွားကာ နောက်ဆုံးပေါ်ကားစက်သံညက်ညက်လေးသို့ ပြောင်းလဲသွားသည်။

အဖွားကြီးဒေါ်တင်တင်ဝင်း၏ အတွင်းရေးမှူးဒေါ်ခင်မြင့်ထံမှ အချက်အလက်များရပါပြီ။ နှစ်စဉ် အင်းလေးထည် ဘယ်လောက် ရန်ကုန်သို့ပို့သည်၊ ရန်ကုန်မှ နိုင်ငံခြားသို့ သင်္ဘောဖြင့်ဘယ်လောက်ပို့သည်၊ ဘယ်နိုင်ငံတွေကို ဘယ်လောက်ရောင်းရသည်၊ တစ်ထည်ကို ဘယ်ဈေးရှိသည်၊ နှစ်စဉ် ပစ္စည်းတန်ဖိုးရော၊ အရေအတွက်ပါ မြင့်တက်နေသည် စသည်ဖြင့် စန္ဒာမင်းလတ်တွေ့ရသော်လည်း သူမစိတ်အဝင်စားဆုံးအရာမှာ အထည်ဒီဇိုင်းများဖြစ်သည်။

အင်းလေးထည်များအနက်မှ အင်္ကျီများကို နိုင်ငံခြားသို့တင်ပို့သည်။ ပုဆိုး၊ ထမီတွေကိုတော့ ပြည်တွင်းမှာပဲရောင်းသည်။ အင်္ကျီဒီဇိုင်းတွေက တစ်နှစ်နှင့်တစ်နှစ်မတူဘဲ တိုးတက်ကောင်းမွန်လှသည်။ အထူးသဖြင့် အမျိုးသမီးအင်္ကျီများကို မည်သူတွေကဒီဇိုင်းဆွဲပေးပါသနည်း။ မည်သူတွေရဲ့စိတ်ကူးဖြစ်ပါသနည်း။ အင်္ကျီဒီဇိုင်းဓာတ်ပုံများကိုကြည့်ရင်း စန္ဒာမင်းလတ် စဉ်းစားမိသည်။ ဒီဇိုင်းများသည် ရိုးရာအစဉ်အလာအတွေးများဖြင့် ဖန်တီးထားရာ ခေတ်ပေါ်အမြင်ဖြင့် ဖြည့်စွက်လိုက်လျှင် မည်သို့ဖြစ်နိုင်မည်နည်း။ သူမဆက်စဉ်းစားကြည့်သည်။

နမူနာဒီဇိုင်းဓာတ်ပုံများကို ကွန်ပျူတာဖန်သားပြင်၌ နှစ်အလိုက်စစ်ဆေးကြည့်မိသည်။ ထိုအထဲမှ သူမအကြိုက်ဆုံးအမျိုးသမီးအင်္ကျီတစ်ထည်ကို ပုံကြီးချဲ့ကာစစ်ဆေးသည်။ အရောင်ကိုဖျော့

ကြည့်သည်။ ရင့်ကြည့်သည်။ အရောင်စပ်ကြည့်သည်။ ခါးရှည်ကြည့်သည်။ လက်ပုံစံ၊ ကျောပုံစံ၊ ကော်လာပုံစံများကို ရိုးရာမပျက် ခေတ်ဆန်အောင်ဒီဇိုင်းဆွဲကြည့်သည်။ ကြယ်သီးပုံစံများကို ပြင်ကြည့်သည်။ သူမစိတ်ကြိုက်ဒီဇိုင်းမရသေးသော်လည်း စိတ်ဝင်စားစရာအလွန်ကောင်းနေပြီဆိုတာ သူမသိလာသည်။ အထည်များကို ကိုယ်တိုင်ကိုင်တွယ်ချင်စိတ်ပေါက်လာသည်အထိ စိတ်ဝင်စားစရာကောင်းလှသည်။ သို့သော် ဒီမှာ ခဏဖြတ်ထားရမည်။ လုပ်စရာအလုပ်များရှိသေးသည်။ သူမခရီးထွက်ရဦးမည်။ စကားတွေပြောရဦးမည်။ တောင်ကြီးကိုသွားရမည်။ အင်းသားလူမျိုး အင်းလေးအထည်ဗိုင်ချုပ် အယ်လ်ကျော်နှင့်တွေ့ရမည်။ စာချုပ်သက်တမ်းတိုးနိုင်ရေးသည် ကုမ္ပဏီ၏ အရေးပါသောကိစ္စဖြစ်သည်။

အိပ်ယာပေါ်ကျောဆန့်ကာ မျက်စိကိုမှိတ်၍ အနားယူလိုက်သည်။ ကွန်ပျူတာဖန်သားပေါ်မှအလင်းများ ယခုထိ မျက်လုံးတွင် ပျောက်တိပျောက်ကြားပေါ်နေသေးသည်။ အင်္ကျီဒီဇိုင်းပုံတွေလည်း ပေါ်နေသည်။

"ဪ - ငါ့နှယ်နော်"

စန္ဒာမင်းလတ် သူမကိုယ်သူမ သနားဟန်ဖြင့် ရေရွတ်လိုက်သည်။

ဟုတ်ပါသည်။ စန္ဒာမင်းလတ်သည် ဒီဇိုင်းရှုးမလေးဖြစ်ခဲ့ဖူးပါသည်။ ရှုးခဲ့သလောက်ထူးကဲကာ ဒီဇိုင်းပညာကို ဂျပန်တွင် သင်ယူတတ်မြောက်ခဲ့ပါသည်။

အဖေရော၊ အမေပါ သူမငယ်စဉ်ကတိမ်းပါးခဲ့ပြီး သူမနှင့် သူမ၏ညီမကို အဖွားဖြစ်သူက မွေးစားခဲ့သည်။ မျိုးရိုး စဉ်ဆက်ကြွယ်ဝသောအဖွားက စန္ဒာမင်းလတ်တို့ ညီအစ်မနှစ်ယောက်ကို ကျောင်းကောင်းကောင်းတွင် ပညာသင်စေသည်။ မြန်မာနိုင်ငံတွင် သိပ္ပံတွဲ

တစ်ခုရပြီးသောအခါ ဂျပန်နိုင်ငံသို့ အလုပ်လုပ်ရန်ထွက်ခွာခဲ့သည်။ အလုပ်လုပ်ရင်း သူမငယ်စဉ်က ရူးသွပ်ခဲ့သော အဝတ်အထည်ဒီဇိုင်းပညာ ကောလိပ်တစ်ခုသို့ တက်ရောက်သင်ကြားခဲ့သည်။ ကောလိပ်တွင် ဒီဇိုင်းပညာကို ထူးချွန်စွာအောင်မြင်သည်။ ထိုနှစ်တွင်ပင် အဖွားနေမကောင်း၍ သူမကို ရန်ကုန်ကပြန်ခေါ်သည်။ ဩစတြေးလျတွင် ကျောင်းတက်နေသော သူမ၏ညီမလည်း ပြန်လာသည်။

သူတို့ညီအစ်မရောက်ပြီး နှစ်ပတ်အကြာတွင် အဖွားကွယ်လွန်သည်။ သားသမီးများ အမွေခွဲရာတွင် အမွေစားအမွေခံညီအစ်မနှစ်ယောက်လည်း ဝေစုတစ်ခုဆီရကြသည်။ ညီမဖြစ်သူကတော့ သူ့ဝေစုကိုသူယူလျက် တစ်ကိုယ်တည်း ဩစတြေးလျတွင်အခြေချရန် ထွက်ခွာသွားလေသည်။ စန္ဒာမင်းလတ်တစ်ယောက် အကြီးအကျယ် စိတ်မကောင်းဖြစ်ရသည်။ သူတို့ညီအစ်မနှစ်ယောက်သည် ခပ်စိမ်းစိမ်းရှိသည်။ ဝေးနေလျှင်သာ သတိတရရှိကြသည်။ နီးနီးကပ်ကပ်နေချင်စိတ်တော့ မရှိကြပေ။ အစ်မကြီးတစ်ယောက်အနေနှင့် သူ၏ညီမကို နွေးထွေးမှုအမျိုးမျိုး ပေးကြည့်ဖူးသည်။ သိပ်မထိရောက်လှပေ။ ညီအစ်မနှစ်ယောက်၏ထူးခြားချက်မှာ ကိုယ့်အားကိုယ်ကိုးချင်စိတ်ရှိသည်။ မိဘမဲ့မာနရှိသည်။ ပညာကိုအားကိုးပြီး ယုံကြည်မှုအပြည့်ရှိကြသည်။ အဖွားကလွဲ၍ အခြားသူ များ၏သနားခြင်းကို မခံလိုကြ။ စွန့်စားရုန်းကန်လိုသည့်သတ္တိရှိသည်။ အောင်မြင်မှုလည်း ရကြပါသည်။ ယခုရွှေနန်းစဉ်ကုမ္ပဏီတွင် အဒေါ်ဖြစ်သူက အကြီးအကဲ။ သူမက ဒါရိုက်တာဘုတ်အဖွဲ့ဝင်။ သူမ၏အမွေတစ်ပုံကို အရင်းအနှီးထည့်ဝင်ခဲ့ခြင်းဖြစ်သည်။ ရွှေနန်းစဉ်ကုမ္ပဏီ၏အဓိကလုပ်ငန်းမှာ အထည်ချုပ်လုပ်ငန်းဖြစ်သည်။

လှိုင်သာယာစက်မှုဇုံတွင် အထည်ချုပ်စက်ရုံတစ်ခုထူထောင်ပြီး နိုင်ငံခြားအပ်ထည်များကို ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်း၊ ထုပ်ပိုး

ခြင်း(CMP)ပြုလုပ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ပြန်ပို့ခြင်းဖြင့် စတင်ခဲ့သည်။ နောက်ပိုင်းတွင် စန္ဒာမင်းလတ်ကိုယ်တိုင် ဒီဇိုင်းများထုတ်လုပ်ပြီး ကိုယ်ပိုင်ဈေးကွက်ရှာကာ တင်ပို့ရောင်းချသည်။ ဒေါ်တင်တင်ဝင်းက တူမကြီးကို အားကိုးသည်။ နိုင်ငံခြား အတွေ့အကြုံရှိသည့်အလျောက် စွန့်ဦးတီထွင်စိတ်လည်းရှိသော တူမကြီး စန္ဒာမင်းလတ်ကို လေးစားမှုလည်း ရှိသည်။

"အန်တီဝင်း - သမီးစိတ်ကူးတစ်ခုရနေတယ်. . . ရန်ကုန်မှာ ရိုးရာအထည်ဆိုင်ကောင်းကောင်းတစ်ခုဖွင့်မလားလို့. . . နိုင်ငံခြားဈေးကွက်ပါတင်နိုင်ရင် အလုပ်ဖြစ်မယ်. . . သူတို့က လက်လုပ်အထည် (handmade) တွေကို သိပ်တန်ဖိုးထားတာ. . . ဗမာချည်ထည်၊ ကချင်ဂျပ်ခုပ်၊ အင်းလေးထည်၊ ချင်းထည် စတာတွေဆိုရင် အလုပ်ဖြစ်မယ်ထင်တယ်"

တစ်ရက်မှာ စန္ဒာမင်းလတ်က ဒေါ်တင်တင်ဝင်းကိုတင်ပြခဲ့ဖူးသည်။ ထိုမှစ၍ ရန်ကုန်တွင် ရိုးရာ အထည်ဆိုင်ကြီးနှစ်ဆိုင် ထွက်ပေါ်လာပြီး နိုင်ငံခြားပို့သောအထည်များတွင် လက်လုပ်အထည် (handmade) အထည်များ ပါဝင်လာသည်။ ထို့အတွက် အထည်များကို မြန်မာတစ်နိုင်ငံလုံးရှိ ရိုးရာထည်များရှိရာသို့ လူများလွှတ်ကာ အဝယ်တော်များ ခန့်ထားစေသည်။ အလုပ်များလာသည့်အတွက် တူမနှင့်အဒေါ်တို့ အလုပ်ခွဲရတော့သည်။ စန္ဒာမင်းလတ်က စက်ရုံပိုင်းကို အဓိကကိုင်တွယ်ပြီး ဒေါ်တင်တင်ဝင်းက ရိုးရာအထည်ကိစ္စများကို တာဝန်ယူလိုက်သည်။ ထို့ကြောင့် စန္ဒာမင်းလတ်သည် ရိုးရာအထည်များနှင့်ပတ်သက်၍ နီးနီးစပ်စပ်ထိတွေ့ခွင့်မရဘဲရှိခဲ့သည်။ ယခု အဖွားကြီး ဒေါ်တင်တင်ဝင်း နေမကောင်းမှ လုပ်ငန်းနှစ်ခုလုံးကို တာဝန်ယူရသည်။ ရိုးရာအထည်များနှင့် သေချာထိတွေ့ခွင့်ရသည်။ သို့နှင့် စိတ်ကူးစိတ်သန်းအသစ်တွေ ပေါ်ပေါက်လာသည်။

ဒီနေ့ဆိုလျှင် မနက်ပိုင်းတစ်ခုလုံး အထည်ဆိုင်နှစ်ဆိုင်တွင် အချိန်ဖြုန်းခဲ့သည်။ အင်းလေးထည်များကို လေ့လာသည်။ အင်းလေးထည်များနှင့်ပတ်သက်၍ သိသင့်သိထိုက်စရာ အများကြီးရှိနေသေးကြောင်းကိုလည်း စန္ဒာမင်းလတ်သဘောပေါက်လာသည်။ ထို့ကြောင့် အထည်နမူနာကက်တလောက်ဓာတ်ပုံများကို စကင်ဖတ်ကာ သူမ၏ လက်ပ်တော့ကွန်ပျူတာထဲတွင် သိမ်းထားလိုက်သည်။ ညဘက်တွင် သေချာစစ်ဆေးရင်း စိတ်ပါလာကာ ဒီဇိုင်းတွေပုံဖော်နေခြင်းဖြစ်သည်။ မနက်တစ်နာရီထိုးမှ အိပ်ရာပေါ်ကျောဆန့်လိုက်ခြင်းဖြစ်သည်။

ခရီးသွားရန်ပစ္စည်းများကို စန္ဒာမင်းလတ်စစ်ဆေးလိုက်သည်။ အလွန်ဆုံး နှစ်ရက်၊ သုံးရက်သာကြာမည်။ အဝတ်အစား သေတ္တာအသေးတစ်လုံးဆို ရပြီ။ ကွန်ပျူတာ လက်ပ်တော့ပါမည်။ LED ဓာတ်မီးပါမည်။ လက်ကိုင်ဖုန်းချာဂျာ (အားသွင်းကြိုး)၊ လက်ပ်တော့ ချာဂျာ (အားသွင်းကြိုး) များပါမည်။ အီးခေတ်ရောက်လာတော့လည်း တစ်မျိုး စိတ်ညစ်ရသည်။ အီးဆိုသော အီလက်ထရောနစ်ပစ္စည်းတွေကို သွားလေရာသယ်ရတာလည်း ဝန်တစ်မျိုးဖြစ်လာသည်။ မရှိလျှင် မနေ တတ်သော ကိုယ်ပိုင်သုံးအီးပစ္စည်းများ၏ ဒုက္ခပါတကား။ အဲ - ရှိသေးသည်။ အမွေးထည်သတိရဖို့လိုသည်။ ရန်ကုန်ဆောင်းက ဘာမှမဟုတ်။ ဂျင်းဘောင်းဘီ၊ တီရှပ်နှင့် စန္ဒာမင်းလတ်နေနိုင်သည်။ တောင်ကြီး၊ အင်းလေးက အလွန်အေးသည်တဲ့။ ဒီကိစ္စသွားနောက်၍မရ။ အန်တီဝင်းလို တိုက်ဖိုက်ဝင်သွားလျှင်မခက်လော။

"I am sailing ..."

ပြောရင်းဆိုရင်း ဖုန်းသီချင်းမြည်လာသည်။

"ဟဲလို"

"ဟုတ်ကဲ့ ကျွန်မပါ"

"ဟုတ်ကဲ့ ဒေါ်ခင်မြင့်ပြောပါ"

"မစန္ဒာအတွက် လေယာဉ်လက်မှတ်ဖြင်ပြီးပြီ. . . မနက် ၁၀ နာရီထွက်မယ်. . . ဟဲဟိုးလေဆိပ်ကို ၁၀း၄၅ မှာရောက်မယ်. . .

ကျွန်မ ဦးအယ်လ်ကျော်ဆီ ဖုန်းဆက်ထားပြီးပါပြီ. . . သူ့ဆီကလူတွေ မစန္ဒာကို လာကြိုလိမ့်မယ်"

"ဟင် - သူကိုယ်တိုင်လာမကြိုဘူးလား. . . ကျွန်မက သူ့လူတွေကို ဘယ်လိုသိမှာလဲ. . . သူ့ကိုပဲ ကျွန်မသိတာလေ. . . ဘာလဲ . . . ရုပ်ရှင်တွေထဲကလို ကျွန်မဓာတ်ပုံပေးထားပြီး ရှာကြမှာလား . . . ဒါမှမဟုတ် နိုင်ငံခြားသွားတုန်းကလို ကျွန်မနာမည်ရေးထားတဲ့ ဆိုင်းဘုတ်ကြီး ထောင်ထားမှာလား"

"မဟုတ်ပါဘူး မစန္ဒာ. . . သူတို့က မစန္ဒာကိုသိကြပါတယ်တဲ့ . . . မစန္ဒာရဲ့ လက်ကိုင်ဖုန်းနံပါတ်လည်း သူတို့ဆီမှာရှိပါတယ်. . . သူတို့ကြိုဖို့ အားလုံးလုပ်ထားပါတယ်တဲ့. . . ဘာမှစိတ်မပူပါနဲ့တဲ့. . . သူတို့ ဧည့်ဝတ်မကျေမှာကိုလည်း သိပ်ကြောက်တတ်ပါတယ်တဲ့"

"အိုးခေ. . ကျွန်မသဘောပေါက်ပြီ. . . ဒီလောက် သေချာနေပြီဆိုရင် ဘာမှပြောစရာမရှိပါဘူး. . . ကျွန်မ ဒရိုင်ဘာလွှတ်လိုက်မယ်. . . ဦးအယ်လ်ကျော်တို့ကို ဆက်သွယ်နိုင်တဲ့ဖုန်းနံပါတ်တွေ၊ Adress တွေအားလုံးပါ လိုလိုမယ်မယ်ထည့်ပေးလိုက်ပါ"

လိုအပ်တာတွေကို ထောင့်စေ့အောင်ပြင်ဆင်ရမည်။ အန်တီဝင်းပြောသလို တစ်ခုခုတော့ဖြစ်နေသည်မှာ သေချာသည်။ ယခုခရီးစဉ်အတွက် စန္ဒာမင်းလတ်စိတ်ထဲမှာ မရှင်းမလင်းခံစားနေရသည်။ လုပ်ငန်းခွင်ထဲရောက်သောအခါမှ သူမ နောင်တရနေတာရှိသည်။ တက္ကသိုလ်တက်စဉ်က သူငယ်ချင်းတွေအများကြီးမရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရည်ချောမောပြေပြစ်ပြီး အသားအရည် ခပ်လတ်လတ်နှင့် စတိုင်မိ၍ ဖက်ရှင်ကျသော စန္ဒာမင်းလတ်ကို ကျောင်းသားများက သဘောကျကြသည်။ ခိုက်ကြသည်။ လိုက်ကြသည်။ သို့သော် စန္ဒာမင်းလတ်နေပုံက သီးသန့်ဆန်သည်။ အထီးကျန်ဟန်ပေါက်သည်။ မတတ်နိုင်။ ကိုယ့်အရေးနှင့်ကိုယ်။ ကိုယ့်အတွေးနှင့်ကိုယ်။ တိုးတိုး

ဖော်တစ်ယောက်တော့လိုချင်ခဲ့သည်။ သူငယ်ချင်းကောင်းတစ်ယောက်လည်း ရချင်သည်။ မရခဲ့။ သာမန်ရယ်ပြုံးခွန်းတုံ့ရုံသာ။ တစ်ခန်းတည်းနေပြီး အမည်မသိ လူသာသိသောအခန်းဖော်များသာရှိခဲ့သည်။

"ဩော် - ငါ့နှယ်နော်"

ထိုလက်သုံးစကားကို အဖွားထံကရခဲ့သည်။ သူမ၏အားနည်းချက်များကို သူမသိပါသည်။ အရင်းအချာရှားပါးသောဘဝဖြစ်သည်။ သူမကိုယ်တိုင် အရင်းအချာစိတ်ထားနိုင်ဖို့ ကြိုးစားရမည်။ သူတစ်ပါးနှင့် မိတ်ဆွေဖြစ်လိုလျှင် သူမကိုယ်တိုင် မိတ်ဆွေစိတ်ထားရမည်ဖြစ်ကြောင်း လုပ်ငန်းခွင်ရောက်မှ တဖြည်းဖြည်း သဘောပေါက်လာသည်။ ယခု တောင်ကြီး၊ အင်းလေးခရီးစဉ်ကို တစ်ယောက်တည်းသွားမည်။ နိုင်ငံခြားခရီးစဉ်များကိုလည်း တစ်ယောက်တည်းသွားနေကျဖြစ်၍ သူမအတွက် မဆန်း။ သို့သော် ကျောင်းတုန်းက ခင်မင်ခဲ့သည့် သူငယ်ချင်းများရှိလျှင် ကောင်းလေစွ။

"အိုး"

စန္ဒာမင်းလတ် လေယာဉ်တံခါးပေါက်ကတစ်ဆင့် ပြင်ပသို့ ထွက်လိုက်သည်နှင့် ရှမ်းပြည်နယ်ဆောင်းက ဖဲဟိုးလေဆိပ်တွင် အေးစိမ့်စိမ့်ကြီးထိုင်စောင့်နေလေပြီ။

"အတော်အေးတယ်နော်"

သူမနှင့်အတူ ခုံချင်းကပ်၍လေယာဉ်စီးရင်း အဖွဲ့ကျခဲ့သော တောင်ကြီးမြို့နယ် စာရင်းစစ်အရာရှိအမျိုးသမီးကို တိုးတိုးလေးပြောမိသည်။

"ဟုတ်တယ် ညီမရဲ့. . . ဒီနှစ်အတော်အေးတာ. . . တောင်ပေါ်ရောက်ရင် ပိုအေးဦးမယ်"

တောင်ပေါ်ဆိုတာ တောင်ကြီးကိုပြောတာဖြစ်ဟန်တူသည်။ လေဆိပ်ခန်းမဆီသို့ နှစ်ယောက်သား ခပ်သုတ်သုတ်လျှောက်လာကြသည်။ ခန်းမအဝင်တံခါးသို့အရောက်တွင် လူငယ်တစ်ဦး၊ လူလတ်ပိုင်းတစ်ဦးတို့ သူမဆီလျှောက်လာပြီး နှုတ်ဆက်သည်။

"အစ်မ - ဒေါ်စန္ဒာမင်းလတ် ဟုတ်ပါတယ်နော်"

လူငယ်က သူမကိုမေးလိုက်သည်။

"ဟုတ်ပါတယ်. . . ကျွန်မ စန္ဒာမင်းလတ်ပါ"

"ကျွန်တော်တို့ ဒေါ်စန္ဒာမင်းလတ်ကို လာကြိုတာပါ. . . အယ်လ်ကျော် ကြိုခိုင်းထားလို့ပါ"

လူလတ်ပိုင်းအရွယ်ရှိသူက ဆိုသည်။

စန္ဒာမင်းလတ် သဘောကျသလိုလိုတော့ရှိသွားသည်။ အလုပ်လုပ်ပုံက တိကျသေသပ်သည်။ သူမကို ဘယ်လိုလုပ်သိထားသလဲဆိုတာမျိုး မေးစရာမလိုတော့။ တစ်နည်းနည်းနှင့် သိထားကြမည်သာ။

"လာ ဒေါ်စန္ဒာမင်းလတ်. . . ဟိုဘက်မှာ ကျွန်တော်တို့ကားတွေရှိတယ်. . . ညီလေး - မင်းက ဒေါ်စန္ဒာမင်းလတ်ရဲ့လပ်ဂိတ် (Luggage)တွေ သွားထုတ်ယူလာခဲ့"

လေဆိပ်အဆောက်အဦလေးထဲမှာ နွေးထွေးသလိုရှိသည်။ လာကြိုသူနှစ်ဦးကလည်း နွေးထွေးစွာကြိုဆိုကြသည်။ ခရီးသွားဖော် စာရင်းစစ်အစ်မကြီးကိုသတိရပြီး ဘေးကိုလှည့်ကြည့်လိုက်တော့ အစ်မကြီးက ခပ်လှမ်းလှမ်းမှာသွားရပ်ရင်း ကြိုသူကိုစောင့်နေဟန်တူသည်။

"အစ်မကြီး. . . ကျွန်မနဲ့လိုက်ချင်ရင် လိုက်လို့ရတယ်"

စန္ဒာမင်းလတ်က လှမ်းခေါ်လိုက်သည်။

"ဟုတ်လား. . . ကားရောက်ပြီလား"

"ဟုတ် အစ်မကြီး. . . ဟိုမှာရပ်ထားတဲ့ကားနှစ်စီးလေ"

စန္ဒာမင်းလတ်ညွှန်ပြသော ကားများကိုကြည့်ရင်း စာရင်းစစ်အစ်မကြီးမျက်နှာတွင် ထူးခြားသည့်အမူအရာတစ်မျိုး ဖြတ်ပြေးသွားသည်။

"အို - ကျေးဇူးပဲ ညီမ. . . အစ်မလိုက်လို့ရမှာမဟုတ်ဘူး. . . မလိုက်တော့ပါဘူး. . . ညီမက အရေးကြီးဧည့်သည်ပဲကိုး"

အစ်မကြီးပြောစကားကို စန္ဒာမင်းလတ်နားမလည်လိုက်။ ထို့ကြောင့် မေးခွန်းထုတ်လိုက်သည်။

"ဘာလဲ အစ်မရဲ့. . . အရေးကြီးဧည့်သည်ဆိုတာ ဘာကိုပြောတာလဲ"

"အဲဒီကားအနက်နှစ်စီးက ပြည်နယ်အစိုးရရဲ့ကားတွေလေ . . . အစိုးရဧည့်သည်တွေကိုပဲ အဲဒီကားတွေနဲ့ကြိုကြတယ် . . . ဒိုး - ကျေးဇူးပဲ ညီမ . . . ဟိုမှာ အစ်မအမျိုးသားလာနေပြီ . . . သွားမယ်နော် . . . တောင်ကြီးမှာ ပြန်ဆုံမယ် . . . ဒါနဲ့ ညီမနာမည်က . . . "

"စန္ဒာမင်းလတ်ပါ အစ်မ"

"အစ်မက နန်းခိုင်ဝင်းပါ"

သူတို့နှစ်ယောက် အခုမှ ကသောကမျော နာမည်တွေဖလှယ်မိကြသည်။

"ဒေါ်စန္ဒာမင်းလတ် . . . လပ်ဂိတ်(Luggage)တွေ တင်ပြီးပါပြီ . . . ပစ္စည်းတွေ စစ်ဆေးကြည့်ပါဦးဗျ"

လာကြိုသူလူငယ်က စန္ဒာမင်းလတ်ကို ရိုကျိုးစွာပြောလိုက်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ . . . ကဲ - အစ်မ . . . သွားပြီနော် . . . see you အစ်မ"

တာရင်းစစ်အစ်မလည်း သူ၏ခင်ပွန်းနှင့်ထွက်သွားလေပြီ။ အခုမှ ကားတွေကိုသတိထားမိသည်။ နှစ်စီးလုံး အသစ်စက်စက်အနက်ရောင်ကားများ။ မှန်များကို စတစ်ကာများကပ်ထားသည်။

"ကျွန်မပစ္စည်းက သိပ်မရှိပါဘူး . . . အိတ်တစ်လုံးတည်းပါ . . . ဒိုးခေ . . ပစ္စည်းစုံတယ်"

လူငယ်က ခေါင်းညိတ်ပြပြီး ကားနောက်ဖုံးထဲသို့ အိတ်ကို ထည့်လိုက်သည်။

"အစ်မ - ရှေ့ကကားမှာစီးရမယ် . . . လာ အစ်မ"

ပစ္စည်းသိမ်းနေသော လူငယ်အပြင် အခြားလူသုံးယောက်ကို တွေ့ရသည်။ သူတို့အထဲမှ ချစ်စရာအမျိုးသမီးငယ်တစ်ဦး ထွက်လာသည်။ စန္ဒာမင်းလတ် ရှေ့သို့ရောက်သောအခါ အသာအယာ

ဦးညွတ်၍ အပြုံးဖြင့်နှုတ်ဆက်သည်။ ပြီးနောက် စန္ဒာမင်းလတ်ကို ရှေ့ကား၏ နောက်ခန်းတွင် တစ်ယောက်တည်း နေရာယူစေသည်။ ရှေ့ခန်းတွင် လာကြိုသူ လူလတ်ပိုင်းနှင့် ကားမောင်းသူ။ သြော် - အမျိုးသမီးလေးက ကားမောင်းသူ။

ကားလေးနှစ်စီး လေယာဉ်ကွင်းမှထွက်ပြီ။ စန္ဒာမင်းလတ်အဖို့ ရှုခင်းအသစ်တွေနှင့် ငေးမောစရာအတိဖြစ်ခဲ့သည်။ လမ်းဘေးတစ်ဖက် တစ်ချက်ငေးရင်း ကားလေးက တုန့်ခနဲရပ်သွားသည်။ ရှေ့မှာ ကန့်လန့်ဖြတ်ကတ္တရာလမ်းကြီးတစ်ခု။

"ဦးလေး အဲဒါဘာလမ်းလဲ"

"ကျွန်တော်တို့ အခုမှလေယာဉ်ကွင်းအထွက်လမ်းဆုံကို ရောက်တာ. . . ရှေ့ကလမ်းက အောင်ပန်း-တောင်ကြီးလမ်းလေ. . . အဲဒီလမ်းကနေ တောင်ပေါ်တက်မှာ"

"သြော်"

စန္ဒာမင်းလတ်အဖို့ စိတ်ဝင်စားစရာကောင်းလာသည်။ လူလတ်ပိုင်းဦးလေး၏ စကားသံဝဲဝဲကလည်း နားထောင်လို့ကောင်းသည်။

"ဦးလေးက အယ်လ်ကျော်တို့လိုပဲ အင်းသားလား"

"မဟုတ်ဘူးဗျ. . . ကျွန်တော်က ဓနုပါ. . . ပင်းတယဘက်ကပါ"

"သြော် - ဟုတ်ကဲ့ ဟုတ်ကဲ့. . . ပင်းတယကို ကြားဖူးတယ် . . . မရောက်ဖူးသေးဘူး. . . နောက်မှ ကျွန်မလာလည်ဦးမယ်. . . အရမ်းစိတ်ဝင်စားစရာကောင်းမှာပဲ. . . ဟို - သဘာဝလှိုဏ်ဂူကြီး တစ်ခုရှိတယ်နော်"

"ဟုတ်တယ်ဗျ. . . ရွှေဥမင် သဘာဝလှိုဏ်ဂူလို့ခေါ်တယ်ဗျ . . . မစန္ဒာမင်းလတ်ရဲ့ခရီးစဉ်က ပင်းတယဘက်လည်း ပါနိုင်ပါတယ် . . . ဒီမှာ အစိုးရဧည့်သည်တော်တွေမှန်သမျှ ပင်းတယဘုရားဖူး လိုက်ပို့ပေးတယ်"

"ရှင် ရှင်. . . ဘယ်လို ဘယ်လိုအစိုးရ ညွှန်သည်တော်လဲ . . . ကျွန်မက အစိုးရနဲ့ ဘာမှမပတ်သက်ပါဘူး. . . အခု လာတာ ကျွန်မစီးပွားရေးကိစ္စပါ"

စန္ဒာမင်းလတ်က အထိတ်တလန့်ပြောလိုက်မိသည်။

"အဲဒါတော့ ကျွန်တော်တို့မသိပါဘူးဗျ. . . ကျွန်တော်တို့ ဝန်ကြီးချုပ်နဲ့ ဆရာအယ်လ်ကျော်တို့က တာဝန်ပေးလိုက်လို့ လာကြိုတာပါ"

လူလတ်ပိုင်းဦးလေးက ရှင်းပြသည်။

"ရှင်တို့ပြောတဲ့ ဆရာအယ်လ်ကျော်က နိုင်ငံရေးသမားလို့ ကျွန်မမသိပါဘူး. . . သူက စီးပွားရေးသမားသက်သက်ပဲ"

စန္ဒာမင်းလတ်က ချိန်ချိန်ဆဆပြောလိုက်သည်။ ကိုအယ်လ်ကျော်သည် ဝန်ကြီးချုပ်နှင့်ရင်းနှီးသည်ထားဦး။ ယခုကဲ့သို့ သူမကို ကြိုဆိုပုံသည် သိပ်ကြီးကျယ်နေပြီ။ ဒါကို သူမသိပ်သဘောမကျ။ သူမအဖို့တော့ သာမန်ခရီးစဉ်ဖြစ်သည်။ စီးပွားရေးကိစ္စတွင် ငွေကြေးပမာဏအသင့်အတင့်များပြားသော်လည်း ဝန်ကြီးချုပ်ပါဝင်ပတ်သက်ရလောက်အောင် လုပ်ငန်းကြီးတစ်ခု မဟုတ်။ တစ်ခုခုတော့ မှားနေသည်။ သို့မဟုတ် တစ်ခုခုတော့ စိတ်ဝင်စားစရာကောင်းနေသည်။ အနွေးထည်ထူထူဝတ်ထားသည့်ကြားမှ စိမ့်ခနဲတစ်ချက်အေးသွားသည်။ ရှမ်းပြည်ဆောင်းက ချမ်းလွန်း၍လား။ သူမစိတ်ထဲ ကြောက်သွား၍လား ဒါတော့ မပြောတတ်။ အချိန်က မနက်(၁၁)နာရီကျော်ပြီ။ နေပူတာသပ်သပ်၊ အေးတာသပ်သပ်။ တောင်ပေါ်သို့စတက်ပြီ။ ဖြတ်လာခဲ့သောမြို့ကလေးတစ်မြို့ကိုပင် အာရုံမထားခဲ့မိ။ ကွေ့ကောက်နေသောတောင်ပေါ်လမ်း၏ အဆုံးတွင် ပဟေဠိတွေစောင့်နေမှာ သေချာသည်။

သီးသန့်ညှော်ရိပ်သာတစ်ခုဖြစ်နိုင်သည်။ ချစ်စရာအမျိုးသမီးငယ်လေးစီစဉ်ပေးသော နေ့လယ်စာကိုစားပြီး ဒေါ်ခင်မြင့်ထံဖုန်းဆက်သည်။ အားလုံးအဆင်ပြေသည်ပေါ့။ လူလတ်ပိုင်းဦးလေးနာမည်က ဦးသောင်းလှိုင်ဖြစ်သည်။ ချစ်စရာကောင်မလေးနဲ့လည်း အဖွဲ့ကျနေပြီ။ စန္ဒာမင်းလတ်လည်း ပြန်ပြီးလန်းဆန်းလာသည်။ ခေတ္တအနားယူမည်။ ပြီးလျှင် မြို့ထဲလျှောက်လည်မည်။ ညနေစာကို ဆရာအယ်လ်ကျော်နှင့်အတူစားကာ လုပ်ငန်းကိစ္စဆွေးနွေးမည်။ ကိစ္စအောင်မြင်လျှင် သူမ၏ကုမ္ပဏီရှေ့နေကို လှမ်းခေါ်မည်။ စာချုပ်အသစ်ချုပ်မည်။ ပြီးလျှင် အင်းလေးကို တစ်ရက်လည်မည်။ နောက်တစ်ရက် ရန်ကုန်ပြန်မည်။

သို့သော် သည်လောက်မလွယ်ကူဟု စန္ဒာမင်းလတ်တွေးမိပြန်သည်။ ဝန်ကြီးချုပ်ဆိုသူ၏ကိစ္စဖြစ်သည်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကို သူမ သိလည်းမသိ။ ဘယ်လိုမှဆက်စပ်၍မရ။ သူမကို ဤကဲ့သို့အခင်းအကျင်းနှင့် ဆက်ဆံထားခြင်းက ဝန်ကြီးချုပ်ဆိုသူသည် တစ်ခုခုလုပ်စရာရှိပုံပေါ်သည်။ ခဏမေ့ထားလိုက်မည်။ ကြုံလာမှသာ အဖြေရှာဖို့ရှိတော့သည်။

"ဟဲလို - ဆရာအယ်လ်ကျော်. . . ကျွန်မဖြင့် တွေ့မှတွေ့ရပါ့မလားလို့"

တောင်ကြီးအဆင့်မြင့် ဟိုတယ်တစ်လုံး၏ သီးသန့်ခန်းအဝင်တွင် အနောက်တိုင်းဝတ်စုံနှင့် ရပ်နေသော အယ်လ်ကျော်ကို စန္ဒာမင်းလတ်က ဆောက်နှင့်ထွင်း၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် မစန္ဒာရေ. . . ကျွန်တော်လည်း အလုပ်တွေများနေလို့ပါ. . . ကျွန်တော့်ဘက် အတော်ပျက်ကွက်နေတယ်. . . ဒါနဲ့ အန်တီဝင်း ကျန်းမာရေးရော တိုးတက်ရဲ့လား"

အယ်လ်ကျော်က ပါးပါးနပ်နပ်တုန့်ပြန်ပါသည်။

"ဟုတ်ကဲ့. . . ရှင်တို့ရန်ကုန်ဆင်းလာမယ်ဆိုလို့ စောင့်ရင်းစောင့်ရင်း တိုက်ဖိုက်ဝင်သွားတာပဲ. . . အခုတော့ သက်သာပါတယ်. . . ဒါပေမဲ့ ငပလီလိုနေရာမျိုးမှာ သွားအနားယူရမယ်လို့ ဆရာဝန်တွေက ညွှန်ကြားထားတယ်တဲ့. . . အဲဒီတော့ ရှင်နဲ့အန်တီဝင်းကိုစွမှာ ကျွန်မပါလာရတာပေါ့"

"ဪ - ဟိုလေ. . . ဟုတ်ကဲ့ မစန္ဒာ. . . ကျွန်တော်ဘယ်လိုစပြောရမလဲ. . . ထိုင်ပါဦး ထိုင်ပါဦး. . . လာ လာ ဦးသောင်းလှိုင်ရောထိုင်ပါ. . . ဘာသောက်မလဲ မစန္ဒာမင်းလတ်. . . ဝိုင်သောက်ကြမလား"

"ဝိုင်နီ သောက်ကြည့်ပါလား မမရဲ့. . . အေးသာယာ စက်မှုဇုံက ဂျာမန်နည်းပညာနဲ့ ထုတ်ထားတာ. . . နိုင်ငံခြားကို ပြန်ပို့နေတာလေ. . . သိပ်ကောင်းတယ်"

ချစ်စရာကောင်မလေးက အခန်းထဲဝင်လာရင်း အညွှန်းကောင်းကောင်းနှင့် ဆွဲဆောင်လိုက်သည်။ ကောင်မလေးသည် ကားမောင်းသူ သက်သက်မဟုတ်။ နေ့ခင်းတစ်ခုလုံး ကောင်မလေးနှင့်အတူ သွားလာရင်း တစ်ယောက်အကြောင်း တစ်ယောက်ပြောကြသည်။ ခင်မင်နှစ်လိုဖွယ်ကောင်းသည့် ကောင်မလေး။ နှစ်ယောက်သား ကားနှင့် လျှောက်သွားကြသည်ဆိုသော်လည်း ဦးလေးသောင်းလှိုင်က တကောက်ကောက် လိုက်နေသည်။ သူ၏တာဝန်ဟုလည်း ဆိုသည်။ ပထမတော့ စန္ဒာမင်းလတ် နားမလည်။ နောက်မှစကားပြောရင်း သဘောပေါက်လာသည်။ ကောင်မလေးနာမည်က ခိုင်သင်းကျော်။ ယခုအသစ်တက်လာသော ဝန်ကြီးချုပ်၏ တစ်ဦးတည်းသောညီမ။ အင်းသားလူမျိုး။ စီးပွားရေးနှင့်ကျောင်းပြီးသည်။ စန္ဒာမင်းလတ်အကြောင်းကို အယ်လ်ကျော့ထံမှ ကြားသိရပြီး အလွန်စိတ်ဝင်စားကာ လေးစားနေသည်။ ထို့ကြောင့် စန္ဒာမင်းလတ်လာလျှင် သူကိုယ်တိုင် ဧည့်ဝတ်ကျေလိုသည်က တစ်ပိုင်း၊ စီးပွားရေး ကိ န်းများအကြောင်း သိလိုသည်က တစ်ပိုင်းကြောင့် ယခုဇာတ်လမ်းတွ ပါဝင်လာခြင်းဖြစ်သည်။ ဦးသောင်းလှိုင်ကတော့ ဝန်ကြီးချုပ်တို့မောင်နှမ၏ ငယ်စဉ်ကတည်းက အထိန်းတော်ကြီး ဖြစ်သည်။

ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် အသက်(၃၆)နှစ်သာရှိသေးသော အင်းသားလူမျိုး ဝန်ကြီးချုပ်ဖြစ်လာသည်။ အင်းပေါခုံ၊ သာလေးစသည့်ရွာများတွင် မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခဲ့သော လက်ယက်ကန်းများစွာရှိသည်။ ဝန်ကြီးချုပ်ကလေးသည် အင်းပေါခုံရွာမှဖြစ်ပြီး လက်ယက်ကန်းပိုင်ရှင် မျိုးရိုးဖြစ်သည်။ ခေတ်အဆက်ဆက် အင်းလေးထွက်ရိုးရာအထည်များသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ကျော်ကြားလှသည်။ အင်းသားများ၏ အဓိကစီးပွားရေးလုပ်ငန်းထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် အင်းသားစစ်စစ်တစ်ယောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာချိန်

တွင် အင်းလေးရိုးရာထည်များ၏ အခန်းကဏ္ဍကို မြှင့်တင်လိုသော ကြောင့် အမိကအဝယ်ဖိုင်ချုပ်ဖြစ်သူ အယ်လ်ကျော်မှတစ်ဆင့် စန္ဒာ မင်းလတ်နှင့်တွေ့ဆုံရန် ဖြစ်လာခြင်းဖြစ်သည်။ အမှန်တကယ်တွေ့လို သည်မှာ ရွှေနန်းစဉ်ကုမ္ပဏီအကြီးအကဲ ဒေါ်တင်တင်ဝင်းနှင့်ဖြစ်သော် လည်း အခြေအနေကြောင့် စန္ဒာမင်းလတ်နှင့်တွေ့ဆုံရန် ဖြစ်သွားလေ သည်။ စန္ဒာမင်းလတ်လာမည်ဆိုစဉ်က အယ်လ်ကျော်ထံတွင် စန္ဒာမင်းလတ် နှင့်ပတ်သက်သော အချက်အလက်များကို စုံစမ်းပြီး ညီမဖြစ်သူ ခိုင်သင်းကျော်အားပြောပြခဲ့ရာ ခိုင်သင်းကျော်ကိုယ်တိုင်ပင် စန္ဒာမင်းလတ် နှင့် တွေ့ဆုံရင်းနှီးလိုစိတ် ပေါ်ပေါက်ကာ ယခုလိုဖြစ်လာခဲ့သည်။

"မမ - သိပ်စဉ်းစားမနေနဲ့. . . ကိုအယ်လ်ကျော် - ခိုင်သင်းက ဝိုင်နီ သောက်မယ်. . . မမလည်း သောက်လိမ့်မယ်. . . ဟုတ်တယ်နော် မမ"

ခိုင်သင်းကျော်က အပိုင်ချိူ၍ပြောလိုက်သည်။

"ဟုတ်တာပေါ့. . . ငါ့ညီမက ဒီလောက်ညွှန်းနေတော့ သောက် ကြည့်တာပေါ့"

အယ်လ်ကျော်က ပြုံးလိုက်သည်။ ပြီးမှ

"တခြားဘာမှာမလဲ. . . ဟောဒီမှာ မီနူး ရှိတယ်"

ဟု ဆက်ပြောလိုက်သည်။

"ကဲ - ညီမလေးပဲ စီစဉ်လိုက်ပါကွာ"

စန္ဒာမင်းလတ်က ခိုင်သင်းကျော်ဘက်လှည့်ကာ တာဝန်ဆက် ပေးလိုက်သည်။

"ရက်စ် မမ"

နောက်တောက်တောက်လေသံဖြင့် ခိုင်သင်းကျော်ကပြောရင်း မီနူးကို လှန်လိုက်သည်။

"အဲဒါပါပဲ မစန္ဒာရယ်. . . ဝန်ကြီးချုပ်က သူကိုယ်တိုင်တွေ့ချင်ပေမယ့် အချိန်မအားသေးလို့ တောင်းပန်ခိုင်းလိုက်ပါတယ် . . . ကျွန်တော်တို့ဝန်ကြီးချုပ်မှာ မိုးလင်းမိုးချုပ် ပြည်နယ်ဖွံ့ဖြိုးရေး အလုပ်တွေနဲ့ နပမ်းလုံးနေရလို့ နားရတယ်ကိုမရှိပါဘူး မစန္ဒာရယ်. . . အဲဒါကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေတဲ့အချိန်မှာ တွေ့ချင်ပါတယ်လို့လည်း ပြောခိုင်းလိုက်ပါတယ် . . . ဒီမှာရောက်ခိုက် လိုအပ်တာမှန်သမျှ သူကူညီပါမယ်တဲ့. . . ညီမ ခိုင်သင်းကျော်ရယ်၊ ကျွန်တော်ရယ်၊ ဦးလေးသောင်းလှိုင်ရယ်ကို လိုအပ်တာ အကုန်ပြောပါတဲ့"

ညစာစားပွဲတုန်းက အယ် ကျော်ပြောခဲ့သော စကားများကို စန္ဒာမင်းလတ် သေချာစဉ်းစားနေသည်။ ယခု သူမတည်းခိုနေသောနေရာသည် ဧည့်ရိပ်သာမဟုတ်။ ဝန်ကြီးချုပ်တို့မောင်နှမပိုင်သောအိမ်ဖြစ်သည်။ သူမသည် အစိုးရဧည့်သည်လည်း မဟုတ်ပေ။ ဝန်ကြီးချုပ်၏ ပုဂ္ဂိုလ်ရေးဧည့်သည်ဟု အယ်လ်ကျော်ကဆိုသည်။ အထူးသဖြင့် သူ၏ဇာတိ အင်းလေးဒေသနှင့် စီးပွားဖက်ဖြစ်နေသောကြောင့်ဟု ဆိုသည်။ သို့သော် စီးပွားရေးအရညှိနှိုင်းမှုကိုတော့ သူကိုယ်တိုင်မလုပ်ဘဲ အယ်လ်ကျော်နှင့်သာ လုပ်နိုင်းသည်။

အိပ်ခန်းတွင်းမှ မီးကိုပြန်ဖွင့်ကာ စန္ဒာမင်းလတ် စဉ်းစားခန်းဝင်မိသည်။ ညစာစားစဉ်က ဆွေးနွေးပွဲတွင် အယ်လ်ကျော်ပြောခဲ့သော စကားလုံးများသည် သံတမန်ဆန်သော်လည်း အဓိပ္ပာယ်ကတော့ရှင်းနေသည်။ ဝန်ကြီးချုပ်သည် အင်းသားဖြစ်သည်။ အယ်လ်ကျော်သည် အင်းသားဖြစ်သည်။ အင်းဒေသတွင် ဘိုးစဉ်ဘောင်ဆက် ထုတ်ကုန်

ဖြစ်သော ရိုးရာအဝတ်အထည်များကို ခေတ်အခြေအနေအရ အမြတ်များများရလိုသည်။ စန္ဒာမင်းလတ်တိုးပေးသော ၁၀%ဖြင့် မလုံလောက်။ ပစ္စည်းကို နှစ်ဆတိုးထုတ်ပေးရ မည်ဆိုလျှင် ၁၀၀%အထိ တိုးပေးရမည်။ ယခင် ယောကျ်ားဝတ်အကျီ တစ်ထည် ၄၀၀ဝိ/-ကို ယခု ၈၀၀ဝိ/-တိုးပေးမှ ရောင်းနိုင်မည်ဆိုသည့် အဓိပ္ပာယ်။ ဒါက ဘယ်လိုမှမဖြစ်နိုင်ဟု စန္ဒာမင်းလတ်ထင်သည်။ သူမ၏သဘောနှင့် လုပ်ခွင့်မရှိ။ ဒေါ်တင်တင်ဝင်းဆီ ဖုန်းဆက်တော့လည်း အဖွားကြီးက ခရီးထွက်သွားပြီ။ အပန်းဖြေနေပြီ။ ဖုန်းပိတ်ထားလိုက်ပြီ။ စန္ဒာမင်းလတ်အတွက်တော့ စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်။ စာချုပ်သက်တမ်းကလည်း မနက်ဖြန်ဆိုပြည့်မည်။ မနက်ဖြန်မှာ စာချုပ်ချုပ်နိုင်လျှင်လည်း သိပ်မဆိုးသေး။ ပုံမှန်အားဖြင့် စာချုပ်သက်တမ်းမစေ့မီ တစ်လအလိုတွင် ချုပ်ပေးလေ့ရှိသော်လည်း သူတို့ဘက်မှပျက်ကွက်ခဲ့၍ ဒီအခြေအနေအထိ ရောက်လာခြင်းဖြစ်သည်။ စန္ဒာမင်းလတ်က သူမတွင်အပြစ်မရှိဟု ယုံကြည်နေသည်။ သို့သော် လုပ်ငန်းကိုတော့ အောင်မြင်ချင်သည်။ အန်တီဝင်း မလုပ်နိုင်တာကိုလည်း လုပ်ပြချင်သည်။

"အိုးခေ. . . မနက်ဖြန်မှာ ထပ်ဆွေးနွေးမယ်. . . အလျှော့အတင်းတော့ရှိမှာပဲ. . . အခုတော့ ဒေါ်ခင်မြင့်ဆီဖုန်းဆက်ပြီး အန်တီဝင်းနဲ့ အဆက်အသွယ်ရအောင် ပြန်လုပ်ရမယ်"

စဉ်းစားခန်းကို ချက်ချင်းဖြတ်ပြီး လက်ကိုင်ဖုန်းကိုယူကာ ဒေါ်ခင်မြင့်ဆီသို့ဆက်လိုက်သည်။

"ဟယ်လို မစန္ဒာလား. . . ကျွန်မလည်း စိတ်ပူလို့ဖုန်းစောင့်နေတာ"

"ဟုတ်တယ် ဒေါ်ခင်မြင့်. . . အန်တီဝင်းနဲ့ကျွန်မ အမြန်ဆုံးအဆက်အသွယ်လိုချင်တယ်. . . ဒီမှာ ဆုံးဖြတ်ရခက်တဲ့အခြေအနေတွေဖြစ်နေတယ်"

"အဲဒါကို ကျွန်မစိတ်ပူနေတာပဲ. . . ကျွန်မလည်း ဘော့စ်ရဲ့ ဖုန်းကိုဆက်နေတာ မရဘူး. . . သူက ဖုန်းပိတ်ထားမယ်ဆိုတာပြော သွားတယ်. . . သူလုံးဝအနားယူရမယ်လို့ ဆရာဝန်ကပြောထားလို့တဲ့"

"အခု အန်တီဝင်း သွားအနားယူတာ ပေလီမှာမဟုတ်လား"

"အဲဒါကြောင့် ကျွန်မစိတ်ပူနေတာပဲ မစန္ဒာ. . . နောက်က အလုပ်တွေ လိုက်လာမှာစိုးလို့ သူ့ဆရာဝန်က နေရာအတိအကျ ပြောမသွားဘူး. . . ချောင်းသာနဲ့ပေလီ တစ်ခုခုပေါ့လို့ပဲ ပြောသွားတယ်"

"သေပြီ ဒေါ်ခင်မြင့်ရေ. . . ဒီအတိုင်းဆိုရင်တော့ခက်ပြီ . . . ဒီမှာ သူတို့က ဈေးကို ၁၀၀%အပြည့်တိုးပေးရမယ်လို့တောင်း နေတာ. . . ဒေါ်ခင်မြင့် တစ်ခုစီစဉ်ထားပေး. . . မနက် ၁၀ နာရီ လောက် ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေးခေါ်ထားပေး. . . ပြီး တော့ အခုကျွန်မပြောတဲ့အတိုင်း အခြေအနေတွေတင်ပြထား. . . သူတို့ အစည်းအဝေးစချိန်မှာ ကျွန်မ ဖုန်းနဲ့ပြောမယ်. . . လောလောဆယ် အန်တီဝင်းမရှိရင်တောင် တစ်ခုခုလုပ်လို့ရမယ်ထင်တယ်"

တစ်ဆက်တည်းမှာပင် စန္ဒာမင်းလတ်က ညွှန်ကြားချက်တွေ ပေးလိုက်သည်။ တကယ်မှာ ဒေါ်ခင်မြင့်က အသေးစိတ်မှတ်ပြီး ဆောင် ရွက်သွားမည်ဖြစ်သည်။ အလွန်အတွေ့အကြုံများသော ဒေါ်ခင်မြင့် ဖြစ်ပါသည်။

"စိတ်ချပါ မစန္ဒာ. . . အခုလည်း ကျွန်မလက်မလျှော့သေးဘူး . . . ပေလီနဲ့ချောင်းသာက ဟိုတယ်တွေဆီ ဘော့စ်နာမည်နဲ့ စာရင်းဝင် ထားတာရှိ၊ မရှိ ကျွန်မဆက်လိုက်ထားတယ်. . . ဆရာဝန်က ဟိုတယ် ဖုန်းတွေအထိ လိုက်ပိတ်ထားရင်တော့ ကျွန်မလည်းမသိတော့ဘူး. . . မစန္ဒာမှာထားတဲ့ကိစ္စတွေ ကျွန်မအားလုံးအဆင်သင့်ဖြစ်စေရမယ်"

စန္ဒာမင်းလတ် ဖုန်းချလိုက်သည်။ အပြင်မှာ အတော်အေးနေ ပုံရသည်။ မှန်ပြတင်းမှ ညသန်းခေါင်မြင်ကွင်းတွေကို ကြည့်မိသည်။

ကောင်းကင်ကကြည်လင်လို့။ ကြယ်တွေတောက်ပလို့။ အနွေးထည်ဇစ်ကို လည်ပင်းအထိဆွဲစေပြီး ပြတင်းပေါက်ဖွင့်ဖို့ပြင်လိုက်သည်။

"ဟင် - မမ မအိပ်သေးဘူးလား. . . အိုး - ပြတင်းပေါက်သွားမဖွင့်နဲ့မမ. . . အရမ်းအေးလိမ့်မယ်. . . အခု မမအေးနေမှာစိုးလို့ မီးဖိုလာပို့ဖို့ ခိုင်းထားတယ်"

ဆံပင်ကပိုကရိုနဲ့ ချစ်စရာခိုင်သင်းကျော်ဝင်လာတာဖြစ်သည်။ ခိုင်သင်းကျော်တစ်ရေးနိုးချိန်တွင် အရမ်းအေးနေသောကြောင့် စန္ဒာမင်းလတ်အတွက် မီးသွေးမီးဖိုတစ်ဖိုပို့ပေးရန် သတိရလာသဖြင့် ထလာခြင်းဖြစ်သည်။ စန္ဒာမင်းလတ်၏အခန်းထဲသို့ဝင်ခိုက် တံခါးဖွင့်ရန်ပြင်နေသော စန္ဒာမင်းလတ်ကိုတွေ့လိုက်ခြင်းဖြစ်သည်။ အင်းသံဝဲဝဲနှင့် ခိုင်သင်းကျော်၏အသံကြောင့် စန္ဒာမင်းလတ်လှည့်ကြည့်လိုက်သည်။

"အိုး - အဲလောက်တောင်အေးလားကွာ. . . မမနေရတာ အဆင်ပြေပါတယ်. . . ဒီအခန်းထဲမှာတော့ သိပ်မအေးသလိုပဲ. . . မမ ကောင်းကင်နဲ့ကြယ်တွေကို မှန်ကတစ်ဆင့်ကြည့်ရတာ အားမရလို့ တံခါးဖွင့်ရင်ကောင်းမလားဆိုပြီး စိတ်ကူးနေတာ"

စန္ဒာမင်းလတ်က အရယ်ကလေးစွက်ကာ ပြောလိုက်သည်။

"သိပ်မကြာခင် အေးလာတော့မယ်. . . ဒီအိမ်မှာ ဒီအခန်းက အအေးသက်သာဆုံးပဲ. . . ဒါပေမဲ့ တံခါးတော့သွားမဖွင့်ပါနဲ့ မမရယ် . . . အပြင်ကအအေးဓာတ်က အခန်းထဲဝင်လာရင် မမအိပ်လို့မရဘဲနေမယ်. . . ဪ ဪ - ဒေါ်လေး မမခုတင်အောက်ကိုထည့်ထားလိုက်"

မီးသွေးမီးဖိုအသေးလေးကိုင်၍ဝင်လာသော ထမင်းချက်အဒေါ်ကြီးကို ခိုင်သင်းကျော်က တစ်ဆက်တည်းပြောလိုက်သည်။

"မမအိပ်တော့လေ. . . မနက်ဖြန် သွားစရာတွေရှိသေးတယ် . . . စားစရာတွေလည်းရှိသေးတယ်. . . လာ မမ လာ"

ပြောပြောဆိုဆိုနဲ့ ခိုင်သင်းကျော်က စန္ဒာမင်းလတ်လက်ကို ဆွဲကာ ရှေးဟောင်းဒီဇိုင်းခပ်မြင့်မြင့်ခုတင်ဆီသို့ခေါ်သွားသည်။ ဟုတ်တော့ ဟုတ်သည်။ ခုတင်အောက်မီးဖိုငယ်ဆီမှ အနွေးဓာတ်က အတော်ဖိမ်ရှိသည်။ ခိုင်သင်းကျော်က စန္ဒာမင်းလတ်အိပ်ရာပေါ် သေချာလှဲစေပြီး ဖုန်ဟုခေါ်သော ဂွမ်းကပ်ထူထူကို အပေါ်ကခြုံပေးသည်။ အတော်အပြစ်ကင်းစင်သည့် ကောင်မလေး။ စန္ဒာမင်းလတ်ကို အတော်ခင်မင်လေးစားနေသည်။ စန္ဒာမင်းလတ်၏ နိုင်ငံတကာအတွေ့အကြုံများကို အားကျသည်။ အဖေ၊ အမေမရှိဘဲ ပညာရေးနှင့်စီးပွားရေးကို ရုန်းကန်ခဲ့ပုံများကို အားကျသည်။ ခိုင်သင်းကျော်တို့မောင်နှမတွင်လည်း အဖေ၊ အမေမရှိတော့။

သူတို့မိဘတွေက သူတို့တွေငယ်ရွယ်စဉ်မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

"ဘယ့်နှယ့်လဲ မမ. . . နွေးသွားပြီမဟုတ်လား"

ခိုင်သင်းကျော်က သူမ၏အစီအမံကို ဂုဏ်ယူနေပုံရသည်။

"ဟင်း ဟင်း - ဟုတ်တယ်. . . အတော်ဖိမ်ရှိတယ်. . . ဒါပေမဲ့ အိပ်တော့မအိပ်ချင်သေးဘူး"

စန္ဒာမင်းလတ်က သဘောခွေ့သံနှင့်ပြောလိုက်သည်။

"ဒါဆို မမဘာသောက်မလဲ. . . ဘာစားဦးမလဲ"

ခိုင်သင်းကျော်က စကားပြောင်းပေးသည်။

"နိုးပါ ညီမလေး. . . မမ ဒီအတိုင်းနေရတာ သဘောကျတယ် . . . ညီမလေးသွားအိပ်တော့လေ"

"မမလိုပဲ. . . နိုးပါ မမ. . . နိုးပါ"

"ဟင်း ဟင်း ဟင်း ဟင်း"

"ဟင်း ဟင်း ဟင်း"

နှစ်ယောက်သား ပြိုင်တူရယ်မိကြသည်။

ဩ ရ သ တ ပေ

"ကဲ - ဒါဆို မမတို့ စကားပြောမယ်လေ"

"ဟေး - သိပ်ကြိုက်တယ် မမ. . . မမကို မေးစရာတွေအများကြီးရှိသေးတယ်"

"နေပါဦး ဆရာမရယ်. . . မမပြောတာတွေ များနေပြီ. . . မမသိချင်တာတွေရှိသေးတယ်. . . မမကိုပဲ ပြောပြ. . . ဖိုခေလား"

"ရတယ်လေ မမ. . . မမဘာသိချင်လို့လဲ"

ပြောပြောဆိုဆို ကောင်မလေးခိုင်သင်းကျော်က ခုတင်ပေါ် တက်ထိုင်လိုက်သည်။

"ညီမလေး. . . ရော့ စောင်ခြုံလေ"

"ရတယ် မမ. . . နေ နေ. . . ခုတင်အောက်မှာ မီးဖိုရှိထားရင် နေလို့ရပြီ. . . ဟဲ ဟဲ - မမမေးလို့ရပြီ"

စန္ဒာမင်းလတ်ကို ကိုယ်ကိုတစ်ခြမ်းစောင်းကာ ခိုင်သင်းကျော် ဘက်သို့လှည့်ပြီး ကွေးကွေးလေးဇိမ်ယူရင်း ပြုံးပြလိုက်ရသည်။

"ဒီလိုကွာ. . . မမစိတ်ထဲမှာ မရှင်းမရှင်းဖြစ်နေတယ်. . . ဘာလို့များ ဒီကိစ္စက ဒီလောက်ခက်နေတာလဲ. . . ညီမလေးရဲ့အစ်ကိုကရော ဘာဖြစ်ချင်တာလဲ. . . အယ်လ်ကျော်ပြောတဲ့စကားတွေထဲမှာ မမစဉ်းစားလို့ရသမျှ တစ်ခုခုကိုကွယ် ဝှက်ထားသလိုပဲ. . . ဒါကလည်း ညီမလေးပြောနိုင်မှပြောပါ. . . အဲဒါကတစ်ချက်. . . နောက်တစ်ချက်က ညီမလေးတို့အင်းသားတွေအကြောင်း ပြောပြလို့ရမလား"

ကောင်မလေး၏မျက်နှာသည် အနည်းငယ်လေးနက်လာသည်။

"မမရဲ့ ပထမမေးခွန်းကိုတော့ ညီမလေးလည်း မဖြေတတ်ဘူး . . . ကိုကို့ရဲ့အလုပ်ကိစ္စတွေကို ညီမလေးသိပ်နားမလည်သေးဘူး. . . ဒီမှာလည်း မမကို ဧည့်ဝတ်ကျေဖို့ မမနဲ့ ရင်းနှီးချင်လို့ဆိုတဲ့ ညီမလေးရဲ့စိတ်ဆန္ဒကို သူလိုက်လျောပေးထားတာ. . . ဒုတိယမေးခွန်းကတော့ ညီမလေးပြောပြနိုင်ပါတယ်"

အားတုန့်အားနာပုံပေါ်နေသော အင်းသူလေးကို စန္ဒာမင်းလတ်က သဘောကျသည့်ဟန်ဖြင့် ပြုံးနေသည်။

"အိုးခေ . . ညီမလေး ဒုတိယအချက်က တို့အတွက်ပိုအဆင်ပြေတယ် . . . အဲဒါကိုပဲ ပြောပြ"

စန္ဒာမင်းလတ်စကားကြောင့် စိတ်သက်သာရာရသွားပုံပေါ်သည်။

"ဒီလို မမရဲ့"

ဟု အစချီကာ အင်းလေးကန်အတွင်းသို့ အင်းသားတွေ စရောက်လာပုံကို သမိုင်းဆရာများ၏မတူညီသောအမြင်များအကြောင်း၊ အင်းလေးကန်ထဲမှ ရွာလေးရွာကိုအစွဲပြု၍ အင်းလေးရွာဟုခေါ်သည့်အကြောင်း၊ အလောင်းစည်သူမင်းသည် ပုဂံမှနေ၍ တိုင်းခန်းလှည့်လည်ရာတွင် အင်းလေးကန်သို့ ဖောင်နှင့်ရောက်လာသည့်အကြောင်း၊ ၎င်းမှ ဖောင်တော်ဦးစေတီတော်တည်ခဲ့သည့်အကြောင်းများပါဝင်သည်။ ထိုအကြောင်းအရာများစွာထဲတွင် အင်းသားတို့၏နေပုံထိုင်ပုံ၊ ဘာသာရေးကိုင်းရှိုင်းပုံနှင့် ရိုးရာဓလေ့အချို့ကို စန္ဒာမင်းလတ်အတော် စိတ်ဝင်စားမိသည်။ အချို့ဓလေ့တွေကတော့ ခေတ်လူငယ်တွေတိုက်ဖျက်ပစ်၍မရှိတော့ဟုဆိုသည်။

"အင်းသားတွေက ပညာအရမ်းတတ်ချင်ကြတယ် မမရဲ့ . . . ဒါကြောင့် ညီမတို့အဖိုးအဖွားတွေခေတ်ကတည်းက ပညာရေးလိုက်စားရင်း တောင်ကြီးလိုမြို့ပေါ်မှာ အခြေချကုန်တယ် . . . ဘွဲ့တွေရပြီးတော့ အဲဒီခေတ်မှာ ဌာနဆိုင်ရာတွေထဲ ရောက်ကုန်တယ် . . . အဲဒီလိုနဲ့ တောင်ကြီးမှာ အင်းသားတွေများလာတာပေါ့ . . . တချို့ ညီမတို့အရွယ်တွေဆိုရင် သူတို့အဖိုးအဖွားတွေရဲ့ ဇာတိရွာတွေကို မရောက်တော့ဘူး . . . အင်းထဲကို ဘုရားဖူးလောက်ပဲလာလည်ကြတယ် . . . ကိုကိုကတော့ အင်းလေးကန်ကို အတော်ချစ်တယ် . . . အင်းသူ

အင်းသားအားလုံးကိုလည်း အင်းလေးကန်ချစ်သူတွေဖြစ်စေချင်တယ် . . . ညီမကို အမြဲတမ်းပြောတယ် . . . အင်းသားတွေဟာ ဘယ်ကုန်းမြေပေါ်မှာပဲနေနေ ဘိုးဘွားဘီဘင်တွေဟာ ဟောဒီအင်းလေးရေပြင်ထဲကလူတွေဆိုတာ မမေ့နဲ့တဲ့ . . . အင်းလေးကန်ကြီးရဲ့ကျေးဇူးကို မမေ့နဲ့တဲ့ . . .

သူပြောတာတချို့ကိုတော့ ညီမလည်း သေချာနားမလည်ပါဘူး မမရယ် . . . ဒါပေမဲ့ အင်းလေးကန်ကြီး အမြဲရှင်သန်နေဖို့တော့ တကယ်လိုအပ်တယ်ဆိုတာ ညီမလည်းယုံကြည်တယ် . . . ညီမလေးဖေဖေပြောပြတာမှတ်မိသေးတယ် . . . အင်းသားတွေဟာ အင်းထဲမှာ စီးပွားရှာပြီးရင် ရွှေငွေတွေကိုကြိတ်ပြီးစုကြတယ် . . . ခပ်လျှိုလျှိုပဲနေကြတယ် . . . ခေတ်မီမီနေချင်တဲ့အင်းသားတွေကြတော့လည်း အင်းထဲမှာမနေဘဲ မြို့ပေါ်တွေရောက်ကုန်ရောတဲ့ . . . အင်းထဲကအိမ်တွေ အသုံးအဆောင်တွေအားလုံး ခေတ်မီလှပအောင်လုပ် . . . ရိုးရာလည်း မပျက်လုပ်နိုင်ရင် တို့လူမျိုးတွေ အဆင့်မြင့်လာမယ်တဲ့ . . . ဧည့်သည်တွေအတွက်လည်း သက်တောင့်သက်သာပိုဖြစ်မယ်ပေါ့ . . . ဒါပေမဲ့ ဖေဖေကြိုးစားသလိုမဖြစ်သေးဘူး . . . ဖေဖေဆုံးသွားတယ် . . . မေမေလည်း ဖေဖေ့စိတ်နဲ့ သိပ်မကြာဘူး ဆုံးပြန်တယ်"

ကောင်မလေးက ခေတ္တအားယူနေပုံပေါ်သည်။ စန္ဒာမင်းလတ်လည်း စိတ်ထဲအတော်မကောင်းဖြစ်ရသည်။ တစ်ချိန်လုံး တအင်းအင်းနှင့် စကားထောက်ပေးနေခဲ့သော်လည်း ထိုနေရာအရောက်တွင် ထပ်တူခံစားရပုံပေါ်သည်။

"ဆက်ပြောလို့ဖြစ်လားဟင် . . . ညီမလေးအိပ်ချင်ပြီလား"

စိတ်မကောင်းသည့်လေသံနှင့် စန္ဒာမင်းလတ်ကကြားဖြတ်မေးလိုက်သည်။

"အိုး - မအိပ်ချင်ပါဘူး မမရဲ့. . . ဒီလိုလေ. . . ညီမလေးက ဒီအကြောင်းတွေ ခုလိုမျိုး ဘယ်သူ့ကိုမှမပြောဖူးဘူး. . . အရမ်းပြောချင်ခဲ့တာပဲ မမရယ်. . . ဆက်ပြောဦးမယ်လေ"

"အိုးခေ - ညီမလေးအဆင်ပြေရင် မမဆက်နားထောင်ချင်ပါတယ်"

ကောင်မလေးမျက်လုံးများ အရောင်လက်သွားသည်။ ပြီးမှ အားထည့်ကာ မာရသွန်ဆက်ပြောတော့သည်။

အဖေ၊ အမေဆုံးပြီး သူမ၏အစ်ကိုက ဆက်လက်ကြိုးစားရုန်းကန်ခဲ့ပုံ၊ ၁၄ နှစ်သားအရွယ်အစ်ကိုနှင့် ၄ နှစ်သမီး ညီမငယ်တို့ဘဝကိုဖြတ်သန်းရပုံ၊ မိဘအမွေ လက်ယက်ကန်းများကို ကြီးကြီးနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ခဲ့ရပုံ၊ ပညာကြိုးစားခဲ့ရပုံများကို တသပ်တကြောကြီး လှမ်းလှမ်းမောမောပြောပြရှာသည်။ အထူးသဖြင့် သူမ၏အစ်ကိုသည် သူမအတွက် သူရဲကောင်းကြီးဖြစ်ပုံရသည်။ သူမပြောပုံအရဆိုလျှင် သူမအတွက်သာမက အင်းသားတွေအတွက်ပါ သူရဲကောင်းဖြစ်နေသည်။ အင်းလေးကန်မတိမ်ကောရေး၊ အင်းဒေသဖွံ့ဖြိုးရေး သူ၏ရည်မှန်းချက်ဖြစ်သည်။ စိုက်ပျိုးရေးပညာဖြင့် ဘွဲ့ရခဲ့သော သူမ၏အစ်ကိုသည် အင်းဒေသတွင် ကျွန်းမျောများပေါ် ဓာတုဆေးမသုံးဘဲ သီးနှံများကြီးထွားအောင် နည်းလမ်းရှာဖွေဖော်ထုတ်ခဲ့သည်။ အင်းလေးဒေသတွင် ရွာစဉ်လှည့်ကာ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးသည်။ ခရီးသွားလုပ်ငန်းများကောင်းလာချိန်တွင် ပုဂ္ဂလိကဟိုတယ်လုပ်ငန်းကို ထူထောင်သည်။ ဒေသခံခေတ်မီသော စွန့်ဦးတီထွင်သူဖြစ်လာသည်။ နေရာအကွက်အကွင်းကောင်းသောနေရာများကိုပိုင်ဆိုင်လာပြီး ဘန်ဂလိုများ၊ ခေတ်မီရေပေါ်ဟိုတယ်ခန်းများတည်ဆောက်သည်။ ဟိုတယ်နှင့် ခရီးသွားပညာရပ်ကို သေချာလေ့လာပြီး စနစ်တကျလုပ်ကိုင်သည်။ ကျောင်းနေစဉ်ကတည်းက လူချစ်လူခင်များသောကြောင့် ကျောင်းနေဖက်သူငယ်ချင်းများ၏အကူအညီများလည်း

ရခဲ့သည်။ ရန်ကုန်၊ မန္တလေးအပါအဝင် ပြည်မရောက်သူငယ်ချင်းများကလည်း သူမအစ်ကို၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် အစုအစပ်ရှယ်ယာများ ပါဝင်၍ လုပ်ကိုင်ခဲ့ကြသောကြောင့် လုပ်ငန်းကြီးမှာ ကြီးထွားလာသည်။ ဟိုတယ်ခရီးသွားလုပ်ငန်းအပြင် ရန်ကုန်၊ မန္တလေးတွင် သူငယ်ချင်းများနှင့်အတူ ကုမ္ပဏီများခွဲ၍ ထွင်ကာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေသန့်နှင့်အချိုရည်လုပ်ငန်းများကိုပါ လုပ်ကိုင်ခဲ့သည်။ ယခု အေးသာယာတွင် ဂျာမန်နည်းပညာဖြင့် ဝိုင်အရက်စက်ရုံတစ်ခု တည်ဆောက်ထားသည်။ ညစာစားစဉ်က ကောင်မလေး နိုင်သင်းကျော်နှင့် အတူသောက်ခဲ့သော ဝိုင်နီမှာ သူတို့စက်ရုံထွက်ဖြစ်နေကြောင်း အခုမှ ဇာတ်ရည်လည်လာသည်။ နိုင်သင်းကျော်ကိုယ်တိုင်လည်း ထိုဝိုင်စက်ရုံ၏မန်နေဂျာ ဖြစ်လေသည်။ သူမကို အစ်ကိုဖြစ်သူက အောက်သက်ကျေအောင် အလုပ်မျိုးစုံခိုင်းခဲ့သည်။ စာရေးမငယ်တာဝန်၊ စာရင်းကိုင်တာဝန်၊ ဈေးကွက်တာဝန် စသဖြင့်အစုံလုပ်ခဲ့ဖူးသည်။ သူမအစ်ကို ရှယ်ယာဝင်ထားသော ကုမ္ပဏီများ၊ စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့စေခဲ့သလို သူမတို့မောင်နှမ ကိုယ်ပိုင်ဖြစ်သော ဟိုတယ်လုပ်ငန်းကိုလည်း နှံ့နှံ့စပ်စပ်သိစေသည်။ မောင်နှမနှစ်ယောက်လုံး အင်္ဂလိပ်၊ တရုတ်နှင့် အီတလီလိုတတ်ကျွမ်းအောင် သင်ခဲ့ကြသည်။ သို့သော် စန္ဒာမင်းလတ်လို ကမ္ဘာလှည့်စီးပွားရေးလုပ်ကိုင်သူ မဟုတ်သဖြင့် စန္ဒာမင်းလတ်လိုဖြစ်ချင်သည်။ သည့်အတွက် စန္ဒာမင်းလတ်နှင့် ရင်းနှီးလိုသည်။ စန္ဒာမင်းလတ်ထံမှ အကြံဉာဏ်ကောင်းများ၊ အသိပညာများ သူမရနိုင်သည်။ လမ်းညွှန်ပြနိုင်သည်ဟု နိုင်သင်းကျော် ယုံကြည်ထားသည်။ ယခုဆိုလျှင် နှစ်ရက်ပင်မပြည့်သေး အတော်ရင်းနှီးနေသည်။ နှစ်ယောက်စလုံးက ပွင့်လင်းလွတ်လပ်သည်။ တစ်ခုခု အကြောင်းတည့်သွားပုံလည်းရသည်။

"ကိုကိုက ဖေဖေနဲ့အရမ်းတူတယ် မမရဲ့. . . နိုင်ငံရေးကိုလည်း ငယ်ငယ်တည်းကစိတ်ဝင်စားတယ်. . ဒါပေမဲ့ ဖေဖေနဲ့လုံးဝအယူအဆ မတူတဲ့ နိုင်ငံရေးပေါ့. . . ဖေဖေက လက်ဝဲနိုင်ငံရေးသမားလေ. . . ရိုးရာအစဉ်အလာကြောင့် ခေတ်နောက်ကျနေတာကို ပြောင်းလဲပစ်ချင်တာတဲ့. . . ကိုကိုကတော့ ဒီမိုကရက်တစ်နိုင်ငံရေးသမားတဲ့. . . ဈေးကွက်စီးပွားရေးကြောင့် သူ့အရည်အချင်းကိုပြသခွင့်ရပြီး အခုလို အောင်မြင်လာတာကိုး. . . ဖေဖေက ဒီလိုဈေးကွက်တွေမမြင်ရဘဲ ဆုံးသွားရရှာတယ်"

စန္ဒာမင်းလတ်နားထောင်ရင်း ခိုင်သင်းကျော်၏အစ်ကိုကို စိတ်ထဲကအမှတ်ပေးမိသည်။ ကိုယ်တိုင်ကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒီ့ထက်မကလုပ်ဆောင်ချင်စိတ်ကလည်းရှိ လူထုကလည်း ဝိုင်းဝန်းတိုက်တွန်းထောက်ခံကြသဖြင့် ရွေးကောက်ပွဲဝင်ကာ အင်းသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပုံ၊ ၎င်းမှတစ်ဆင့် နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပုံ၊ နဂိုကတည်းကမှ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကတစ်ဖက် မတည်ထူထောင်ထားသည့် ပညာရေးကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းအပါအဝင် လူမှုရေးကူညီထောက်ပံ့မှုဆိုင်ရာ ပရဟိတလုပ်ငန်းကိစ္စများကတစ်ဖက်နှင့် အလုပ်များရသည့်ကြားထဲက ယခုအခါ ပို၍ပင်မအားမလပ်ရှိပုံ၊ သည်ကြားထဲက စန္ဒာမင်းလတ်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် အလေးထားအချိန်ပေးပုံများကို ခိုင်သင်းကျော်ကဆက်ပြောပြနေသည်။ နားထောင်ရင်း နားထောင်ရင်း စန္ဒာမင်းလတ်လည်းအိပ်ငိုက်လာသည်။ မသမ်းမိအောင်ချုပ်တည်းထားသည့်ကြားက မျက်ရည်များဝိုင်းသွားသည်။

"ဟော ဟော - မမအိပ်ချင်နေပြီ. . . ကြိတ်ပြီးသမ်းတာ မျက်ရည်တွေထွက်လာပြီ"

နှစ်ယောက်သား ပြိုင်တူသဘောကျကာ ရယ်မိကြသည်။ ခိုင်သင်းကျော်လည်း ခုတင်ပေါ် မှဆင်းကာ စန္ဒာမင်းလတ်ကို စောင်သေချာခြုံပေးသည်။ ခုတင်အောက်မှမီးဖိုကို စစ်ဆေးသည်။ အခန်းပြတင်းပေါက်တွေသေချာပိတ်ထားခြင်းရှိ၊ မရှိစစ်ဆေးသည်။ စိတ်ချရပြီဆိုမှ စန္ဒာမင်းလတ်ဆီပြန်လာကာ စကားပြောသည်။

"ကဲ - မမရေ. . . အားလုံး ဒိုကေပဲ. . . စိတ်ချလက်ချအိပ်တော့. . . ညီမလေးလည်း သွားအိပ်တော့မယ်. . . ဒီည ပြောချင်တာတွေပြောလိုက်ရလို့ စိတ်အတော်ပေါ့သွားပြီ. . . တစ်ခုပဲရှိတယ်. . . မမရဲ့ပထမမေးခွန်းကို မဖြေလိုက်နိုင်တာပဲ. . . ဒါပေမဲ့ ညီမလေးသိသလောက်တော့ ပြောကြည့်မယ်. . . နည်းနည်းလေးပဲသိလို့ နည်းနည်းလေးပြောကြည့်မယ်. . . မမရဲ့ကိစ္စက သူ့နိုင်ငံရေးနဲ့ပတ်သက်တယ်တဲ့. . . သူပြည်သူတွေကိုပေးခဲ့တဲ့ရွေးကောက်ပွဲကတိနဲ့ ဆိုင်နေတယ်တဲ့. . . ဒီ့ထက်တော့ ညီမလေးလည်း မသိတော့ဘူး. . . ကဲ - မမ ဂွတ်နိုက်နော်"

"အိုးခေ ညီမလေး. . . ဂွတ်နိုက်"

ခိုင်သင်းကျော် ခြေသံဖော့ပြီးထွက်သွားသည်။ အခန်းတံခါးအသာအယာပိတ်သံမှတစ်ပါး အားလုံးတိတ်ဆိတ်လျက်။ ဘုရားရေ - ငါ့ကိစ္စက ဘယ်လိုလုပ် သူ့နိုင်ငံရေးဖြစ်ရတာပါလိမ့်။ ဘာတွေများ မဟုတ်တရုတ်ကတိတွေလျှောက်ပေးထားပါလိမ့်. . . ဟု စန္ဒာမင်းလတ်သွားစဉ်းစားမိသည်။ နိုင်ငံရေးသမားများ၏ပြဿနာမှာ ကတိပျက်ခြင်းပင်ဖြစ်သည်။ စန္ဒာမင်းလတ်သည် နိုင်ငံရေးနှင့်သိပ်စိမ်းလှသည်တော့မဟုတ်။ သူမ၏စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့နိုင်ငံရေးကိုဘယ်လောက်သိထားလဲဆိုသည့်အပေါ် မူတည်သည်။ နိုင်ငံရေးကို သူမသိသင့်သလောက်သိသည်။

နိုင်ငံရေးသမားတွေကိုတော့ သိပ်မသိပေ။ Politician ဟုခေါ်သော နိုင်ငံရေးသမားများသည် သာမန်လူတွေတော့မဟုတ်။ နိုင်ငံရေး

ဆိုသည့်သဘောကတော့ အတော်မြင့်မြတ်သည်။ ပေးဆပ်စွန့်လွှတ် အနစ်နာခံရသောအမျိုးအစားဖြစ်သည်။ သို့သော် နိုင်ငံရေးသမားတွေကိုတော့ သူမမပြောတတ်။ အနစ်နာခံသူများရှိသလို ကိုယ်ကျိုးရှာသူများလည်းရှိနိုင်သည်။ ဒါကတော့ လောကနှင့်လောကသားများ ပြဿနာဖြစ်လိမ့်မည်။ နိုင်ငံရေးလောက၊ စီးပွားရေးလောက၊ ပညာရေးလောကစသည့်လောကများသည် အများအကျိုးပြုသော လောကများပင်ဖြစ်သည်။

သို့သော် လောကသားတွေကတော့ သုံးမျိုးရှိနိုင်သည်။ အများအကျိုးရှာသူရယ်၊ ကိုယ်ကျိုးရှာသူရယ်၊ အများရောကိုယ်ပါ နှစ်ဦးနှစ်ဖက်စလုံးအတွက် မျှမျှတတအကျိုးရှာသူဟူ၍ ဖြစ်သည်။ စန္ဒာမင်းလတ်အနေဖြင့် အများအကျိုးရှာသူမဟုတ်သော်လည်း ကိုယ်ကျိုးသက်သက်တော့မကြည့်ခဲ့ပေ။ နှစ်ဖက်အကျိုးရှိမှုကိုသာ စဉ်းစားလုပ်ကိုင်ခဲ့သည်ဟု သူမကိုယ်သူမ ယုံကြည်နေသည်။ ခိုင်သင်းကျော်၏ အစ်ကိုဆိုသူရော ဘယ်လိုလူစား ... ပဲ။ ခိုင်သင်းကျော်ပြောပုံအရတော့ မနိုင်ဝန်ထမ်းသူတစ်ယောက်မဟုတ်နိုင်ပေ။ သို့သော် အပြတ်ပြော၍မရ။ နိုင်ငံရေးပြဿနာဟုဆိုနေသည်။ သူပေးထားသော ကတိပျက်မှုကို ကာကွယ်ရန်အတွက် သူမကိုသားကောင်အဖြစ်ပြုလုပ်မည်ဆိုလျှင်တော့ ပွဲကြီးပွဲကောင်းဖြစ်လိမ့်မည်ဟု စန္ဒာမင်းလတ်တွေးလိုက်သည်။ ဘာကတိများပါလိမ့် ဖြစ်နိုင်ချေတွေထဲကတစ်ခုပဲရှိသည်။ သူတို့အင်းသားရိုးရာအထည်များကို ဈေးကောင်းကောင်းရအောင် လုပ်ဆောင်ပေးမည့်ကတိဖြစ်မည်။ စန္ဒာမင်းလတ်တို့ကုမ္ပဏီနှင့်ပတ်သက်စရာလည်း ဒါတစ်ခုပဲရှိသည်။ ဒါကြောင့် ၁၀၀% တိုးတောင်းနေတာဖြစ်မည်။

ညောင်ရွှေမြို့၏ အကောင်းဆုံးဟိုတယ်။

အင်းလေးကန်နှင့်မလှမ်းမကမ်းမှာရှိသည်။ မြင်ကွင်းကောင်းသည်။ အခန်းဖွဲ့စည်းပုံနှင့် အသုံးအဆောင်ပစ္စည်းများမှာလည်း ခေတ်မီသည်။ နိုင်ငံခြားသားများတည်းခိုကြတာ တွေ့ရသည်။ ခိုင်သင်းကျော်က စန္ဒာမင်းလတ်ကို ဟိုတယ်သို့လိုက်ပို့ရင်း နောက်ဆုံးကူညီပေးခဲ့ခြင်းဖြစ်သည်။ ထိုဟိုတယ်မှာလည်း ခိုင်သင်းကျော်တို့ပိုင်ဟိုတယ်အုပ်စုထဲမှဖြစ်သည်။ ဤဟိုတယ်သို့ရောက်ရှိလာပုံက ဤသို့ဖြစ်သည်။ ညက ခိုင်သင်းကျော်နှင့် စကားပြောအပြီး စဉ်းစားရင်းအိပ်ပျော်သွားခဲ့သည်။ မနက်ဆယ်နာရီမှာ ကုမ္ပဏီဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် သူမပါဖုန်းဖြင့်ဆွေးနွေးခဲ့သည်။ ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များက အခြေအနေ အရပ်ရပ်ကိုသုံးသပ်ပြီး စန္ဒာမင်းလတ်ကို စိတ်ကြိုက်ဆုံးဖြတ်ခွင့်ပေးလိုက်သည်။ ဖြစ်လာသမျှအရှုံးအမြတ်ကို အတူခံကြတော့မည်။ ပြီးနောက် ၁၁း၃၀ တွင် အယ်လ်ကျော်နှင့် ဆွေးနွေးပွဲပြန်လုပ်သည်။

"ရှင်တို့ဘက်က ၁၀၀%အပြည့်ရမှဖြစ်မှာလား. . . အလျှော့အတင်းမရှိတော့ဘူးလား"

စန္ဒာမင်းလတ်က တိတိကျကျမေးလိုက်သည်။

"ကျွန်တော်တို့ဝန်ကြီးချုပ်ပြောတာကို ကျွန်တော်သေချာထပ်ပြောပါမယ် မစန္ဒာ. . . ကျွန်တော် အားလည်းနာပါ တယ်. . . သူပြောလိုက်တာက ပထမအချက်အနေနဲ့ မစန္ဒာတို့ကုမ္ပဏီကြောင့် အင်းလေး

ထည်တွေ နိုင်ငံတကာကသိခဲ့တဲ့ကျေးဇူးကိုထောက်ထားပြီး မစန္ဒာတို့ ကုမ္ပဏီနဲ့ပဲ ဆက်လုပ်ချင်ပါတယ်တဲ့. . . ဒုတိယအချက်က အင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လို့ သဘောထားပြီး ၁၀၀%ထပ်တိုးပေး မယ်ဆိုရင် အင်းသူအင်းသားတွေက ထပ်ပြီးကျေးဇူးတင်နေမှာပါတဲ့. . . တတိယအချက်ကတော့ ဟန်းမိတ်လို့ခေါ်တဲ့ လက်ယက်အထည် တစ်ထည်ဖြစ်ဖို့ ဘယ်လောက်ပင်ပန်းဆင်းရဲတယ်ဆိုတာ မစန္ဒာကို လေ့လာဖို့အတွက် သူကူညီပေးနိုင်ပါတယ်တဲ့"

"ဟိုး ဆရာ. . . ဟိုး. . . ဆရာအယ်လ်ကျော်ရဲ့ဝန်ကြီးချုပ်ကို ကျွန်မသိလည်းမသိပါဘူး. . . ပြီးတော့ သူ့ရဲ့ရွှေကောက်ပွဲကတိတည်ဖို့ ကျွန်မကို အကြပ်မကိုင်သင့်ဘူး. . . ကျွန်မတို့ကုမ္ပဏီအနေနဲ့ ဈေးကွက် ကို ခက်ခက်ခဲခဲဖောက်ခဲ့ရတာတွေရှိတယ်. . . သယ်ယူပို့ဆောင်ရေးနဲ့ အခြားဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်တွေရှိတယ်. . . စီးပွားရေး လုပ်တယ်ဆိုတာလည်း အမြတ်လိုချင်လို့ပါပဲ. . . ဒါပေမဲ့ ကိုယ်ကျိုးချည်း ပဲကြည့်တဲ့ စီးပွားရေးသမားမျိုး ကျွန်မလည်းမုန်းတယ်. . . ကိုယ်ကျိုး ချည်းပဲကြည့်တဲ့ နိုင်ငံရေးသမားကိုလည်းမုန်းတယ်. . . ဒီကိစ္စက ရှင်းရှင်းလေး. . . ဝန်ကြီးချုပ်ဆိုတဲ့လူ ဘာဝင်ပါစရာလိုလို့လဲ. . . အထည်တွေကိုယ်တိုင်ယက်တဲ့လူတွေနဲ့ ကျွန်မကြားမှာ နှစ်ဘက်အကျိုး မျှတနေရင် ပြီးတာပဲ. . . ပြီးတော့ ရှင်တို့ဝန်ကြီးချုပ် မေ့နေသလား မသိဘူး. . . ဒါဈေးကွက်စီးပွားရေးနော်. . . ဗဟိုချုပ်ကိုင်မှုလုပ်လာ ရင် ဖွဲ့စည်းပုံဥပဒေနဲ့ မညီဘူး"

စန္ဒာမင်းလတ်၏ နောက်ဆုံးစကားလုံးကြောင့် အယ်လ်ကျော် အနည်းငယ်တွန့်သွားသည်။ လေးလေးနက်နက်စဉ်းစားပြီးမှ သူပြော လိုက်သည်။

"ဒီလိုပါ မစန္ဒာရယ်. . . အခုဝန်ကြီးချုပ်ပြောနေတာ အစိုးရ အဖွဲ့အကြီးအကဲအနေနဲ့မဟုတ်ဘူး. . . ပုဂ္ဂိုလ်ရေးပါ. . . မစန္ဒာပြော

သလို ရွှေးကောက်ပွဲကတိသက်သက်မဟုတ်ပါဘူး. . . အဲဒီကတိသက်သက်ဆိုရင် မစန္ဒာတို့ကုမ္ပဏီထက် ဈေးပိုပေးတဲ့ကုမ္ပဏီတွေကို ကျွန်တော်တို့စာချုပ်လိုက်မှာပေါ့. . . မစန္ဒာတို့ကျေးဇူးကို မမေ့ဘူးဆိုတာလည်း သူထည့်ပြောထားပါတယ်"

ထိုနေရာတွင် စန္ဒာမင်းလတ်က ဖြတ်ပြောလိုက်သည်။

"ဒါဆို ၅၀%တိုးပေးမယ်လေ"

အယ်လ်ကျော်က ခေါင်းကို လေးတွဲ့စွာခါလိုက်သည်။

"မဟုတ်ပါဘူး မစန္ဒာရယ်. . . ၁၀၀%တိုးပေးလည်း မစန္ဒာတို့ဖြစ်မှာပါ"

"ရှင် ဘယ်လိုပြောနိုင်မှာလဲ. . . ကျွန်မဈေးကွက်တွေပါလိုက်ပြီး ဈေးတက်လို့ အဝယ်မလိုက်တော့ရင် ဘာဖြစ်မလဲ. . . အားလုံးနစ်နာမှာပေါ့"

"အဲဒါကို ဝန်ကြီးချုပ်လည်းစဉ်းစားမိပါတယ်. . . ဒါကြောင့်သူ့ဘက်ကစီစဉ်ထားဘာတွေရှိပါတယ်. . . မစန္ဒာသာ သူပြောတဲ့အချက်သုံးချက်ကိုသဘောတူရင် ကျန်တာတွေအားလုံး အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်ကြတာပေါ့"

အယ်လ်ကျော်၏စကားအဆုံးတွင် စန္ဒာမင်းစိတ်ပျက်သွားသည်။ အတော်ရှုပ်သည့်ဝန်ကြီးချုပ်ပါလား။ သူ့ကိစ္စမဟုတ်ဘဲ ဝင်ပါနေသည်။ ရောင်းသူနဲ့ဝယ်သူကြား အဆင်ပြေလျှင်ပြီးပြီ။ အစိုးရက ဥပဒေနဲ့အညီ အခွန်ကောက်ခံရန်သာရှိမည်။ ခက်သည်က ခုကိစ္စကို အစိုးရအနေနှင့်ပြောနေတာမဟုတ်ဟုဆိုပြန်သည်။ ရွှေးကောက်ပွဲကတိသက်သက်လည်းမဟုတ်ဟုပြောနေသည်။ အိုး - အင်းထဲကယက်ကန်းစင်အားလုံး သူပိုင်ဆိုင်တာမှတ်လို့ဟု စန္ဒာမင်းလတ်စိတ်ထဲတွင် ဒေါသဖြစ်လာသည်။

"တဲ - ဆရာအယ်လ်ကျော် ကျွန်မတို့ဆွေးနွေးပွဲရပ်ကြဦးစို့ . . . ကျွန်မမှာ စဉ်းစားစရာတွေရှိနေပြီ"

"ဟုတ်ပါတယ် မစန္ဒာ. . . သေချာစဉ်းစားပေးပါ. . . ကျွန်တော်တို့အင်းသားတွေဟာ မိတ်ဆွေကိုသိပ်ခင်ပါတယ်. . . မိတ်ပျက်မှာလည်း သိပ်စိုးရိမ်ပါတယ်. . . ကျွန်တော်တို့ဘက်က ၁၀၀% ရဖို့ ဆိုတာလည်း တကယ့်လိုအပ်ချက်ဖြစ်နေလို့ပါ"

ဆွေးနွေးပွဲအပြီး ခိုင်သင်းကျော်နှင့် နေ့လယ်စာစားကြသည်။ ပြီးလျှင် အခြေအနေအရပ်ရပ်ကို ဒေါ်ခင်မြင့်ထံ ဖုန်းဆက်လှမ်းပြောသည်။ ဒေါ်ခင်မြင့်ထံမှ အခြားသိလိုသောအချက်များကိုမေးသည်။ တစ်ခုတော့အကျိုးထူးလာသည်။

"အဲဒီလူက ညောင်ရွှေမှာနေတယ်. . . သူ့လိပ်စာက ---------- မှာပဲ. . . သူ့ဆီက တစ်ခုခုတော့ရနိုင်ပါတယ်"

"ဘိုးခေ. . . ဒေါ်ခင်မြင့်၊ အန်တီဝင်းနဲ့ရော အဆက်အသွယ်ရပြီလား"

"မရသေးဘူး မစန္ဒာ. . . ကျွန်မကြိုးစားနေပါတယ်. . . ရတာနဲ့ ကျွန်မချက်ချင်းအကြောင်းကြားမယ်"

နှုတ်ဖက်ပြောစရာများကုန်သွားပြီး ဖုန်းချလိုက်သည်။ စန္ဒာမင်းလတ်ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။ ညောင်ရွှေသို့သွားမည်။ အယ်လ်ကျော်တို့မတိုင်ခင် မိမိတို့ကုမ္ပဏီနှင့်ဆက်သွယ်ခဲ့ဖူးသော ဒေါ်ခင်မြင့်ပြောသည့်လူကိုရှာမည်။ ထိုလူနှင့် အဆင်မပြေလျှင် ယက်ကန်းရုံများသို့ ကိုယ်တိုင်အရောက်သွားပြီး ဈေးညှိနှိုင်းမည်။ အပင်ပန်းတော့ခံရမည်။ အယ်လ်ကျော်တို့လို ကြားခံလူတွေနှင့် အလုပ်လုပ်၍မရ။ အချိန်ယူကောင်းယူရနိုင်သည်။ မိမိတို့ဈေးကွက်စဖောက်စဉ်က နိုင်ငံခြားမှ အထည်ဆိုင်ကြီးများကို အပင်ပန်းခံကာလိုက်ပြ၍ ဈေးစပ်ခဲ့ရဖူးသည်။ ထိုအတွေ့အကြုံများ စန္ဒာမင်းလတ်မှာရှိနေသည်။ ယခု

လည်း ယက်ကန်းစင်တိုင်းကိုသွားပြီး ၅၀%တိုးပေးမည်ဆိုလျှင် ရောင်းချင်ကြမည်။ သေချာသည်။ အယ်လ်ကျော်၏နေရာတွင် မိမိကုမ္ပဏီမှ အဝယ်တော်တစ်ယောက်ပုံသေခန့်အပ်မည်။ ဈေးအလျှော့အတင်းကို ယက်ကန်းသမားတွေနဲ့ ကုမ္ပဏီတို့ကို တိုက်ရိုက်ညှိနှိုင်းမည်။ အစိုးရကို ကျသင့်သည့်အခွန်ပေးဆောင်မည်။ ရွှေးကောက်ပွဲကတိတွေပေးခဲ့မိသော ကြားက ဆရာသမားဝန်ကြီးချုပ်ကိစ္စလည်းပြီးသွားမည်။

"မမ - ဘာတွေစဉ်းစားနေတာလဲ"

နိုင်သင်းကျော်၏ လေသံတိုးတိုးလေးကြောင့် သူမ၏အတွေးများကို ဖြတ်လိုက်သည်။ နိုင်သင်းကျော်က စန္ဒာမင်းလတ်ကို ရိုဝေစွာ ကြည့်နေသည်။

"ညီမလေးလည်း စိတ်မကောင်းပါဘူး မမရယ်. . . မမတို့ ကုမ္ပဏီနဲ့ ကိုကိုနဲ့အဆင်ပြေပါစေလို့ပဲ ဆုတောင်းနေမိတယ်. . . မမရဲ့ စိတ်ရင်းကိုရော ကိုကိုရဲ့စိတ်ရင်းကိုပါ ညီမလေးသိနေတော့ အရမ်း ပြေလည်စေချင်တယ်. . . ဒါပေမဲ့ ညီမလေး ဘာမှမတတ်နိုင်ဘူး ဖြစ်နေတယ်"

ကောင်မလေးကပြောရင်း မျက်ရည်တွေဝေ့လာသည်။ တကယ် စိတ်မကောင်းဖြစ်နေမှန်း သိသာသည်။ စန္ဒာမင်းလတ်ကို သူမတကယ် ခင်တွယ်နေမိသည်။

"စိတ်မကောင်းမဖြစ်နဲ့ညီမလေး. . . အလုပ်သဘောကတော့ ဒီလိုပဲကွ. . . ကုမ္ပဏီနဲ့ စာချုပ်ပျက်ခဲ့ရင်လည်း မမနဲ့ ညီမလေးက အခင်အမင်ပျက်စရာမရှိပါဘူး. . . ဘယ်သူနဲ့မှခင်မင်မှုပျက်မှာ မဟုတ်ဘူး. . . စီးပွားရေးသဘောကတော့ နှစ်ဖက်အကျိုးတူညှိနှိုင်းလုပ်ကိုင်ရတာပေါ့. . . ညှိမရရင်လည်း ခွဲလုပ်ရတာပေါ့. . . နောက်တစ်ခါပြန်ပြီး တူညီမှုတွေရလာရင် ပြန်တွဲလုပ်ကြတာပေါ့. . . အရင်ခေတ်တွေကလို တစ်ယောက်ကိုတစ်ယောက် အပြတ်ချေမှုန်းကြတဲ့ခေတ်မဟုတ်တော့ဘူး. . . . နှစ်ဖက်စလုံး အနိုင်ရတဲ့ ပုံစံနဲ့သွားရတာလေ. . . နှစ်ဖက်စလုံး

အနိုင်ရတဲ့ပုံစံ မဟုတ်သေးရင် ခဏပြန်ခွာထားလိုက်တာပေါ့ . . . အချိန်ယူပြီးဆက်ညှိရတာပေါ့"

စန္ဒာမင်းလတ်စကားကြောင့် ခိုင်သင်းကျော် အားရှိသွားပုံပေါ် သည်။ ဩော် - အတွေ့အကြုံနုနယ်သေးသည်ကိုးဟု စန္ဒာမင်းလတ် တွေးကာ ပြုံးလိုက်သည်။

"ဒါဆို မမဘာဆက်လုပ်မလဲ. . . ဆက်ညှိနိုင်းဦးမလားဟင် . . . အဆင်ပြေဦးမှာလား"

"အင်း - အချိန်တစ်ခုတော့ ယူရဦးမှာပေါ့. . . တစ်ယောက်နဲ့ တစ်ယောက်လည်း စျေးကွက်မှာ အားပြိုင်ရဦးမှာပေါ့"

စန္ဒာမင်းလတ်က ချိန်ချိန်ဆဆပြောလိုက်သည်။

"ကဲ - ညီမလေး. . . မမ ညောင်ရွှေသွားတော့မယ်"

"ဟင် - ဘယ်တော့သွားမှာလဲ"

"အခု"

"အခု. . ဟုတ်လား"

"ဟုတ်တယ်. . . အခုပဲ"

ကောင်မလေး တွေဝေသွားသည်။

"မမ ဘာသွားလုပ်မှာလဲ. . . ဘုရားဖူးဆိုရင် ညီမလေး အားလုံးစီစဉ်ပေးမှာပေါ့"

"မဟုတ်ဘူး ညီမလေးရဲ့. . . စျေးကွက်ထဲဆင်းမှာလေ. . . ညီမလေးလည်း မားကက်တင်းဆင်းဖူးတယ် မဟုတ်လား"

"အိုး - မမအဆင့်နဲ့ စျေးကွက်ထဲဆင်းလို့ သင့်တော်ပါ့မလား မမရယ်"

စန္ဒာမင်းလတ် သဘောကျသွားသည်။

"မမက ဒါရိုက်တာလည်းဟုတ်တယ်. . . မန်နေဂျာလည်း ဟုတ်တယ်. . . လိုအပ်ရင် စျေးကွက်ထဲလည်း ကိုယ်တိုင်ဆင်းတယ်

. . . ဖွဲ့စည်းပုံကို အထက်အောက်ပုံစံနဲ့ ပုံသေသွားတာ ခေတ်မမီတော့ဘူး. . . အလျားလိုက်ဖွဲ့စည်းပုံက သိပ်ကောင်းတယ်. . . မြန်လည်းမြန်တယ်. . . ဒါကို ညီမလေးလည်းနားလည်မှာပါ"

စန္ဒာမင်းလတ်၏ တည်ငြိမ်စွာပိုင်းဖြတ်ထားသောအပြုံးကို သူမငေးကြည့်နေမိသည်။

"ဒါဆို ညောင်ရွှေအထိ ညီမလေးလိုက်ပို့ပေးမယ်"

စန္ဒာမင်းလတ် တစ်ချက်စဉ်းစားလိုက်သည်။

"ညီမလေးလိုက်ပို့ပေးမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပါပဲ. . . မမအတွက်အဆင်ပြေတာပေါ့"

"ဒါဆို ညီမလေးအဝတ်အစားလဲလိုက်မယ်"

ပြောပြောဆိုဆိုနှင့် ပြေးထွက်သွားသော ခိုင်သင်းကျော်ကို စန္ဒာမင်းလတ်သဘောကျနေမိသည်။ ရိုးသားပွင့်လင်းတဲ့ ကောင်မလေးပါလား။ အင်းသားတွေအားလုံး ဒီလိုပဲလား။ သူ့အစ်ကို ဝန်ကြီးချုပ်ကရော။ နိုင်ငံရေးသမားဖြစ်ချင်ရင် ရိုးသားမှုအခြေခံရှိရမယ်လို့ မှတ်သားဖူးသည်။ မဆီမဆိုင် ဝန်ကြီးချုပ်အကြောင်း သွားစဉ်းစားမိနေသည်။ သူနှင့် တိုက်ရိုက်တွေ့ဆုံညှိနှိုင်းလျှင် အဆင်ပြေနိုင်မည်လား။ သူက ဘာကြောင့်တိုက်ရိုက်မတွေ့သနည်း။ ဒါတွေအားလုံး ခေါင်းထဲကဖယ်ထားလိုက်သည်။ ကိုယ်လုပ်စရာရှိတာကို လုပ်တော့မည်။ ၅၀%ကို ဘယ်ကုမ္ပဏီမှတိုးပေးမည်မဟုတ်။ မိမိတိုးပေးနိုင်လျှင် ယက်ကန်းသမားတွေ ရောင်းလိမ့်မည်ဟု အပိုင်ယုံကြည်ရင်း ညောင်ရွှေသို့ ရောက်လာခဲ့သည်။ ညောင်ရွှေတွင်တည်းခိုဖို့ ကိစ္စအားလုံးကို ခိုင်သင်းကျော် စီစဉ်ပေးခဲ့ပြီး တောင်ကြီးသို့ပြန်သွားလေသည်။ ခဏအတွင်း အလွန်ခင်မင်နှစ်လိုဖွယ် ကောင်မလေးပါလား။

ဟိုတယ်ပြတင်းပေါက်မှ ရှုခင်းတွေကိုလှမ်းကြည့်ရင်း အေးချမ်းလှပသည့် ရှမ်းပြည်နယ်၏ အရသာကို အခုမှခံစားမိသည်။ အေးလေ ကန်ရေပြင်ပေါ်တွင် သွားလာနေသောလှေများ၊ မော်တော်ဘုတ်များ၊ ကန်ပတ်လည်ဝန်းရံထားသော စိမ်းညို့ညို့တောင်များ ညနေပိုင်းရောက်လေ အေးချမ်းမှုပိုလာလေဖြစ်သည်။ ဆောင်းလေအေးအေးက သူမ၏ မျက်နှာကို ဘယ်ညာပွတ်သပ်နေသည်။ ကြာတော့ နားရွက်တွေ အေးလာသည်။ လတ်ဆတ်သောလေကို တစ်ဝရှူသွင်းလိုက်ပြီး ပြတင်းတံခါးကိုပိတ်လိုက်သည်။ အိပ်ရာပေါ်တွင် ခဏလှဲနေရင်း အနားယူလိုက်သည်။ ထိုစဉ် သူမလက်ကိုင်ဖုန်းမှ သီချင်းသံမြည်လာသည်။

"I am sailing ××× I am sailing ×××"

"ဟဲလို. . ပြောပါ ဒေါ်ခင်မြင့်"

"မစန္ဒာ ညောင်ရွှေရောက်ပြီလား"

ဩ ရ သ စာ ပေ

"ရောက်နေပြီ"

"ဟုတ်ပြီ. . . အဲဒါဆို အတော်ပဲ. . . မစန္ဒာကို သူလာတွေ့လိမ့်မယ်. . . သူ့ဖုန်းနံပါတ်နောက် ကျွန်မလိုက်နေတာ အခုလေးတင်ရတယ်. . . သူကလည်း အတတ်နိုင်ဆုံးကူညီပေးပါ့မယ်တဲ့. . . မစန္ဒာဘယ်မှာတည်းနေလဲ"

"Golden Inthar ဟိုတယ်မှာ. . . အခန်းနံပါတ် --- မှာပါ"

"အဲဒါဆို သူမကြာခင်ရောက်လာလိမ့်မယ်. . . အားလုံးအဆင်ပြေမှာပါ. . . မစန္ဒာကိုလည်း ဒီကတစ်ဖွဲ့လုံး စိတ်ပူနေကြတယ် . . . ပြည်နယ်အစိုးရကဝင်ပါနေလို့ဆိုပြီးပေါ့"

"ဘာမှမပူပါနဲ့ ဒေါ်ခင်မြင့်ရယ်. . . ကျွန်မတို့က စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေတွေ နားလည်တဲ့လူတွေပါ. . . ကျွန်မမှာ နိုင်ငံသားအခွင့်အရေးအပြည့်ရှိပါတယ်. . . အဲ - ပြဿနာတစ်ခုခုတော့ရှိမှာ သေချာတယ်လို့ ကျွန်မထင်နေတယ်. . . ဘာလဲဆိုတာတော့ မနက်ဖြန်၊ သန်ဘက်ခါသိရမှာပေါ့. . . အယ်လ်ကျော်တို့နဲ့ စာချုပ်သက်တမ်းက ဒီနေ့ပြည့်သွားပြီ. . . ထပ်မချုပ်နိုင်တဲ့အတွက် သူတို့နဲ့ပြီးသွားပြီပေါ့ . . . မတတ်နိုင်ဘူး. . . ရွေးစရာလမ်းလည်း မရှိဘူးလေ. . . ဥပဒေအကြံပေးက ဘာပြောသေးလဲ"

"ပြဿနာမရှိဘူးလို့ပြောတယ် မစန္ဒာ. . . ဥပဒေအကြောင်းအရ အားလုံး clear ဖြစ်တယ်တဲ့. . . သူတို့ဘက်က တစ်ခုခုလုပ်မယ်ဆိုရင်လည်း ရှင်းစရာတွေအားလုံးအဆင်သင့်ပါပဲတဲ့"

စန္ဒာမင်းလတ် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချလိုက်သည်။ သတ္တိတွေလည်း ပိုရှိလာသလိုခံစားရသည်။ ဒေါ်ခင်မြင့်နှင့် စကားတချို့ အပြန်အလှန်ပြောပြီး ဖုန်းချလိုက်သည်။ ဖုန်းကို ခေါင်းအုံးဘေးချပြီး မျက်စိမှိတ်၍ အသာမှိန်းနေစဉ် ဖုန်းခေါ်သံထပ်ဝင်လာသည်။

ညှ ရ သ တ ပေ

"ဟဲလို"

"ဟုတ်ကဲ့ဗျ. . . ဒေါ်စန္ဒာမင်းလတ်လားဗျ"

"ဟုတ်ပါတယ်. . . ကျွန်မ စန္ဒာမင်းလတ်ပါ"

"အစ်မ. . . ကျွန်တော် ခင်မောင်ဝင်းပါ. . . ဒေါ်ခင်မြင့်ပြောလို့ အစ်မ ဒီရောက်နေတယ်ဆို. . . ကျွန်တော် ဘာကူညီရမလဲဗျ"

"ဟုတ်တယ် ကိုခင်မောင်ဝင်း. . . ကျွန်မ ရှင့်အကူအညီလိုတယ်. . . အခု ကျွန်မ Golden Inthar ဟိုတယ်မှာ . . . နည်းနည်းအရေးကြီးတော့ မြန်မြန်တွေ့မှဖြစ်မယ်. . . ရှင်လာနိုင်မလား"

ည(၇)နာရီ။

**Golden Inthar** ဟိုတယ်စားသောက်ခန်းမ။

စန္ဒာမင်းလတ်နှင့်ခင်မောင်ဝင်းတို့ အရေးတကြီးဆွေးနွေးကြသည်။ စန္ဒာမင်းလတ်က အင်းလေးအထည်ဈေးကွက်ကို သေသေချာချာအသေးစိတ်မေးသည်။ လိုအပ်လျှင် ယက်ကန်းရုံများအထိ သူမကိုယ်တိုင်သွားရောက်မည်ဟု စန္ဒာမင်းလတ်ကပြောသည်။

"ကျွန်တော်လည်း အစ်မတို့နဲ့ပြန်ပြီးလက်တွဲခွင့်ရတာကို ဝမ်းသာပါတယ်. . . လောလောဆယ် အစ်မလေ့လာချင်ရင် ညောင်ရွှေဈေးထဲမှာ ကျွန်တော့်မိတ်ဆွေဆိုင်တွေရှိတယ်. . . တစ်ခုတော့ရှိတယ် အစ်မ. . . ကျွန်တော်က ဒီဈေးကွက်နဲ့ နည်းနည်းတော့အလှမ်းဝေးသွားခဲ့တယ်ဗျ. . . ဆိုင်ကယ်ဝယ်ရောင်းဘက်ကို ကျွန်တော်ရောက်သွားတယ်. . . ဒါပေမဲ့ ကျွန်တော်ကူညီပါ့မယ်"

ခင်မောင်ဝင်းက စိတ်စေတနာအပြည့်နှင့်ပြောသည်။

"ကျွန်မလည်း ကျေးဇူးတင်ပါတယ်"

စန္ဒာမင်းလတ်စကားမဆုံးမီ ဟိုတယ်မန်နေဂျာနှင့်ဝန်ထမ်းများ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အထူးသီးသန့်ခန်းဘက်မှ လူတစ်စုထွက်လာသည်ကိုတွေ့ရသည်။ အသားညိုညို၊ အရပ်မြင့်မြင့်လူရွယ်တစ်ယောက်ကိုခြံရံလျှက် ပြုံးရွှင်စွာစကားပြော ရင်းထွက်လာသောလူစု၏ရှေ့တွင် ဟိုတယ်မန်နေဂျာက ရိုရိုသေသေလမ်းပြခေါ်ဆောင်လာ

သည်။ ထိုလူရွယ်သည် ပြုံးပြုံး ရွှင်ရွှင်နှင့်ခေါင်းညိတ်ရာက အမှတ်မထင် စန္ဒာမင်းလတ်ဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ၏စူးရှထက်မြက်သောအကြည့်က စန္ဒာမင်းလတ်၏မျက်လုံးများသို့ စက္ကန့်ပိုင်းမျှထိုးဖောက်ဝင်ရောက်သွားသည်။ ခဏအတွင်းပင် မျက်နှာလွှဲကာ ဒီနွေမပျက် ဟိုတယ်အပြင်သို့ထွက်သွားသည်။ စန္ဒာမင်းလတ် ရုတ်တရက်အငိုက်မိသွားပုံပေါ်သော်လည်း ယုံကြည်မှုအမြဲရှိနေသော သူမ၏မျက်လုံးများက ထိုအကြည့်ကို ခုခံနိုင်ခဲ့သည်။ သို့သော် ရင်တော့ နည်းနည်းခုန်သွား၏။

"ဒီဟိုတယ်က VIP တွေလည်း တည်းပုံရတယ်နော်"

စန္ဒာမင်းလတ်က ခပ်အေးအေးဟန်ဖြင့် ခင်မောင်ဝင်းကိုမေးလိုက်သည်။

"အစ်မက ခုနကလူတွေကိုကြည့်ပြီးပြောတာနဲ့တူတယ်. . . သူက ကျွန်တော်တို့ပြည်နယ် ဝန်ကြီးချုပ်ပါ. . . ကျွန်တော်တို့ အင်းသားပဲ အစ်မရဲ့"

စန္ဒာမင်းလတ် ကိုကာကိုလာခွက်ကိုသောက်ရာမှ အမြန်ပြန်ချထားလိုက်ပြီးမေးလိုက်သည်။

"ဒါဆို သူက ဦးတင်ကျော်ဦးပေါ့"

ခင်မောင်ဝင်းက ပြုံးပြီးပြန်ဖြေသည်။

"ကိုတင်ကျော်ဦးပါ အစ်မ. . . သူက အသက် ၃၆-၃၇ လောက်ပဲရှိသေးတာ. . . အရမ်းတော်တယ် အစ်မရဲ့. . . အင်းသားတွေက သူ့ကို အတော်လေးစားချစ်ခင်ကြတယ်. . . အားကိုးတာလည်း ပါတာပေါ့ အစ်မ. . . သူက ပညာတတ်တယ်. . . အောက်သက်ကြေတယ် . . . သူ့အဖေကိုလည်း အင်းထဲကချစ်ကြတယ်. . . အဖေကတော့ ဆုံးသွားတာကြာပြီ . . . အဖေလည်းမရှိတော့ဘူး. . . သူ့မှာ ညီမလေးတစ်ယောက်ပဲရှိတယ်"

သြ ရ သ စာ ပေ

"အိုးခေ ကိုခင်မောင်ဝင်း. . . အိုးခေ. . . သူ့ညီမနာမည်က နိုင်သင်းကျော်. . . ကျွန်မကို ဒီဟိုတယ်အထိလိုက်ပို့ ပေးသွားတယ် . . . ဒါလည်း သူတို့ဟိုတယ်ပဲ ဟုတ်"

စန္ဒာမင်းလတ်က စကားကို ဝင်ဖြည့်ပေးလိုက်ခြင်းဖြစ်သည်။ ခင်မောင်ဝင်းကတော့ ပို၍အံ့ဩဟန်ဖြင့် စကားဆက်ပြန်သည်။

"အစ်မက ဘယ်လိုလုပ်ဝန်ကြီးချုပ်ညီမနဲ့ သိနေတာလဲ. . . ဝန်ကြီးချုပ်နဲ့ရော မသိဘူးလား. . . သူနဲ့သိရင် ပိုအဆင်ပြေတာပေါ့"

စန္ဒာမင်းလတ်က သက်ပြင်းအသာချရင်း ဇာတ်ကြောင်းကို ပြောပြသည်။

"အဲဒီဝန်ကြီးချုပ်ကြောင့် ခုလိုပြဿနာဖြစ်နေတာပေါ့"

ဟုအစချီကာ စ၊ လယ်၊ ဆုံး ပြောပြလိုက်သည်။ စန္ဒာမင်းလတ် သတိထားမိသည်မှာ ဇာတ်လမ်းတဖြည်းဖြည်းပေါ်လာချိန်တွင် ခင်မောင်ဝင်း၏မျက်နှာမှာ တဖြည်းဖြည်းလေးနက်လာခြင်းဖြစ်သည်။ ဇာတ်လမ်းဆုံးသောအခါ ခင်မောင်ဝင်းလည်း ငြိမ်ကျသွားသည်။ စန္ဒာမင်းလတ်က မေးခွန်းထုတ်မှလှုပ်လာသည်။

"ဘယ်လိုဖြစ်သွားတာလဲ ကိုခင်မောင်ဝင်းရဲ့"

"ဩော် - ဟုတ်တယ်ဗျ. . . ကျွန်တော်တွေးနေတာဗျ"

"ဘာတွေတွေးနေတာလဲ"

"အို - ကျွန်တော်က အထည်ဈေးကွက်နဲ့ အဆက်ပြတ်သွားတာကြာတော့ အခြေအနေမှန်တွေ မသိတော့ဘူး. . . နောက်ပြီး အစ်မပြောသလို ဝန်ကြီးချုပ်ရွေးကောက်ပွဲကတိဆိုရင် ကျွန်တော်လည်းမလုပ်ရဲဘူးဗျ"

"ဒါဆို ရှင်က ဒီရွေးကောက်ပွဲကတိကို အရင်တုန်းကမသိခဲ့ဘူးလား"

"ဟုတ်ကဲ့ဗျ မစန္ဒာ. . . အရင်တုန်းကသတိမထားမိခဲ့ဘူးဆိုတာ ကျွန်တော်ခရီးလွန်နေချိန်တွေများလို့ပါ. . . အခုသတိထားမိသွားပြီဆိုတော့ ကျွန်တော်အားနာနာနဲ့ပြောချင်ပါတယ်. . . ဝန်ကြီးချုပ်ဟာ ကျွန်တော်တို့လေးစားရတဲ့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ပါ. . . သူပေးထားတဲ့ကတိဟာ တန်ဖိုးရှိပါတယ်. . . သူ့ကတိအတိုင်း ကြိုးစားမှာသေချာပါတယ်. . . ဒီတော့ ကျွန်တော့်ကိုနားလည်ပေးပါ. . . ကျွန်တော့်ဝန်ကြီးချုပ်ကို မကူညီနိုင်ရင်တောင် ကျွန်တော်ဟာ အနှောင့်အယှက်ပေးတဲ့ လူတစ်ယောက်အဖြစ် မခံနိုင်လို့ပါဗျာ. . . ကျွန်တဲ့ပုဂ္ဂိုလ်ရေးအကူအညီလိုရင် ကျွန်တော့်ကိုပြောပါဗျ"

စန္ဒာမင်းလတ်အံ့အားသင့်သွားသည်။ စကားလမ်းစပြတ်သွားပြီ။ သူမဘာစကားမှမပြောချင်တော့။ ခင်မောင်ဝင်းကိုကြည့်ကာ ခေါင်းအသာယမ်းပြလိုက်သည်။ ခင်မောင်ဝင်းက ယဉ်ကျေးစွာပြုံးပြနေသည်။

"အစ်မ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး. . . အစ်မရဲ့ပုဂ္ဂိုလ်ရေးအကူအညီအတွက်ဆို အချိန်မရွေးဖုန်းဆက်လိုက်ပါဗျ. . . ကျွန်တော်ကူညီဖို့အသင့်ပါပဲ"

ခင်မောင်ဝင်း ထွက်သွားလေပြီ။

သူမကိုကူညီနိုင်မည့်သူမရှိတော့ဟူသောအတွေးဖြင့် အားတင်းကာ ရင်ဆိုင်မည်ဟု စန္ဒာမင်းလတ်ဆုံးဖြတ်လိုက်သည်။ မနက်ညောင်ရွှေဈေးထဲသွားမည်။ ပြီးလျှင် အင်းထဲကယက်ကန်းစင်တွေကိုသွားမည်။ အသေးစိတ်စုံစမ်းပြီးမှ ဘာလုပ်ရမည်ကိုဆုံးဖြတ်မည်။ သူမအတွေးဆုံး၍ စားပွဲကိုကြည့်လိုက်တော့ ခင်မောင်ဝင်းမရှိတော့။ သူမနားလည်ပါသည်။ အင်းသားများသည် အလွန်ရိုးသား၍ဖော်ရွေကြသည်။ အကြောက်တရားက လူတို့၏ပင်ကိုစရိုက်ကို ပျောက်သွားစေသည်မဟုတ်ပါလော။ စန္ဒာမင်းလတ် ကြိတ်ပြီးပြုံးလိုက်မိသည်။ ခပ်လှုင်း

လှမ်းတွင်ရပ်နေသော ဟိုတယ်ဝန်ထမ်းကိုလှမ်းခေါ်ကာ ဘေလ်တောင်းလိုက်သည်။ ဟိုတယ်ဝန်ထမ်းလေးထွက်သွားပြီး မန်နေဂျာနှင့်အတူ ပြန်ရောက်လာသည်။

"ဟုတ်ကဲ့ ဒေါ်စန္ဒာမင်းလတ်ခင်ဗျား . . . ဒီမှာတည်းခိုစားသောက်ခမှန်သမျှကို ပေးစရာမလိုပါဘူး . . . ဒီဟိုတယ်ပိုင်ရှင်က အားလုံးတာဝန်ယူထားပါတယ်"

"အို - အားနာစရာကြီး . . . အဲဒီလောက်တော့လုပ်ဖို့ မကောင်းဘူး . . . ခဏလေး"

စန္ဒာမင်းလတ် လက်ကိုင်ဖုန်းကိုထုတ်ကာ ခိုင်သင်းကျော်ဆီ လှမ်းဆက်သည်။ ခိုင်သင်းကျော်က အသံချိုချိုသွက်သွက်ဖြင့် စန္ဒာမင်းလတ် အားမနာရအောင်ပြောနေသည်။ စကားတတ်သည့်ကောင်မလေး။

"ကဲ - ကောင်းပါပြီ မန်နေဂျာကြီး . . . ရှင်တို့ကိုကျေးဇူးတင်ပါတယ်"

မန်နေဂျာက တစ်ချက်ရယ်ပြပြီး သူ့အလုပ်ခန်းသို့ပြန်ထွက်သွားသည်။ စန္ဒာမင်းလတ်လည်း အိပ်ခန်းသို့ပြန်တက်လာခဲ့သည်။ အခန်းရောက်သောအခါ အဝတ်အစားလဲသည်။ ဒေါ်ခင်မြင့်ဆီဖုန်းဆက်သည်။ စန္ဒာမင်းလတ်ပြောသမျှကို တစ်ဖက်မှအင်းလိုက်၍နားထောင်နေသည်။

"ပြန်လာဖို့တော့မဖြစ်နိုင်သေးဘူး ဒေါ်ခင်မြင့်ရယ် . . . ကျွန်မကိုအားစမ်းနေတာပါ . . . ကျွန်မဖြစ်အောင်လုပ်မယ်"

". . . . . . . . . . . . . . ."

"နေပါ နေပါ . . . ဘယ်သူမှ ကျွန်မဆီလာမကူနဲ့ . . . သိပ်ခက်ခဲမယ်မထင်ပါဘူး . . . ကျွန်မတစ်ယောက်တည်း ဖြစ်ပါတယ် . . . အန်တီဝင်းနဲ့ရော အဆက်အသွယ်ရပြီလား"

ညြ ရ သ ဏ ပေ

"..................."

"အင်း - ဆက်ကြိုးစားကြည့်ပါဦး ဒေါ်ခင်မြင့်ရယ်"

"..................."

"ကောင်းပါပြီ. . . ဝွတ်နိုက်"

စန္ဒာမင်းလတ် အိပ်ရာပေါ်လှဲလိုက်သည်။ ဝွမ်းပုံကိုဆွဲခြုံလိုက်သည်။ အိပ်ရေးဝမှဖြစ်မည်၊ လုပ်စရာတွေရှိနေပြီ။ အရပ်မြင့်မြင့် လူညိုချောနှင့်တော့ တစ်ပွဲတစ်လမ်းတွေ့ကြုံတော့မည်။ အချက်အလက်အသေးစိတ်စုံစမ်းပြီးလျှင် လူညိုချော၏ရည်ရွယ်ချက်အမှန်ပေါ်လာလိမ့်မည်။ မဖြစ်နိုင်သောစျေးနှုန်းတောင်းဆိုကာ သူမနှင့်အဆက်ဖြတ်၍ တန်စိုးလက်ဆောင်ပေးသော အခြားကုမ္ပဏီတစ်ခုခုကို စျေးကွက်အပ်ချင်တာမျိုးလည်းဖြစ်နိုင်သည်။ အကယ်၍ သူမအနေနှင့် အင်းလေးအထည်များကို လက်လွှတ်ခဲ့ရလျှင်လည်း ထိုစျေးကွက်ကို မျက်ခြေမပြတ်စောင့်ကြည့်မည်။ အပြောနှင့်အလုပ် ညီ၊ မညီ လေ့လာရလိမ့်မည်။ မညီလျှင် မရိုးသားလျှင် စန္ဒာမင်းလတ်ဘက်က လုပ်စရာတွေရှိနေပြီဖြစ်သည်။ သို့နှင့် အိပ်ပျော်သွားလေသည်။

"အားနာပါတယ် အစ်မရယ်. . . လောလောဆယ် အများကြီး ရောင်းစရာမရှိသေးလို့ပါရှင့်"

ညောင်ရွှေဈေးထဲမှအထည်ဆိုင်ကြီးတစ်ဆိုင်၏ပိုင်ရှင်ဖြစ်သည်။ နောက်တစ်ဆိုင်ဝင်၍မေးကြည့်သည်။ ရောင်းစရာ အများကြီးမရှိသေး။ ပစ္စည်းပြတ်နေသည်ဟုဆိုသည်။ ညောင်ရွှေဈေးထဲမှ အထည်ဆိုင်တွေ အားလုံး ပစ္စည်းပြတ်နေသည်ဟုဆိုသည်။ အတော်ထူးဆန်းနေသည်။ ကိစ္စမရှိ။ ပင်ရင်းယက်ကန်းရုံတွေကို သွားကြည့်မည်။ စန္ဒာမင်းလတ်၏ အာရုံကတော့ အနှောက်အယှက်တစ်ခုခုကိုသိနေသည်။ သို့နှင့် စုံစမ်းမေးမြန်းရင်း အင်းပေါ်ခုံရှိ ယက်ကန်းရုံများသို့ရောက်ခဲ့သည်။ ယက်ကန်းရက်သံတွေကြားနေရသော်လည်း ချည်ထုပ်တွေမဝင်သောကြောင့် ပစ္စည်းများမထွက်ဟုဆိုသည်။ ဒါဆိုလျှင် ချည်ထုပ်များရောက်လာမှ ပစ္စည်းယူမည်၊ ငွေကြိုပေးမည်ဟုဆိုသောအခါ ရိုးသားသော အင်းသူ အင်းသားများ၏မျက်နှာများတွင် တစ်ခုခုစိုးရိမ်ပုံပေါ်လာပြီး ငြင်းကြလေသည်။ ညောင်ရွှေဈေးထဲက ဆိုင်ရှင်ကြီးတွေကိုလည်း ငွေကြိုပေး၍ စာချုပ်ချုပ်ရန် စန္ဒာမင်းလတ် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်သကဲ့သို့ ယခုလည်းကြုံနေရပြန်သည်။ ဟုတ်ပါပြီ။ တစ်ခုခုက သူတို့ကိုတား ဆီးထားပုံရသည်။ စန္ဒာမင်းလတ်စိတ်ထဲမှာ ပို၍ပြတ်သားလာသည်။ ဈေးကွက်စီးပွားရေးကို တစ်စုံတစ်ယောက်အာဏာနှင့်

ဝင်ရောက် ထိန်းချုပ်နေခြင်းသည် ဖွဲ့စည်းပုံဥပဒေနှင့်မကိုက်ညီ။ သူ မလိုအပ်သော အချက်အလက်တွေရပြီ။ ကုမ္ပဏီအနေနှင့် သတင်းစာ ရှင်းလင်းပွဲလုပ်မည်။ ဖွဲ့စည်းပုံနှင့်မကိုက်ညီသော ပြည်နယ်ဝန်ကြီးချုပ် ၏လုပ်ရပ်ကို ပြည်ထောင်စုအစိုးရထံ တိုင်ကြားမည်။ လိုအပ်လျှင် တရားစွဲမည်။ သူမ၏ဥပဒေအကြံပေးအဖွဲ့တွင် အတွေ့အကြုံသစ်တစ် မျိုးထပ်ရမည်။ အတွေးဆုံးသည်နှင့် သူမ၏မော်တော်ဘုတ်(ပုံ့ကျိတ်) သည် ဧည့်သောင်ရွှေကမ်းသို့ပြန်ကပ်လေသည်။ ညနေအတော်စောင်းနေ ပြီ။ ရာသီလေက အတော်အေးနေပြီ။ အလုပ်တာဝန်အရ အင်းလေး၏ အလှအပကိုတောင် သေချာမခံစားလိုက်။ သို့တိုင် ကမ်းပေါ်ရောက်၍ အင်းလေးကန်ကြီးပြန်ကြည့်မိစဉ် စိတ်ထဲ၌ကြည်နူးမှုကိုပေးနိုင်သည်။

ဟိုတယ်သို့ပြန်ပြီး ရေချိုးနှင့်ရေချိုးချင်စိတ်ပေါက်လာသည်။ ရေဝင်ချိုးပြီး အဝတ်အစားလဲ၊ ကြည့်ကောင်းအောင်ပြင်ဆင်ပြီး ညစာ စားရန်ဆင်းလာခဲ့သည်။

စားသောက်ခန်းအတွင်းသို့ဝင်လာစဉ် မန်နေဂျာရပ်စောင့် နေတာ တွေ့ရသည်။

"ဒေါ်စန္ဒာမင်းလတ်ရဲ့ဧည့်သည်တွေ ဧည့်ခန်းထဲမှာစောင့်နေ ပါတယ်"

စန္ဒာမင်းလတ်အံ့ဩသွားသည်။

"အို - ဘယ်ကလဲမသိဘူး. . . ကျွန်မနဲ့ချိန်းထားတာမရှိပါဘူး"

မန်နေဂျာခေါင်းညိတ်ကာ ပျာပျာသလဲပြောသည်။

"ဟုတ်ကဲ့ဗျ. . . သူတို့ကတွေ့ချင်တာဖြစ်ပါလိမ့်မယ်. . . ကြွပါ ခင်ဗျ"

စန္ဒာမင်းလတ်လည်း မန်နေဂျာနောက်မှ ဧည့်ခန်းဆီသို့လိုက် သွားသည်။ ဧည့်ခန်းထဲသို့ရောက်သောအခါ စန္ဒာမင်းလတ်ကို နေရာချ ပေးပြီး မန်နေဂျာပြန်ထွက်သွားသည်။ လူနှစ်ယောက် အနောက်တိုင်း

ဝတ်စုံတွေ သပ်သပ်ရပ်ရပ်ဝတ်ထားပြီး စန္ဒာမင်းလတ်ဝင်လာသောအခါ မတ်တပ်ရပ်၍ကြိုဆိုကြသည်။ စန္ဒာမင်းလတ်ထိုင်ပြီးမှ သူတို့ထိုင်ကြသည်။ ပြီးမှ အသက်နည်းနည်းကြီးပုံရသူက စပြောသည်။

"ဒေါ်စန္ဒာမင်းလတ် ပင်ပန်းနေရင် အားနာပါတယ်. . . ကျွန်တော်တို့လူကြီးက ဒေါ်စန္ဒာမင်းလတ်ကို ညစာကျွေးရင်း ဆွေးနွေးစရာရှိလို့ပါတဲ့. . . အဲဒါ ကျွန်တော်တို့နဲ့လိုက်ခဲ့ပါလား"

စန္ဒာမင်းလတ် သိလိုက်ပါပြီ။ သို့သော် ခပ်တည်တည်နှင့် ပြန်မေးလိုက်သည်။

"ရှင်တို့လူကြီးဆိုတာ ဘယ်သူလဲ. . . ဘာကိစ္စဆွေးနွေးမှာလဲ"

အသက်ကြီးပုဂ္ဂိုလ်က မဆိုင်းမတွပင် ပြန်ဖြေသည်။

"ပြည်နယ်ဝန်ကြီးချုပ်ပါခင်ဗျ. . . ကိစ္စကတော့ ကျွန်တော်တို့လည်း သိခွင့်မရှိပါဘူးခင်ဗျာ"

စန္ဒာမင်းလတ် ခေတ္တစဉ်းစားလိုက်ပြီး ဆုံးဖြတ်လိုက်သည်။

"အိုးခေ. . သွားကြတာပေါ့"

စန္ဒာမင်းလတ်ကို အနက်ရောင်စလွန်းကားနှင့် ခေါ်သွားကြလေသည်။

ဥရောပဆန်သောညစာစားပွဲလေးတစ်ခုဖြစ်သည်။ အူကြောင် ကြောင်နိုင်လှသော်လည်း စကားပြောကောင်း၊ ညှော်ခံကောင်းသော တင်ကျော်ဦးကြောင့် စန္ဒာမင်းလတ်အဖို့ အနေအထိုင်သိပ်မခက်လှပေ။ ထမင်းစားပွဲတွင် နှစ်ယောက်တည်းရှိသည်။ ဘေးမှပြင်ဆင်ဆောင် ရွက်ပေးနေသော ကြီးကြီးရို၏စေတနာကလည်း ကောင်းလှသည်။ ကြီးကြီးရိုဆိုသည်မှာ ခိုင်သင်းကျော်ပြောပြခဲ့ဖူးသည့် မိခင်လိုစောင့် ရှောက်ခဲ့သောကြီးကြီးဖြစ်သည်။ ကြီးကြီးရိုကို ခိုင်သင်းကျော်ပြောပြ၍ သိရှိကြောင်း၊ ခင်မင်စရာအလွန်ကောင်းကြောင်းပြောသောအခါ ကြီးကြီး ရိုမှာ အတော်ပင်သဘောကျနေသည်။ သူ့တူနှင့်တူမကိုလည်း အတော် ချစ်ဟန်တူသည်။ ထမင်းစားပွဲတွင် ပေါ့ပေါ့ပါးပါးအရွှန်းတွေ ဖောက်၍ တစ်ခါမှမသိဖူးသော ညှော်သည်ကိုညှော်ခံနေသော တင်ကျော်ဦး၏ အရည် အသွေးကို ခန့်မှန်းလို့ရသည်။ အိမ်ထဲရောက်သည်နှင့် ဝမ်းပမ်းတသာ ဆီးကြို၊ ကြီးကြီးရိုနှင့်မိတ်ဆက်၊ ထမင်းစားပွဲဆီတန်းခေါ်၊ အစီအစဉ် တကျ လုပ်ထားသလားထင်ရသည်။ သာကြောင်းမာကြောင်း၊ နေထိုင်ရ တာ အဆင်ပြေစေလိုကြောင်းတွေ လှိုင်လှိုင်ပြောသည်။ အစ ပထမတွင် ထမင်းစားရင်း အလုပ်အကြောင်းဆွေးနွေးတတ်သည့် လုပ်ငန်းရှင်များ ၏ ထုံးစံအတိုင်းသွားလိမ့်မည်ဟု သူမထင်ခဲ့သည်။

"မစန္ဒာ စားဗျ . . . စားလို့ချိုလား"

"ရှင်"

စန္ဒာမင်းလတ် နားမလည်လိုက်သည်ကိုသိသည်။

"ကျွန်တော်တို့အင်းသားတွေက ထမင်းစားလို့ကောင်းလား ဆိုရင် စားလို့ချိုလားလို့မေးတယ်"

"ဪ - ဟုတ်ကဲ့ . . . ကောင်းတယ် . . . စားလို့ချိုတယ်"

ပြောရင်း ရယ်ကြသည်။ ကြီးကြီးရီ၏ အင်းသံဝဲဝဲက ချစ်စရာကောင်းသည်။ စားသောက်လို့ပြီးသောအခါ ညှိခန်းဘက်သို့ရွှေ့ကြသည်။ ညှိခန်းစားပွဲတွင် အပူအအေးနှင့် စားစရာအချိုပွဲတွေ။

"ကဲ - မစန္ဒာ . . အပူသောက်မလား . . . အအေးသောက်မလား"

ဆောင်းတွင်းကြီး အအေးသောက်ဖို့မဖြစ်နိုင်။ သို့သော် ကိုကာကိုလာရေခဲမပါ၊ အအေးမခံဘဲ သောက်ချင်လာသည်။ ကြီးကြီးရီက စီစဉ်ပေးသည်။ တင်ကျော်ဦးကတော့ ကော်ဖီခပ်ပြင်းပြင်းကိုသောက်သည်။ ကော်ဖီခပ်ပြင်းပြင်းသောက်သော ယောကျ်ားတွေကို စန္ဒာမင်းလတ်မုန်းသည်။ ကော်ဖီခါးခါးသောက်သည့် သူမ၏ယောကျ်ားလေးမိတ်ဆွေများသည် လောကအပေါ် ခါးသက်သက်အမြင်ရှိကြသည်ဟု သူမထင်သည်။ သူမ၏အတွေးစကို တင်ကျော်ဦးစကားသံက ဖြတ်ချလိုက်သည်။

"ကဲ - မစန္ဒာ . . . ကျွန်တော်တို့အလုပ်ကိစ္စလေး ဆွေးနွေးကြရအောင်ဗျာ . . . ခိုင်သင်းကျော်ကတော့ မစန္ဒာကို အတော်အားကျတယ် . . . မစန္ဒာလိုပဲ စီးပွားရေးသမားကောင်းဖြစ်ချင်တယ် . . . ကျွန်တော်လည်း စီးပွားရေးသမားကောင်း ဖြစ်ချင်ခဲ့တာပါပဲ . . . ဒါပေမဲ့ လုပ်ပိုင်ခွင့်ဝင်ကျတော့ မတူဘူးဗျ . . . အဲဒီတော့ နိုင်ငံရေးသမား ပိုဖြစ်ချင်လာတယ် . . . စီးပွားရေးသမားတွေထက်ပိုပြီး ကြီးတဲ့

ကိုယ်ကျင့်သိက္ခာတွေကိုတော့ ထမ်းရတာပေါ့. . . ကျွန်တော့်စကားလုံးတွေ ကြီးသွားရင်ခွင့်လွှတ်ပါ. . . အလုပ်ကိစ္စကို သွားပါတော့မယ် . . . မစန္ဒာဟာ ကျွန်တော်တို့ အင်းလေးထွက်အထည်တွေကို ကမ္ဘာအနှံ့အပြားရောက်အောင် ပို့ပေးခဲ့လို့ ကမ္ဘာကပိုသိလာတယ်. . . ဒါကြောင့်ကျွန်တော်တို့အပေါ် ကျေးဇူးရှိပါတယ်"

စန္ဒာမင်းလတ်စကားဝင်ဖြတ်လိုက်သည်။

"နို:. . . မဟုတ်ဘူးဆရာ. . . ကျွန်မစီးပွားရေး ကျွန်မလုပ်တာပါ. . . အင်းလေးအထည်မှမဟုတ်ဘူး. . . တခြားတိုင်းရင်းသားအားလုံးရဲ့ အထည်တွေလည်း ဈေးကွက်ဝင်ရင်တင်ပို့တာပါပဲ. . . ဒါကျွန်မစီးပွားရေးပါ"

တင်ကျော်ဦး ခပ်ပြုံးပြုံးလေးနှင့်ဆက်ပြောသည်။

"ဟုတ်ပါတယ် မစန္ဒာ. . . စီးပွားရေးဆိုပေမယ့် ကျွန်တော်တို့အတွက်တော့ ရွှေလမ်းငွေလမ်းပွင့်သလိုပါပဲ. . . ဒီအတွက် ကျေးဇူးတင်တာပါ. . . ပြီးတော့ ကျွန်တော်တို့ဘက်က ကျေးဇူးကန်းသလိုအဖြစ်မခံနိုင်ဘူး. . . ဒီတော့ မစန္ဒာတို့ကုမ္ပဏီနဲ့ပဲ အလုပ်ဆက်လုပ်ချင်တယ်"

စန္ဒာမင်းလတ် စကားဝင်ဖြတ်လိုက်သည်။

"ဒါဆိုရင် ဈေးလျှော့တောင်းပေါ့"

တင်ကျော်ဦး ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"အဲဒါကို ကျွန်တော်ရှင်းပြချင်တာပါ. . . ကျွန်တော့်အနေနဲ့မစန္ဒာတို့နဲ့မချိတ်ဆက်တော့ဘဲ တခြားကုမ္ပဏီတွေနဲ့ တိုက်ရိုက်လုပ်လို့ရပါတယ်. . . နောက်ဆုံးကုန်ကုန်ပြောရင် ကျွန်တော်တို့အင်းသားလုပ်ငန်းရှင်တွေစုဖွဲ့ပြီး ကုမ္ပဏီထောင်၊ နိုင်ငံခြားဈေးကွက်ပို့ ဆိုလိုချင်တာက မစန္ဒာတို့ဖောက်ထားတဲ့လမ်းထဲမျှောလိုက်ရုံပါပဲ. . . ဒါမျိုးကျွန်တော်မလုပ်ချင်ဘူး. . . ကျွန်တော်တို့ဘက်ကထားတဲ့ သဘောထား

အမှန်ပါ. . . ဒါကြောင့် ကျွန်တော်တို့ဘက်က ပစ္စည်းအရည်အသွေးနဲ့အရေအတွက်ကို ပိုပြီးကောင်းအောင်လုပ်ပေးမယ်. . . မစန္ဒာတို့ဘက်ကတော့ ဈေးကို ၁၀၀%တိုးပေးရမယ်"

စန္ဒာမင်းလတ်ထိုင်နေရာမှ ကိုယ်ကိုအသာမတ်လိုက်သည်။

"အဲဒါက ကျွန်မတို့ကြားမှာ အဆင်မပြေတဲ့ပြဿနာပါပဲ. . . အဝတ်အထည်တွေ နိုင်ငံခြားပို့လို့ ကျွန်မအများကြီးမြတ်နေတယ်လို့ ရှင်ကောက်ချက်ဆွဲနေတယ်. . . ကျွန်မရဲ့စီးပွားရေးကပေါ်လစီရှိတယ်. . . အမြဲတမ်းအကျိုးတူစီးပွားရေးပုံစံကိုပဲ စဉ်းစားတယ်. . . ကျွန်မက တစ်ဖက်သတ်ဆက်ဆံတာ မကြိုက်ဘူး. . . ကျွန်မလည်း မလုပ်ဘူး"

စန္ဒာမင်းလတ်စကားသံက လေးနက်မာကြောလာသည်။

"ကျွန်မ အင်းလေးအထည်တွေရောင်းလာတာ အချိန်တစ်ခုတော့ကြာလာပြီ. . . ဘာပြဿနာမှရှိပုံမရဘူး. . . နောက်ပြီး အယ်လ်ကျော်နဲ့ဆက်ဆံခဲ့တာ ဘာအခုအခံမှမရှိဘူး. . . ခုမှ ဘယ်လိုဖြစ်လို့ ရုတ်တရက်အခြေအနေပြောင်းသွားတာလဲ ကျွန်မနားမလည်ဘူး. . . ကျွန်မစီးပွားရေးလုပ်တယ်ဆိုရာမှ ကျင့်ဝတ်ကို သိပ်အလေးထားပါတယ် . . . နောက်ပြီး ပွင့်ပွင့်လင်းလင်းပြောရလျှင် ကိုတင်ကျော်ဦးဝန်ကြီးချုပ်ဖြစ်လာမှ ဒီပြဿနာဝင်လာတယ်လို့ထင်တယ်"

တင်ကျော်ဦး၏မျက်နှာမှာ အတော်တည်ငြိမ်နေသည်။ လေးလေးနက်နက်ရှိနေသည်။ ပြီးမှ စကားကိုတစ်လုံးချင်း စပြောလေသည်။

"အရင်တုန်းက ဒီလောက်အလေးမထားခဲ့ကြလို့ပဲဆိုပါစို့. . . ကျွန်တော်ကတော့ ဒီနေရာမှာမွေး၊ ဒီနေရာမှာကြီးပြီး ဒီနေရာရဲ့လိုအပ်ချက်တွေကို ပိုသိလို့နေမှာပေါ့. . .

မစန္ဒာသိပါတယ်. . . ကျွန်တော်တို့အင်းသားတွေရဲ့သမိုင်းကြောင်းဟာ ထူးထူးခြားခြားဆိုတာကိုပေါ့. . . ကျွန်တော်တို့ဘိုးဘွား

ဘိုးဘင်တွေဟာ ဒီအင်းလေးကန်ကြီးထဲမှာ ဘာကြောင့်အခြေချခဲ့သလဲ ဆိုတာ စိတ်ဝင်စားစရာမကောင်းဘူးလား. . . လူတွေရဲ့သဘာဝဟာ မထူးဆန်းဘူးလား. . . ဒီကမ္ဘာကြီးထဲမှာ ကျွန်တော်တို့လို ရေကန်ကြီးထဲ အိမ်တွေ၊ ရွာတွေတည်ဆောက်ပြီး နေတဲ့လူမျိုးစုတွေ ဘယ်လောက်ရှိမယ်ထင်သလဲ. . . သိပ်ကိုနည်းပါတယ်. . .

ကျွန်တော့်အထင် ကျွန်တော်တို့ဘိုးဘွားတွေဟာ ဒီအင်းလေးကန်ကြီးဆီရောက်လာမယ်. . . တောင်ပတ်လည်ဝိုင်းရံပြီး အင်မတန်လှပတဲ့ ဟောဒီရေကန်ကြီးဆီကမခွာရက်နိုင်အောင် ဖြစ်သွားကြမယ် . . . ရေတွေဟာကြည်စိမ်းပြီး ဟိုးအောက်ဘက်ကမြေပြင်ကြီးကိုတောင်မြင်နိုင်မယ်. . . စားစရာငါးတွေကလည်းပေါမယ်. . . ကန်ပတ်လည်ကမြေတွေဟာလည်း စိုက်လို့ပျိုးလို့အင်မတန်ကောင်းမယ်. . . အထူးသဖြင့် လမင်းထိန်ထိန်သာတဲ့အချိန် အင်းလေးကန်ကြီးရဲ့အလှဟာ ကျွန်တော်တို့ဘိုးဘွားဘိုးဘင်တွေဘာမှစားစရာမလိုအောင် ရသဖြစ်မှာသေချာတယ်. . . ဒီလိုနဲ့ အိမ်တွေကို ရေကန်ထဲမှာဆောက်ကြမယ်. . . ရေထဲမှာ အိမ်ဆောက်နေတာဟာ ခုနက ကျွန်တော်ပြောခဲ့သလို အနုပညာဆန်ဆန် ဖြစ်ကောင်းဖြစ်နိုင်သလို သားရဲတိရစ္ဆာန်တွေရဲ့ အန္တရာယ်က ကာကွယ်ပြီးသားလည်းဖြစ်နိုင်ပါတယ်. . .

ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့ဘိုးဘွားတွေဟာ အနုပညာခံစားတတ်သူတွေဖြစ်သလို လုံခြုံရေးအမြင်လည်းရှိသူတွေပါ. . . ဒ့ါအပြင် လှေကိုခြေထောက်နဲ့လှော်တဲ့လူမျိုး တခြားဘယ်မှာများ မစန္ဒာတွေ့ဖူးပါသလဲ. . . ဒီကိစ္စဟာ အတော်မလွယ်တဲ့ကိစ္စပါ. . . ခန္ဓာကိုယ်ရဲ့အယူအဆ မျှခြေဟာသိပ်အရေးပါတယ်. . . ကျွန်တော်တို့ဘိုးဘွားတွေဟာ မျှခြေသဘောတရားကိုသိတယ်. . . ပြီးတော့ ခြေထောက်နဲ့လှော်ရင်ရလာမယ့် အကျိုးအမြတ်နှစ်ခုရှိတယ်. . . ပထမတစ်ခုက လက်နဲ့လှော်တာထက်ပိုမြန်တယ်. . . ဒုတိယတစ်ခုက လက်နှစ်ဖက်လုံးလွှပ်ရှားခွင့်

ရသွားတယ်. . . ဒီတော့ လှေလှော်ရင်း ကွန်ပစ်မလား. . . ဆောင်ပုံအုပ်မလား. . . မှိန်းထိုးမလား စတဲ့အလုပ်တွေ ပိုလုပ်နိုင်တယ်. . . ဒါတွေဟာ ကျွန်တော်တို့ ဘိုးဘွားတွေရဲ့ သိပ္ပံနည်းကျစဉ်းစားပြီး တီထွင်ခဲ့တာဖြစ်ပါတယ်. . . ရေမြေတောတောင် သဘာဝအရကြည့်လိုက်ရင်ပဲ မစန္ဒာသိမှာပါ. . . ဒီမှာနေထိုင်တဲ့လူတွေဟာ ဘယ်လောက်အေးချမ်းလိုက်သလဲ. . . ရိုးရိုးရှင်းရှင်းဘဝတွေကို ချစ်တတ်သူတွေဆိုတာ သေချာပါတယ်"

"ဒါပေမဲ့. . . ."

တင်ကျော်ဦး၏စကားက ရုတ်တရက်ပြတ်တောက်သွားသည်။ သူ၏ထူထဲနက်မှောင်သောမျက်ခုံးများက တွန့်ကြေလျက် တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေပုံရသည်။ ပြီးမှ

"သဘာဝအလှကို လူတွေကပဲဖျက်ဆီးပစ်လိုက်ကြတယ်. . . ဘယ်သူတွေမှာ အဓိကတာဝန်ရှိတယ်ဆိုတာ ကျွန်တော်မစွပ်စွဲချင်ဘူး . . . ဒါပေမဲ့ ကျွန်တော်တို့အင်းသားတွေရဲ့ဘဝကို အင်းသားတွေကိုယ်တိုင်ပဲ အဓိကတာဝန်ယူရမယ်ဆိုတာ သေချာပါတယ်"

တင်ကျော်ဦးနေရာပြင်၍ထိုင်လိုက်သည်။

"တောတွေပြုန်းလာတယ်. . . အဓိကကတော့ ထင်းခုတ်လို့ပေါ့ . . . သစ်ပင်တွေနည်းလာတဲ့ ဟောဒီရေကန်ပတ်လည်က တောင်တွေဟာ ရေတွေငုံမပေးနိုင်တော့ဘူး. . . မြေတွေထိန်းမထားပေးတော့ဘူး . . . ဒီတော့ ရေကန်ဟာတိမ်ကောလာတယ်. . . ငါးတွေရှားလာတယ်. . . မစန္ဒာ ကျွန်တော်တို့အင်းသားတွေခေါ်တဲ့ ငါးဒုက္ခကိုစားပြီးပြီလားမသိဘူး"

စန္ဒာမင်းလတ်ခေါင်းခါယမ်းလိုက်သည်။

ငါးဒုက္ခဆိုတာ သေပြီးဟင်းစားဖြစ်သွားတာတောင် အင်မတန်ဒုက္ခကြီးလို့ ငါးဒုက္ခလို့နာမည်ပေးထားတာ. . . ဒီအင်းလေးကန်ထဲမှာ သာတွေ့ရတတ်တဲ့ ငါးဖိန်းလို့ခေါ်တဲ့ငါးကိုပဲ ငါးဒုက္ခလုပ်စားကြရတာပေါ့"

တင်ကျော်ဦးက ပေါ့ပေါ့ပါးပါးရယ်မောလိုက်သည်။ စန္ဒာမင်းလတ်လည်းနားထောင်ကောင်းကောင်းဖြင့်·နားထောင်မိနေရာ ရောယောင်၍ရယ်မိသွားသည်။

"အဲဒါ ငါးဒုက္ခလုပ်ခံရတဲ့ငါးဖိန်းတွေဟာ အခုတော့ တကယ်ဒုက္ခရောက်နေပြီ. . . အဆိုးဆုံးကတော့ ကျွန်းမျောစိုက်ပျိုးရေးလုပ်ငန်းပဲ. . . ကျွန်းမျောတွေမှာ ခရမ်းချဉ်သီးကို အဓိကထားပြီးစိုက်ကြတယ်. . . ပြီးတော့ ပိုးသတ်ဆေးတွေ၊ ဓာတုအားတိုးဆေးတွေသုံးကြတယ်. . . ကျွန်တော်တို့အင်းသားတွေ တစ်လျှောက်လုံး ခရမ်းချဉ်သီးစိုက်လာတာ. . . ဒါမှမစိုက်ရင် တခြားအစားထိုးစရာမရှိဘူး"

တင်ကျော်ဦးက စန္ဒာမင်းလတ်ကို တစ်ချက်ကြည့်ပြီး စကားဆက်ပြောသည်။

"ဒီလောက်ဆို မစန္ဒာနားလည်မှာပါ. . . ကျွန်တော်တို့လူမျိုးစုတွေကို ကျွန်တော်လုပ်ပေးစရာတွေ အများကြီးရှိနေပါတယ်. . . ဒီအတွက် ပြည်တွင်းပြည်ပက အကူအညီတွေလည်း အများကြီးလိုအပ်နေပါတယ်. . . အင်းလေးကန်ကြီးကိုသာ မကယ်တင်နိုင်ဘူးဆိုရင် လူမျိုးတစ်မျိုးရဲ့ သမိုင်းဟာ ပြီးဆုံးသွားပါပြီ. . . ဒီထက်ပိုပြီးစိတ်မကောင်းစရာဖြစ်ရမှာက သဘာဝတရားရဲ့အလှမျက်နှာစာတစ်ခုပျက် ဆီးသွားတာပါ. . . ကမ္ဘာကြီးရဲ့အလှမျက်နှာမှာ မှဲ့ခြောက်တစ်ကွက်တိုးသွားတဲ့အပြင် အဲဒီကတစ်ဆင့် ကမ္ဘာကြီးကင်ဆာမဖြစ်ဖို့ပဲ ဆုတောင်းကြရမှာပါ. . . ခုတော့ ကျွန်တော်တို့အချိန်မီဦးမှာပါ. . . ကျွန်တော်လည်း ကြိုးစားကြည့်ချင်ပါတယ်. . . ကျွန်တော်တို့အင်းသားတွေရဲ့ လက်မှုအထည်တွေကို ကမ္ဘာကြီးနဲ့ မိတ်ဆက်ပေးခဲ့တဲ့ မစန္ဒာတို့လိုလူမျိုးတွေရဲ့ အကူအညီနဲ့ အင်းလေးကန်ကြီးကိုကယ်တင်ချင်ပါတယ်"

တင်ကျော်ဦးစကားကိုခဏနားပြီးမှ ပြန်ဆက်လိုက်သည်။

"အင်းလေးဒေသက အခြေခံ လူတွေတိုးတက်ကြီးပွားဖို့လို တယ်. . . အင်းလေးထွက်ပစ္စည်းတွေ အများကြီးရှိပါတယ်. . . ဒါပေမဲ့ အထည်တွေကိုပဲရွေးပြီး ကျွန်တော်ဘာကြောင့်ပြောရသလဲဆိုတော့ လက် ယက်ကန်းထွက် လက်လုပ်ထည်တွေဖြစ်နေလို့ပါပဲ. . . ဒီနေ့ကမ္ဘာ မှာ ဟန်းမိတ်လို့ခေါ်တဲ့ လက်လုပ်ထည်တွေရဲ့တန်ဖိုးကို လူတိုင်း နားလည်နိုင်ကြပါတယ်. . . အင်္ကျီတစ်ထည်ဖြစ်ဖို့ ဘယ်လိုခက်ခဲတယ် ဆိုတာ လူတိုင်းစဉ်းစားနိုင်ကြ မှာပါ. . . စဉ်းလည်း စဉ်းစားသင့် ကြပါတယ်. . . ဒီလူတွေရဲ့လုပ်အားတွေဟာ ထိုက်ထိုက်တန်တန် မပေး သင့်ဘူးလား. . , သူတို့ဘဝတွေ မြင့်မားလာအောင် မကူညီ သင့်ဘူးလား. . . သူတို့ရဲ့လူနေမှုအဆင့်မြင့် လာတာနဲ့အမျှ အင်းလေးကန်ကြီးလည်း ပိုလှပလာမယ်. . . အမွေအနှစ်တွေကို ထိန်းသိမ်းနိုင်မယ်. . . အင်းလေးကန်ကြီးလည်း ရေရှည်တည်တံ့နိုင်မယ်"

စန္ဒာမင်းလတ် အတော်သည်းခံ၍နားထောင်နေသည်။ ပြီးမှ ခပ်ပြတ်ပြတ်ဝင်ပြောလိုက်သည်။

"ရှင် ကျွန်မကို နိုင်ငံရေးတရားဟောသလို မပြောပါနဲ့. . . ကျွန်မမှာ တခြားလုပ်စရာတွေလည်းရှိသေးတယ်. . . လိုရင်းပြောရ အောင်. . . ကျွန်မဘက်က ၅၀%အထိတိုးပေးမယ်. . . ကျွန်မအတွက် အမြတ်မရှိဘူး. . . ရေရှည်အတွက် မျှော်ကိုးပြီး အလုပ်ဖြစ်အောင် လုပ် တာပါ. . . ရှင့်ဘက်ကအဖြေသိချင်တယ်"

တင်ကျော်ဦး မထီတရီပြုံးလိုက်သည်။

"၁၀၀%ပဲ တိုးပေးပါ. . . တစ်နှစ်တိတိလုပ်ကြည့်ရအောင် . . . ကျွန်တော်တို့ပူးပေါင်းပြီး ယာယီအစ္စုံးခံရောင်းကြမယ်. . . တစ်နှစ်အတွင်းမှာ နိုင်ငံခြားဈေးကွက်ထဲ ကျွန်တော်တို့ပစ္စည်း ဈေး ကောင်းရအောင်လုပ်မယ် . . . ကွာလတီမြှင့်လိုက်မယ်. . . ဈေး ကောင်းကောင်း တင်ယူမယ်ဗျာ. . . မစန္ဒာက ဒီဇိုင်းအိတ်စပတ်ပါ

. . . နိုင်ငံခြားသားတွေ ဘဝင်တွေ့အောင် ဒီဇိုင်းတွေထုတ်မယ် . . . ကျွန်တော့်ဘက်က ငွေတစ်ဝက်နဲ့လုပ်အားခတွေစိုက်မယ်. . . မစန္ဒာက ငွေတစ်ဝက်နဲ့ ဒီဇိုင်းနဲ့ ဈေးကွက်စိုက်ရမှာပေါ့. . . ဖြစ်မလား"

စန္ဒာမင်းလတ် စဉ်းစားသွားရသည်။ သူက ငွေတစ်ဝက်ဝင်စိုက်ပြီး အရှုံးခံထားပေးမည်။ သူမအတွက် မဆိုးလှသော်လည်း သိပ်အဓိပ္ပာယ်မရှိဟု ထင်သည်။ တစ်ခုခုလိုနေသည်။ စန္ဒာမင်းလတ်မှာ မေးစရာရှိလာသည်။

"ရှင်စိုက်ပေးမယ့်ငွေတစ်ဝက်က ပြည်နယ်အစိုးရအနေနဲ့လား"

"မဟုတ်ဘူး. . . ကျွန်တော့်ကိုယ်ပိုင်ငွေ. . . ဒါပေမဲ့ ကျွန်တော် မကိုင်ဘူး. . . ကျွန်တော့်ညီမကိုင်လိမ့်မယ်. . . ဝန်ကြီးချုပ်ကိုယ်ပိုင်စီးပွားရေးလုပ်တယ်လို့ဖြစ်သွားမယ်. . . ကျွန်တော့်ညီမနဲ့ တွဲလုပ်ပေးဖို့ပဲ"

တင်ကျော်ဦးက ချက်ချင်းအဖြေပေးသည်။ စန္ဒာမင်းလတ်စိတ်ထဲတွင် လုပ်ချင်စိတ်တွေဖြစ်လာသည်။ ခိုင်သင်းကျော်နှင့်ဆိုလျှင် လုပ်ချင်သည်။ သို့သော် တင်ကျော်ဦး ဘာကြောင့်ဒီလိုလုပ်ချင်နေတာလဲ။ သူမ သံသယရှိသည်။ ပြီးတော့ မေးလိုက်သည်။

"ရှင်က တစ်နှစ်အတွင်း ကတိတည်ကြောင်းပြချင်လို့ ကျွန်မကို တစ်ဝက်အရှုံးခံခိုင်းနေတာလား. . . ရှင့်ရွေးကောက်ပွဲကတိက ကျွန်မနဲ့မဆိုင်ဘူးနော်. . . စဉ်းစားပါဦး. . . တရားမျှတရဲ့လား"

တင်ကျော်ဦး သက်ပြင်းအသာချလိုက်သည်။

"ဒါ အကျိုးတူစီးပွားပါ မစန္ဒာ. . . သေသေချာချာတွေးပေးပါ . . . ကျွန်တော့်ရွေးကောက်ပွဲကတိဆိုတာထက် သူတို့လက်ဖြစ်ပစ္စည်းတွေအပေါ် အကျိုးမခံစားသင့်ဘူးလား. . . အနောက်နိုင်ငံက လက်ဖြစ်ပစ္စည်းတွေနဲ့ ကျွန်တော်တို့လက်ဖြစ်ပစ္စည်းတွေ ဘာလို့ဒီလောက်ဈေးကွာရတာလဲ. . . ဒါကို ကျွန်တော်တို့ပူးပေါင်းပြီး မလုပ်နိုင်ဘူးလား

. . . ကျွန်တော်တို့လည်း လက်တွေပြတ်ရှကြမ်းထော်ပြီး လက်ပုံပျက်သွားတဲ့အထိ မိရိုးဖလာ နှစ်ပေါင်းကြာအောင်လုပ်ခဲ့ကြတယ်. . . သူတို့လို တန်ရာတန်ကြေးမရနိုင်ဘူးလား. . . ဒါကို ဝိုင်းပြီးပူးပေါင်းမလုပ်နိုင်ကြဘူးလား. . . ကျွန်တော် ကတိတည်ရေးဆိုတာထက် သူတို့တကယ်ရသင့်ရထိုက်ရေးဟာ ပိုအရေးကြီးနေတယ်. . . ဒါကို ကျွန်တော်လုပ်ပေးချင်တယ်. . . ဒီအတွက် မစန္ဒာကိုအကူအညီတောင်းနေတာပါ"

စန္ဒာမင်းလတ် သူ့အပြောမှာငေးနေမိသည်။ လေယူလေသိမ်းတွင် အင်းသံဝဲသည်။ ဗမာလိုပီပြင်သည်။ အချက်အလက်တိကျသည်။ သူတကယ်ခံစားနေရပုံပေါ်သည်။ မျက်နှာအမူအရာတွင် တကယ်တောင်းပန်နေသည့်ဟန်ပေါက်သည်။ သူ့အမျိုးသားများအတွက် သူ၏ကြိုးပမ်းချက်များကို အကောင်အထည်ဖော်လိုစိတ်ပြင်းပြနေပုံရသည်။ လူညိုချောသည် ချစ်စရာကောင်းသည်ဟု စန္ဒာမင်းလတ်မှတ်ချက်ပြုသည်။ သို့သော် ဒါတွေက သူ့ကိစ္စတွေဖြစ်နိုင်သည်။ နိုင်ငံရေး၏သဘောသဘာဝလည်းဖြစ်နိုင်သည်။ သူမကို ကျအောင်ပြောပြီးအသုံးချချင်တာလည်းဖြစ်နိုင်သေးသည်။ စန္ဒာမင်းလတ်ငေးကြည့်ပြီးပြုံးနေသည်ကို သူသတိထားမိသွားပုံရသည်။

"ကျွန်တော်အခုပြောနေတာ စကားလုံးအစစ်တွေပါ. . . ရင်ထဲကလာတဲ့စကားလုံးအစစ်တွေပါ. . . ကျွန်တော့်ကို ယုံစေချင်တယ်"

စန္ဒာမင်းလတ်အသံထွက်အောင် တစ်ချက်ရယ်လိုက်သည်။

"စကားလုံးအတုဆိုတာရော ရှိသေးလို့လား. . . ယုံကြည်ဖို့ဆိုတာတော့ ချက်ချင်းမဖြစ်နိုင်သေးဘူး. . . ပြီးတော့ ကျွန်မတစ်နှစ်လုံးအရှုံးခံရမယ့် ငွေကြေးပမာဏကလည်း နည်းမှာမဟုတ်ဘူး. . . တစ်နှစ်ပြည့်လို့ ရှင့်နိုင်ငံရေးအခြေအနေကပြောင်းသွားရင် ကျွန်မပါရောပြီး ဒုက္ခတွေ့နိုင်သေးတယ်. . . အများကြီးစဉ်းစားရမယ်"

တင်ကျော်ဦး ဒေါသထွက်လာသည်။ သူ့အပေါ် အယုံအကြည်မဲ့တာများလွန်းသည်။ တော်ရုံတန်ရုံမဟုတ်တော့။

"ဟေ့ - ဒီမှာ စန္ဒာ. . . မင်း ငါ့ကို ဘယ်လိုနိုင်ငံရေးသမားထင်သလဲ. . . ငါ ဝန်ကြီးချုပ်မဖြစ်ခင်ကလည်း တို့လူမျိုးတွေရဲ့ဘဝမြှင့်တင်ရေးကိုလုပ်ခဲ့တာပဲ. . . မင်းကိုငါ အခုပြောနေတာ ငါတို့လူမျိုးတွေကို ကူညီဖို့ကွ. . . ငါ့အတွက်မဟုတ်ဘူး. . . ယက်ကန်းသမားတွေရဲ့ဘဝကို မင်းစာနာကြည့်. . . ငါဟာ ၁၄ နှစ်သားတည်းက ကိုယ်တိုင်ယက်ကန်းရက်ခဲ့တာ. . . အထည် တစ်ထည်ရဲ့တန်ဖိုးကို ငါသိသလို မင်းလည်းသိတယ်. . . ဒီတန်ဖိုးတွေကို နိုင်ငံတကာစံမှီ ထိုက်ထိုက်တန်တန်ရဖို့ မင်းဆီက အကူအညီတောင်းနေတာ"

တင်ကျော်ဦးလေသံကြောင့် စန္ဒာမင်းလတ်လည်း တင်းခနဲဖြစ်သွားသည်။

"တော်တော်ကူညီစရာကောင်းတာပဲ. . . ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်သလဲ. . . စန္ဒာဆိုတာ ကျွန်မရဲ့မိတ်ဆွေရင်းတွေပဲခေါ်တာရှင့်"

"ငါသိတယ်. . . ငါလည်း မင်းမိတ်ဆွေအရင်းပဲ"

"ဟင်း ဟင်း - ကျွန်မက ရှင့်ကို သိပ်မသိသေးဘူး. . . ပြီးတော့ ရှင့်လုပ်ပုံတွေပြန်ကြည့်. . . ဒယ်လ်ကျော်က တစ်ဆင့် ၁၀၀%တောင်းတယ်. . . စာချုပ်ပျက်အောင်လုပ်တယ်. . . ညောင်ရွှေဈေးနဲ့ အင်းထဲကအထည်ဆိုင်တွေကို မရောင်းရဲအောင်လိုက်ပိတ်တယ်. . . နောက်ဆုံးမှ ကျွန်မကိုခေါ်ပြီး ဆွေးနွေးတယ်. . . ရှင်ထိန်းချုပ်မှုအောက်မှာနေရတယ်. . . ဒီလိုလုပ်ချင်ရင် အရင်ဆုံး ကျွန်မနဲ့ဆွေးနွေးရမှာရှင့်"

တင်ကျော်ဦး ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"အေး - တို့အစိုးရအဖွဲ့ရဲ့မူလသဘောအရဆိုရင် မင်းတို့ကုမ္ပဏီနဲ့ ဆက်အလုပ်လုပ်ဖို့မရှိဘူး. . . မင်းတို့နှစ်စဉ်မြတ်တဲ့ အမြတ်

နှုန်းက တက်နေတယ်. . . ဒီနှစ်အမြတ်နှုန်းတက်တဲ့အခါ စျေးတိုးပြီး ဝယ်ပါ့မယ်ဆိုတဲ့ကတိ မင်းတို့ဘက်ကဖောက်ဖျက်တယ်လို့ အစိုးရအဖွဲ့ဝင်တွေက ယူဆတယ်. . . မင်းတို့ကိုတရားစွဲဖို့တောင် အစီအစဉ်ရှိတယ်"

စန္ဒာမင်းလတ် စကားဝင်ဖြတ်လိုက်သည်။

"နေပါဦး နေပါဦး. . . ဘယ်သူက မတိုးပေးဘူးပြောလို့လဲ . . . စာချုပ်အသစ်ချုပ်တဲ့အခါ တစ်ခါတည်းတိုးပေးမယ်လို့ သဘောတူထားတာလေ. . . စာချုပ်အသစ်မှ မချုပ်ဖြစ်တာပဲ. . . ရှင်တို့ တစ်လကြိုပြီးဆွေးနွေးရမှာလေ. . . ရှင်တို့ဘက်က ဖောက်ဖျက်ပြီးမလာလို့ ကျွန်မလိုက်လာရတာပဲ"

တင်ကျော်ဦးက စန္ဒာမင်းလတ်ကို သေချာစိုက်ကြည့်နေသည်။ မျက်နှာက အနည်းငယ်တင်းနေသယောင်။

"မင်း ငါပြောတာသဘောမပေါက်ဘူးထင်တယ်. . . မင်းတို့ကုမ္ပဏီက အင်းလေးထည်တွေကို မစွန့်လွှတ်နိုင်ဘူးဆိုတာ ဒီကလူတွေအားလုံးသိတယ်ကွ. . . တကယ်လို့ မင်းတို့စွန့်လွှတ်ရင်လည်း တခြားလုပ်နိုင်တဲ့လူတွေ အများကြီးရှိတယ်. . . ဒါပေမဲ့ ငါတို့မှာ မင်းတို့ကျေးဇူးတွေရှိတယ်. . . ဒါကြောင့် အစိုးရအဖွဲ့ရဲ့သဘောထားကို ခဏဘေးဖယ်ထားပြီး မင်းကို ငါက ပုဂ္ဂိုလ်ရေးအရ ချဉ်းကပ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် မင်းလည်း ဒီစျေးကွက်ကို လက်မလွှတ်ချင်သလို ငါကလည်း မင်းကို လက်မလွှတ်ချင်ဘူး. . . ပြီးတော့ အစိုးရအဖွဲ့ကိုရောငါ့ပြည်သူတွေကိုရော ကျေနပ်အောင်လုပ်ပေးချင်တယ် . . . ဒါပဲ. . . မင်းအတော်တော်တဲ့မိန်းကလေးပါကွာ. . . သုံးဘက်လုံးရဲ့အကျိုးစီးပွားပါ"

စန္ဒာမင်းလတ် တစ်ချက်ရယ်လိုက်သည်။ သူပြောတာတွေ မှန်သင့်သလောက်မှန်သည်။ သေချာအောင်တော့ ထပ်မေးရမည်။

"၁၀၀%မရရင် ရှင့်အစိုးရနဲ့ပြည်သူက ကျွန်မကိုလက်လွှတ်မယ်ပေါ့"

"အေး ဟုတ်တယ်"

"ရှင်က ဘာဖြစ်လို့လက်မလွှတ်ချင်တာလဲ"

တင်ကျော်ဦး ငြိမ်ကျသွားသည်။ ပြီးမှ အေးအေးဆေးဆေး ပြောသည်။

"မင်းအရည်အချင်းကို ငါယုံတယ်. . . မင်းစပြီးဖောက်ခဲ့တဲ့ လမ်းဖြစ်လို့ မင်းကိုပဲဆက်လျှောက်စေချင်တယ်. . . ပြီးတော့ မင်းကို ငါတို့ခေတ်ရဲ့ စံပြအမျိုးသမီးဖြစ်စေချင်တယ်. . . ဖြစ်လည်းဖြစ်ရမယ်"

စန္ဒာမင်းလတ်ရယ်လိုက်သည်။

"အိုးမိုင်ဂေါ့ဒ်. . . ဘုရားရေ. . . မလုပ်ပါနဲ့. . . ကျွန်မ ဒီ ဈေးကွက်ကို လက်မလွှတ်ချင်တာတော့ အမှန်ပါပဲ. . . ဒါလည်း နှစ်ဖက် အကျိုးတူရှုထောင့်ကပဲ ကြည့်တာပါ. . . စံပြအမျိုးသမီးတော့ ကျွန်မ မလုပ်ချင်ပါဘူးရှင်. . . လွတ်လွတ်လပ်လပ်နေပါရစေ. . . ဒါပေမဲ့ ၁၀၀%ကတော့ မဖြစ်နိုင်တဲ့ဈေးမို့ ဆောရီးပါပဲ"

တင်ကျော်ဦး လုံးဝငြိမ်ကျသွားသည်။ တစ်ခန်းလုံးတိတ်ဆိတ် သွားသည်။ အပ်ကျသံပင်ကြားလောက်သည်။ အပြင်ဘက်မှတိုက်နေ သော ဆောင်းလေသံ မျှဉ်းမျှဉ်းလေးကြားရသည်။ နှစ်ဦးသား ကိုယ့် အတွေးနှင့်ကိုယ်ဖြစ်သွားကြပုံရသည်။ မျက်လုံးတွေက စားပွဲပေါ်ရှိ အချို့ပွဲများဆီရောက်နေကြသော်လည်း မြင်ပုံမရကြ။ ထိုအခြေအနေက စန္ဒာမင်းလတ်ကို ကသိကအောင့်ဖြစ်စေသည်။

"ကျွန်မပြန်ချင်ပြီ"

စန္ဒာမင်းလတ် ခပ်တိုးတိုးလေးပြောလိုက်သည်။ တင်ကျော်ဦး က မော့မကြည့်ဘဲ အဖြေပေးသည်။

"မင်း ဒီမှာပဲနေရမယ်. . . ငါ့ရဲ့ အထူးဧည့်သည်ဖြစ်သွားပြီ . . . မင်း ငါနဲ့ပူးပေါင်းဆောင်ရွက်ဖို့ အချိန်ပေးမယ်. . . အဲဒီကာလ အတွင်း မင်းဒီမှာပဲနေရမယ်"

စန္ဒာမင်းလတ် ဆတ်ခနဲခေါင်းမော့ကာ လူညိုချောကိုကြည့်လိုက်သည်။ ရင်ထဲ ဒိန်းခနဲခုန်သွားသည်။

"ရှင်. . ရှင် ကျွန်မကိုဖမ်းတာလား. . . ပြန်ပေးဆွဲတာလား . . . ကျွန်မကို ဒါမျိုးလုပ်လို့မရဘူးနော်"

တင်ကျော်ဦးခေါင်းမော့လာသည်။ သူမကို သေချာစိုက်ကြည့်လိုက်သည်။

"မင်း ငါ့ကိုမယုံကြည်သေးဘူးမဟုတ်လား. . . ယုံကြည်အောင် မင်းအနီးကပ် စောင့်ကြည့်ပါ. . . မင်းကို အခွင့်အရေးပေးတာပါ . . . ကြီးကြီးရီ. . . ကြီးကြီးရီရေ. . ."

စန္ဒာမင်းလတ်စကားပြောမည်အပြု တင်ကျော်ဦးက ကြီးကြီးရီကို အော်ခေါ်လိုက်သည်။ ကြီးကြီးရီက တစ်ဖက်ခန်းမှာရှိပုံရသည်။ မကြာမီရောက်လာသည်။

"မစန္ဒာ ဒီမှာအိပ်မယ် ကြီးကြီး. . . ကျွန်တော်တို့ဧည့်သည်ဖြစ်သွားပြီ. . . ကြီးကြီးပဲ စီစဉ်ပေးလိုက်ပါဦး. . . ညီမလေးဆီလည်း အကြောင်းကြားထားလိုက်မယ်. . . အိုခေ - မစန္ဒာ. . . ကျွန်တော့်ကို ခွင့်ပြုပါဦး. . . ကျွန်တော့်ဘက်က ပြောတာဆိုတာလွန်ခဲ့ရင်လည်း မိတ်ဆွေရင်းအဖြစ်နဲ့ နားလည်ခွင့်လွှတ်ပေးပါ"

ချက်ချင်းပြုံးပြုံးရွှင်ရွှင်နဲ့ စိတ်ပါလက်ပါဖြစ်သွားသော တင်ကျော်ဦး၏အမူအရာက စန္ဒာမင်းလတ်ကို ပျော့ပျောင်းသွားစေသည်။

"ဟင်း - ဘယ်လိုလူပါလိမ့်. . . အလုပ်အကြောင်းပြောရင် တစ်မျိုး. . . ခုတော့ အိမ်ကြီးရှင်ကြီး ဖော်ရွေနေပြန်ပြီ"

စန္ဒာမင်းလတ်စိတ်ထဲကတွေးရင်း တစ်ခုခုတော့ခံစားလိုက်ရသည်။ ဘာကြီးလဲမသိ။

အိမ်ကြီးက ရှေးဆန်ဆန်နှင့် အသုံးအဆောင်ပစ္စည်းတွေက ခေတ်မီသည်။ အိမ်အပေါ်ထပ်သို့ ကြီးကြီးရီနှင့်အတူ တက်လာစဉ် ကြီးကြီးရီက ရင်းရင်းနှီးနှီးစကားတွေပြောသည်။ တင်ကျော်ဦးတို့မျိုးရိုး အကြောင်း အသံဝဲဝဲနှင့်ရှင်းပြသည်။ အိမ်အပေါ်ထပ်တွင်လည်း ဧည့်ခန်း တစ်ခုရှိသည်။ ဧည့်ခန်းတွင်ချိတ်ထားသောဓာတ်ပုံကြီးမှာ တင်ကျော်ဦး မိဘနှစ်ပါးပုံ ဖြစ်သည်။ နောက်ဆုံး သူမအတွက်ပြင်ဆင်ပေးထား သောအိပ်ခန်းသို့ ရောက်လာသည်။ ခိုင်သင်းကျော်၏အိပ်ခန်းဟု ဆိုသည်။ ညဝတ်အိပ်ရန် ခိုင်သင်းကျော်၏အဝတ်အစားများကို လဲပေး သည်။ ကြီးကြီးရီကိုယ်တိုင် ကလေးတစ်ယောက်ကိုပြုစုသလို လုပ်ပေး သည်။ စန္ဒာမင်းလတ်ကို မြင်မြင်ချင်းခင်မင်သည်ဟုဆိုသည်။ ကြီးကြီးရီ ၏မျက်နှာမှာ ရိုးရိုးရှင်းရှင်း ချစ်စရာကောင်းသည်။ စကားပြောရာတွင် တိုးတိုးနှင့်သိမ်မွေ့သည်။ မေတ္တာဓာတ်ပါသည်။ တင်ကျော်ဦး၏ ဧည့် သည်လိုလို၊ ပြန်ပေးဆွဲခံရသူလိုနှင့် သူမစိတ်ထဲတွင် မတင်မကျဖြစ် နေသော်လည်း ကြီးကြီးရီ၏ကြင်နာမှုကြောင့် ဒီအိမ်ကြီးတွင်နေချင် စိတ်ပေါက်လာသည်။ ခိုင်သင်းကျော်လည်း လာမည်။ ဈေးကွက်ကို လက်မလွှတ်ချင်သောကြောင့် အချိန်တစ်ခုယူ၍ ဈေးဆစ်ပွဲဖြစ်နိုင် သည်။ သူမအနိုင်ရရမည်။ မုချအနိုင်ရမည်။

ဩ ရ သ စာ ပေ

တင်ကျော်ဦးပြောစကားတွေကို ပြန်စဉ်းစားမိသည်။ အစိုးရနှင့်ပြည်သူတို့၏သဘောထားကို ခေတ္တဘေးဖယ်ပြီး စန္ဒာမင်းလတ်ကို ရအောင်ပြန်စည်းရုံးချင်သည်ဟုဆိုသည်။ အစိုးရနှင့်ပြည်သူသဘောထားဆိုသည်မှာ သူ့သဘောထားပင်ဖြစ်လိမ့်မည်။ သူမကို အမြတ်ကြီးစားသူ၊ အင်းသားတွေရဲ့ဘဝကို မငဲ့ညှာဘဲ ကိုယ့်စီးပွားရေးသာ ကိုယ်ကြည့်သူ၊ ရသင့်ရထိုက်သော နိုင်ငံတကာစံမီဈေးနှုန်းကို ဖန်တီးဖို့မကြိုးစားဘဲ ရရစားစားမှိန်းတုတ်နေသူ စသဖြင့် အမိဟွာယ်တွေထွက်နေသည်။ ဒါကြောင့် သူမအနေဖြင့် နိုင်ငံတကာစံမီဈေးနှုန်းရရေးမဖြစ်မနေကြိုးပမ်းလာအောင် တစ်နှစ်လုံးအရှုံးခံခိုင်းနေတာ ဖြစ်နိုင်သည်။ လွယ်သည့်ကိစ္စတော့မဟုတ်။ ပြီးတော့ သူ၏ပြဿနာချဉ်းကပ်ပုံကို စန္ဒာမင်းလတ် သဘောမကျ။ သူမကို ဖိအားပေး၍မရ။ ဒါမျိုးဆိုလျှင် လူသာအသေခံမည်။ မလုပ်ချင်။ စောင့်တော့ကြည့်ရမည်။ သူ့ချဉ်းကပ်ပုံက လုပ်ငန်းပုံစံမကျဘဲ လူမှုရေးဆန်သည်။ ပုဂ္ဂိုလ်ရေးဆန်သည်။ အဆင်မပြေလျှင် သူ့အတွက် ပြဿနာတွေအများကြီးဖြစ်နိုင်သည်။ ကုမ္ပဏီသတင်းစာ ရှင်းလင်းပွဲတွင် ပြောစရာတစ်ခုတိုးလာသည်။ ဧည့်သည်တော်ဟု စကားလှလှသုံး၍ ပြန်ပေးဆွဲခြင်း။ ခုထိတော့ ပြန်ခွင့်ပြုနိုင်သည်။ ခိုင်သင်းကျော်ရောက်လာမည်။ သူမသွားလိုရာလိုက်ပို့ပေးမည်။ အိပ်မှပြန်အိပ်ကြမည်။ ဒါဆိုလျှင် ပြန်ပေးဆွဲတော့မဟုတ်နိုင်။ အင်း - ဘာကြီးလဲမသိ။

စန္ဒာမင်းလတ်နိုးတော့ မိုးစင်စင်လင်းနေသည်။ စားကောင်း အိပ်ကောင်းသည့်အဖြစ်။ ကြီးကြီးရိစောင့်နေသည်။ ကမန်းကတန်း မျက်နှာသစ်လိုက်သည်။ အိပ်ခန်းထဲပြန်ဝင်လိုက်သောအခါ သူမ၏ခရီး ဆောင်အိတ်ကို တွေ့လိုက်သည်။ ဟိုတယ်က သွားယူလာပြီထင်ရဲ့။ အိတ်ကိုဖွင့်၍စစ်ဆေးလိုက်သည်။ အားလုံးစုံသည်။ သူမအဝတ် အစား တွေထုတ်၍ ဝတ်ဆင်လိုက်သည်။ ကြီးကြီးရိနောက်လိုက်သွားပြီး မနက်စာ စားပွဲကိုရောက်ခဲ့သည်။

"ဟဲလို - ဂွတ်ဒ်မောလ်နင်း စန္ဒာ. . . ညက အိပ်လို့ကောင်းရဲ့ လား"

လူညိုချောတင်ကျော်ဦးက ထိုင်စောင့်ရင်း လှမ်းနှုတ်ဆက် လိုက်သည်။

"ဟုိင်း - အိပ်လို့ကောင်းပါတယ်. . . အိပ်ရာထတောင် နောက်ကျသွားတယ်"

စန္ဒာမင်းလတ်က ပြုံးပြုံးရွှင်ရွှင် မဆိုင်းမတွပြန်ဖြေမိသည်။ ပြီး မှ ကိုယ့်ကိုယ်ကိုယ်မုန်းမိသည်။ ဘာလို့ ဝမ်းသာအားရ ဖြေရတာလဲ။

"သမီး ကော်ဖီသောက်မလား. . . ဟောဒီမှာ အင်းမုန့်ဟင်းခါး ရယ်၊ ငါးထမင်းနယ်ရယ်ရှိတယ်. . . တင်ကျော်ဦး မနက်တည်းက စီစဉ်ပေးထားတာ. . . သူကိုယ်တိုင်လုပ်ထားတာ"

စန္ဒာမင်းလတ် တစ်ချက်ပြုံးလိုက်သည်။

ဩ ရ သ စာ ပေ

"ဟုတ်ကဲ့ ကြီးကြီး. . . သမီးစားပါမယ်. . . ပြီးမှ ကော်ဖီသောက်မယ်"

"ငါးထမင်းနယ်ကို အရင်စားကွ. . . ပြီးမှ အင်းမုန့်ဟင်းခါးစား. . . အဲဒါ ပိုကောင်းတယ်. . . ငါးထမင်းနယ်စားတဲ့အခါ ဝက်ခေါက်ကြော်နဲ့တွဲစား"

စန္ဒာမင်းလတ် သူ့အစီအစဉ်အတိုင်း စားကြည့်သည်။ ကြီးကြီးက ရေနွေးကြမ်း အင်းသားအခေါ် အခါးရေကို ကြွေအကြမ်းပန်းကန်လုံးတွင်ထည့်ပေးသည်။ သူလုပ်တာမှဟုတ်ရဲ့လားဟု သံသယရှိသည်။ စားလို့အတော်ကောင်းသည်။ သူကတော့ စားပြီး၍ ကော်ဖီခါးခါးကြီးသောက်နေပြီ။ စန္ဒာမင်းလတ်စားတာကိုကြည့်ပြီး ပီတိဖြစ်နေပုံရသည်။ စန္ဒာမင်းလတ် တစ်ချက်ခိုးကြည့်လိုက်စဉ် သူ့မျက်နှာပြုံးနေသည်ကိုသေချာတွေ့လိုက်ရသည်။ စေတနာတော့ အကောင်းသား။

"သူက ငယ်ငယ်လေးတည်းက အချက်အပြုတ်ကောင်းကောင်းတတ်တယ် သမီး. . . ကြီးကြီးမအားရင် သူပဲဈေးသွား သူပဲချက်ရတာပေါ့. . . ခိုင်သင်းကျော် လုပ်နိုင်ကိုင်နိုင်တဲ့အရွယ်ရောက်မှ သူသိပ်မလုပ်တာ. . . ဒါတောင် သူ့အားတာနဲ့ မီးဖိုချောင်ဝင်တော့တာပဲ"

စန္ဒာမင်းလတ်က ကြီးကြီးကိုမော့ကြည့်ရင်း ခေါင်းတညိတ်ညိတ်နဲ့နားထောင်သည်။

"ဝါသနာလည်းပါတယ် စန္ဒာရဲ့. . . အချက်အပြုတ်ဆိုတာ အနုပညာတစ်မျိုးပဲ. . . စိတ်ကူးစိတ်သန်းနဲ့လုပ်ရတာ လေ. . ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းမှေ့ရှိတယ်. . . စန္ဒာက အထူးညွှန်သည်ဆိုတော့ ကိုယ့်လက်ရာတစ်ခုခုတော့ ပါမှကောင်းမယ် ထင်လို့ပါ"

စားလို့တော့ကောင်းသည်။ အထူးညွှန်သည် အဓိပ္ပာယ်ဆိုလိုရင်းကိုတော့ သူမမုန်းသည်။ စန္ဒာမင်းလတ်မျက်စောင်းတစ်ချက် ဒိုင်းခနဲပစ်ထည့်လိုက်သည်။ တင်ကျော်ဦးက သဘောကျသွားဟန်ဖြင့် ဆက်ပြောသည်။

ဩ ရ သ တ

"ကြီးကြီးမလာခင်ပြောပြထားဦးမယ်. . . စန္ဒာ့ရဲ့လက်ကိုင်ဖုန်းက ဒီခြံဝင်းထဲမှာ အသုံးမဝင်ဘူး. . . ဒီမှာ လိုင်းမမိဘူး. . . လိုင်းဖုန်းက ကိုယ့်အိပ်ခန်းမှာပဲထားတယ်. . . ဒီတော့ အပြင်နဲ့အဆက်အသွယ်လုပ်ဖို့ မဖြစ်နိုင်ဘူး. . . ခြံက အကျယ်ကြီးပဲ. . . သစ်ပင်မျိုးစုံရှိတယ်. . . ငှက်တွေရှိတယ်. . . ပျင်းရင်ဖတ်ဖို့ စာကြည့်ခန်းထဲမှာစာအုပ်တွေအများကြီးရှိတယ်. . . DVD ကြည့်လို့ရမယ်. . . TV စလောင်းက သတင်းတွေ ဇာတ်လမ်းတွဲတွေကြည့်လို့ရမယ်. . . တစ်ခုပဲ. . . ဒီခြံထဲကထွက်ပြေးဖို့ လုံးဝမကြိုးစားပါနဲ့. . . နိုင်သင်းကျော်လာပါလိမ့်မယ်. . . ဘယ်နေ့လာမလဲတော့မသိဘူး"

တင်ကျော်ဦး စကားကိုရပ်လိုက်ပြီး ကော်ဖီခါးခါးကြီးကို အရသာရှိရှိ တကျိုက်ကျိုက်လိုက်သည်။ စန္ဒာမင်းလတ်က ခပ်တည်တည်တစ်ချက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

"ထောင်ပိုင်က အကျဉ်းသားလိုက်နာရမယ့်စည်းကမ်းချက်တွေ ထုတ်နေတာပေါ့. . . ကျွန်မ ရန်ကုန်နဲ့အဆက်အသွယ်မရရင် သူတို့လိုက်စုံစမ်းကြမှာပဲ. . . ကျွန်မပျောက်နေရင် သူတို့ဥပဒေအရဆောင်ရွက်ကြလိမ့်မယ်. . . မီဒီယာတွေမှာ ခေါင်းစဉ်ကြီးတွေနဲ့ပါလာလိမ့်မယ်"

တင်ကျော်ဦးတစ်ချက်ရယ်လိုက်သည်။

"ဒီ့အတွက် မပူပါနဲ့. . . ဒေါ်ခင်မြင့်နဲ့ အဆက်အသွယ်ရပြီးပြီ. . . သူတို့ကိုစိတ်မပူဖို့ပြောထားတယ်. . . သူတို့မယုံကြည်ရင်တောင် လက်ခံနိုင်တဲ့ပုံစံတစ်ခုပေါ့ကွာ"

စန္ဒာမင်းလတ် တင်းခနဲဖြစ်သွားသည်။

"သူတို့ကိုလည်း ခြိမ်းခြောက်ထားတာပဲမဟုတ်လား. . . ရှင်ဘာတွေလျှောက်လုပ်နေတာလဲ. . . ကျွန်မက စန္ဒာမင်းလတ်နော်. . . ရှင်သိရဲ့လား"

တင်ကျော်ဦး ခေါင်းတညိတ်ညိတ်နဲ့နားထောင်ပြီး ခပ်တိုးတိုး ပြောသည်။

"မင်းကိုငါသိပ်သိတာပေါ့ စန္ဒာရယ်. . . ဒါကြောင့် အခုလိုတွေ လုပ်ရတာပေါ့. . . မင်း အေးအေးဆေးဆေးစဉ်းစားနိုင်အောင်ပါ"

ထိုစဉ် ကြီးကြီးရီပြန်ဝင်လာသည်။

"သမီး ဘာကော်ဖီသောက်မလဲ. . . ကော်ဖီမစ်သောက်မလား . . . ကော်ဖီအမှုန့်နဲ့သောက်မလား"

"ကော်ဖီမစ်ပဲသောက်မယ် ကြီးကြီး. . . လွယ်လွယ်ကူကူပေါ့ . . . ရတယ် ကြီးကြီး. . . သမီးဘာသာဖျော်ပါ့မယ်"

စန္ဒာမင်းလတ် တားချ်မရပေ။ ကြီးကြီးရီက သူကိုယ်တိုင် သေချာ ဖျော်ပေးသည်။ ကလေးတစ်ယောက်လိုလုပ်ပေးသည်။ ရုတ်တရက် အန်တီဝင်းကိုသွားသတိရသည်။ အန်တီဝင်းက သူ့ကို ကြီးကြီးလို ဂရုမစိုက်ခဲ့ဖူး။ အလုပ်ကိုသာ မဲလုပ်သည်။ ပိုက်ဆံတွေရှာသည်။ ဘာ ဖြစ်လို့ သူတို့တစ္စဝရီးကြား ဒီလိုအချိန်တွေမရှိခဲ့ပါလိမ့်ဟု သူမတွေးမိ သည်။ အန်တီဝင်းကျန်းမာရေးကိုလည်း စဉ်းစားမိသေးသည်။

"သား - လာဦး. . . မင်းလည်း စားချိန်အိပ်ချိန် သတိထားဦး . . . အလုပ်များတာက များတာပေါ့. . . ညဘက်ဆိုရင် စာကြည့်ခန်းထဲ မှာပဲမနေနဲ့"

တင်ကျော်ဦးကို သိမ်သိမ်မွေ့မွေ့ဆူနေသည်။ တင်ကျော်ဦးက ကလေးငယ်တစ်ယောက်လို ရယ်ပြသည်။

"မဟုတ်ဘူး ကြီးကြီး. . . သားစာကြည့်ခန်းထဲမှာပဲ အိပ်ပျော် သွားတာပါ. . . အိပ်ရေးဝပါတယ်"

"မခိုင် ဘယ်တော့လာမှာလဲ. . . မစန္ဒာတစ်ယောက်တည်း ပျင်းနေမယ်"

တင်ကျော်ဦးက ခပ်သွက်သွက်ဝင်ပြောသည်။

"လာလိမ့်မယ် ကြီးကြီး. . . ခုတော့ စန္ဒာကို ကြီးကြီးပဲဂရုစိုက်ပေးထားပေါ့. . . ကဲ - ကြီးကြီး ကွန့်တော်သွားလိုက်ဦးမယ်"

တင်ကျော်ဦး ဧည့်ခန်းဘက်သို့ထွက်သွားသည်။ မကြာခင် ကားသံကြားရသည်။ သူအပြင်သွားပြီ။ သို့မဟုတ် အလုပ်သွားပြီ။

ကြီးကြီးနှင့်အတူ ပစ္စည်းတွေသိမ်းပေးသည်။ ကြီးကြီးက ချက်ဖို့ပြုတ်ဖို့ပြင်သည်။ တင်ကျော်ဦး သူမကိုအကြပ်ကိုင်ထားကြောင်း ပြောရန်သင့်မသင့်စဉ်းစားမိသည်။ ဒီနေ့တော့ စောင့်ဆိုင်းရန်ဆုံးဖြတ်လိုက်သည်။ ညနေအထိစောင့်ကြည့်မည်။ ပြီးမှ ကြီးကြီးကို အကြောင်းစုံပြောပြမည်။ ဒီလိုမတရားချုပ်နှောင်မှုကို ကြီးကြီးလက်ခံမှာမဟုတ်ဟု ယူဆသည်။ မနက်ပိုင်း ကြီးကြီးနှင့်အတူလုပ်ကိုင်ရတာ ပျော်စရာကောင်းသည်။ ပြီးတော့ ခြံထဲဆင်းကြည့်ကြသည်။ ထိုခြံနှင့်အိမ်ကြီးက ကြီးကြီးအဖေ၊ တင်ကျော်ဦး၏အဖိုးပိုင်ခဲ့တာဖြစ်သည်။ တင်ကျော်ဦး အဖေနှင့် ကြီးကြီးတို့ အင်းထဲမှာနေတာများသည်။ တင်ကျော်ဦး လက်ထက်ကျမှ ထိုအိမ်ကြီးကို ခေတ်မီပစ္စည်းများနှင့် ပြန်လည်မွမ်းမံကာ ဘိုးဘွားအမွေကို ထိန်းသိမ်းခဲ့သည်ဟုပြောပြသည်။ သစ်ပင်တွေကလည်း စုံမှစုံ။ ပန်းသီး၊ သစ်တော်သီး၊ မက်မွန်၊ မက်မန်း၊ သလဲသီး၊ မာလကာ၊ နှင်းသီး၊ သရက်မျိုးစုံ အပြင် ပန်းတွေကလည်း အတော်စုံသည်။ ခြံထဲကပြန်တက်လာတော့ ကြီးကြီး၏အခန်းကိုသွားသည်။

"ဟင်"

စန္ဒာမင်းလတ် အံ့သြသွားသည်။ အင်းလေးအကျီထမီနှင့် အစမျိုးစုံ နံရံမှာ လှလှပပချိတ်ထားသည်။

"ဒါတွေ ကြီးကြီးရဲ့ သီးသန့်လက်ရာတွေပေါ့. . . ဈေးကွက်ထဲမပို့ဘဲ ကိုယ့်စိတ်ကြိုက်ရက်ထားတာ. . . အခုလည်း ကြီးကြီးစိတ်ကူးပေါ်ရင် ရက်တာပဲ. . . ကြီးကြီးရဲ့ ကိုယ်ပိုင်ရက်ကန်းစင်လေးရှိတယ် . . . ကြီးကြီးတို့ဘဝတွေက ဒါနဲ့ပဲ စခဲ့ရတာ. . . ဘယ်ဘဝရောက်ရောက် ရက်ကန်းစင်လေးတော့ အမြဲရှိနေမှ စိတ်ထဲပြည့်စုံတာ"

စန္ဒာမင်းလတ် အတော်စိတ်ဝင်စားနေမိသည်။ ဒီဇိုင်းတွေက ရှေးရိုးရာဆန်သော်လည်း အရောင်အစပ်တည့်သည်။ ဝါရင့် ယက်ကန်းပညာရှင်၏လက်ရာမျိုး ဖြစ်သည်။ စန္ဒာမင်းလတ် ကွန်ပျူတာဖြင့် နောက်ဆုံးဖန်တီးကြည့်ခဲ့သော ဒီဇိုင်းတွေကို စဉ်းစားမိသည်။ မိန်းမဝတ် အင်္ကျီဖြစ်သည်။ ယခု ကြီးကြီးရက်ထားသောအထည်စများကိုကြည့်ရင်း သူ့ကိုယ်ပိုင်ဒီဇိုင်းဖော်၍ လုပ်ကြည့်ချင်လာသည်။ သူမရှုံးသွပ်ခဲ့သည့် ပညာရပ်ပေကိုး။

ကြီးကြီးနှင့် နေ့လယ်စာအတူစားပြီး ခေတ္တနားကြသည်။ ပြူပြတင်းပေါက်မှလာသော ဇာတ်လမ်းတွဲကိုကြည့်ရင်း မှေးခနဲပျော်သွားသည်။ တစ်ရေးနိုးတော့ ဘေးမှာကော်ဖီနှင့်မုန့်ရောက်နေသည်။ ကော်ဖီအိုးအစွပ်ကိုမ၍ ကော်ဖီတစ်ခွက်၊ မုန့်နှင့်စားလိုက်သည်။ ပြီးတော့ ကြီးကြီးကိုရှာရန်ထွက်လာစဉ် အိမ်အပြင်ဘက်မှ 'ချပ်ထောက်. . ချပ်ထောက်'ဆိုသော ရက်ကန်းသံကိုကြားနေရသည်။ ခြံဝင်းထဲလှည့်ပတ်ရန် အသံရှိရာသို့သွားရာ သစ်ပင်တစ်ပင်အောက်တွင် အမိုးအကာ သပ်သပ် ရပ်ရပ်ဆောက်ထားသော ယက်ကန်းရုံလေးကိုတွေ့ရသည်။ သူမဝင်သွားစဉ် ကြီးကြီးကပြုံးပြနေသည်။

"နိုးလာပြီလား သမီး. . . ဘယ်အချိန်နိုးမယ်မသိလို့. . . ကြီးကြီးအချိန်ကျလာတာနဲ့ အလုပ်လုပ်နေတာ. . . လာ - ဒီမှာလာကြည့်ကြည့်"

စန္ဒာမင်းလတ် အနားသို့ကပ်၍ကြည့်မိသည်။

"လှတယ် ကြီးကြီး. . . သိပ်လှတယ်. . . သမီးလည်း အဲဒီလို ရက်တတ်ချင်တယ်. . . ကြီးကြီးသင်ပေးမလား"

ကြီးကြီးမျက်နှာ ဝင်းသွားသည်။ ဘေးမှာရှိသောရက်ကန်းစင် အလွတ်တွင် သူမကိုထိုင်စေသည်။ ဒီဇိုင်းအတွက် စိတ်ကြိုက်ပြင်ဆင်ပုံ၊ ပွန်းယူပုံ၊ ချည်အတိုင်အဖောက်ထားပုံ၊ ခြေနင်းခတ်ပုံကို သဘောတရား

ရော၊ လက်တွေ့ပါ သင်ပြသည်။ သင်ပြသူကလည်း သန္တာ၊ သင်ယူသူကလည်း ဝါသနာနှင့်ပါရမီရှိသည်။ သိပ်မကြာလိုက်။ စန္ဒာမင်းလတ်အတွက် အဆင်ပြေစပြုလာသည်။ လုပ်ကိုင်စမို့ နှေးကွေးသည်။ အာရုံစိုက်ရသည်။ နောက်တော့ တဖြည်းဖြည်းသွက်လာသည်။ စိတ်ကူးထဲရုတ်တရက်ပေါ်လာသောဒီဇိုင်းရိုးရိုးစင်းစင်းတစ်ခုကို စတင်ယက်လုပ်သည်။ ကြီးကြီး ဘယ်အချိန်ကထွက်သွားသည်မသိတော့။ နေဝင်မိုးချုပ်စပြုနေပြီဆိုတာကိုတော့ သူမသတိပြုမိသည်။

"ကဲ နားပါဦးစန္ဒာ. . . မင်းတော်တော်ကြာနေပြီ"

တင်ကျော်ဦး၏အသံကြားမှ အိပ်မက်သူတစ်ယောက်လို သတိဝင်လာသည်။ တင်ကျော်ဦးဆီလှမ်းကြည့်လိုက်တော့ ယက်တန်းရဲ့အပေါက်ဝ တိုင်ကိုမှီရင်း သူမကိုစိုက်ကြည့်နေသည်။

"ဩ - ထောင်ပိုင်ကြီးပါလား. . . ပြန်လာပြီပေါ့"

တင်ကျော်ဦးမျက်နှာ အနည်းငယ်ညှိုးသွားသည်။

"မင်း အဲဒီလိုမပြောပါနဲ့. . . မင်းက ငါ့ရဲ့ အထူးဧည့်သည်လို့ပြောထားတာပဲ"

"တော်ပါတော့. . . အား ကျွတ် ကျွတ်"

စန္ဒာမင်းလတ် ထဖို့ပြင်လိုက်စဉ် တစ်ကိုယ်လုံးညောင်းညာနေမှန်း ခုမှသတိထားမိသည်။ လေးနာရီလုံးလုံး မထတမ်း အာရုံနှစ်ခဲ့မိသည်။ ဆောင်းရာသီက အေးစက်နေသည်။ သူမ၏ လွန်းကိုင်ခဲ့သောလက်တွေ နာကျင်နေသည်ကို သတိထားမိလာသည်။ လက်ကိုကြည့်မိသောအခါ ထိတ်လန့်သွားသည်။ လက်တွေပေါက်ပြဲနေပြီ။ ယက်ကန်းစင်ကို အသာဖေးပြီး ဖြည်းဖြည်းထကြည့်သည်။ ခြေတွေ တအားထုံကျင်နေသည်။ ရုတ်တရက်ယိုင်လဲသွားစဉ် အရိပ်တစ်ခု လှစ်ခနဲရောက်လာပြီး သူမကိုတွဲထူထားလိုက်သည်။

"အို"

သူမ၏ဦးခေါင်းက တင်ကျော်ဦးရင်ခွင်ထဲ စိုက်ဆင်းသွားသည်။

"မလိုဘူး. . . ကျွန်မရပ်နိုင်ပါတယ်. . . ကိုယ့်ဘာသာသွားပါ့မယ်"

တင်ကျော်ဦးက စကားတစ်ခွန်းမှမပြောဘဲ သူမကို ညင်ညင်သာသာတွဲခေါ်၍ ယက်ကန်းရုံအပြင်သို့ထွက်လာသည်။ စန္ဒာမင်းလတ်လည်း အငြင်းသက်သက်သာရှိပြီး သူခေါ်ရာကို ကျေကျေနပ်နပ်လိုက်လာမိသည်။ အိမ်အနားရောက်မှ သတိဝင်ကာ တစ်ချက်ရုန်းလိုက်သည်။ သူမ၏လက်မောင်းကိုကိုင်ထားသော သူ့လက်များကို ခါချကြည့်သည်။ မပြုတ်သွား။

"ကဲ - ကလေးမ. . . ကြီးကြီးမြင်မှာစိုးရင် အိမ်ထဲရောက်မှ ကိုယ့်ဘာသာလျှောက်. . . ကိုယ့်အခြေအနေကိုယ်သိ . . . လုပ်ပြီးဆိုရင် စွတ်လုပ်တတ်တာမကောင်းဘူး. . . ဘယ်နေရာမဆို အချိန်အဆရှိရတယ်ကွ"

စန္ဒာမင်းလတ် မျက်စောင်းပြင်းပြင်းတစ်ချက် ထိုးလိုက်သည်။ ကိုယ့်ကိုယ်ကိုယ်မသယ်နိုင်တာလည်း တကယ့်အဖြစ်မှန်။ ကူညီပေးတာကိုလည်း မကြိုက်။ အိမ်ထဲသို့ဝင်သည်နှင့် နံရံကိုကိုင်၍ ကိုယ့်ဘာသာသွားလိုက်သည်။

"သမီး မစန္ဒာ. . . ဘယ်လိုဖြစ်လာသလဲ. . . ကြီးကြီးလည်းလာခေါ်ဖို့မေ့သွားတယ်. . . ညစာချက်ပြုတ်နေလို့ပါကွယ်. . . သမီးလည်း ဒီလောက်အကြာကြီး ထိုင်နိုင်မယ်မထင်ဘူး. . . လာ လာ. . ပြစမ်း လက်တွေ. . . အိုး - အတော် ပေါက်ပြဲကုန်ပြီ. . . ဘာလို့ အဲလိုကြီးလုပ်သလဲ"

ကြီးကြီးရီက ပြောပြောဆိုဆိုနှင့် သူမကိုတွဲခေါ်သွားသည်။ မီးဖိုလက်ဆေးကန်ထဲမှာ ရေနွေးနှင့်လက်တွေကို ဆေးပေးသည်။ သူမ အခုမှအတော်နာကျင်ရမှန်းသိလာသည်။ လက်နှစ်ဖက်လုံး စပ်ဖျင်းဖျင်းဖြစ်နေသည်။

"ကြည့်စမ်း. . ကလေးတွေဟာ အဲလိုပဲ. . . တင်ကျော်ဦးမှာ လည်း အဲဒီလိုအကျင့်ရှိတယ်. . . လုပ်ချင်ရင် တအားပဲ . . . သမီးတ တစ်ခါမှမလုပ်ဖူးဘဲနဲ့ အများကြီးသွားလုပ်တာကိုး"

စန္ဒာမင်းလတ်တစ်ကိုယ်လုံး ညောင်းသလို၊ လက်တွေလည်း နာသည့်ကြားမှ ကြီးကြီး၏ နွေးနွေးထွေးထွေးပြုစုနေသည်ကို ကျေးဇူး တင်ကျေနပ်နေမိသည်။ ပေါက်ပြကုန်သောလက်နှစ်ဖက်တွင် သွေးစ လေးတွေတောင် တွေ့ရသည်။ တစ်ကိုယ်လုံး အေးစိမ့်စိမ့်ဖြစ်လာသည်။ ညနေစောင်းလျှင် အနွေးထည်ထူထူဝတ်ရသောဒေသ၌ သူမသတိ တစ်ချက်လစ်သွားခဲ့သည်။ ဖျားချင်လာသည်။

"သမီးထမင်းမစားချင်ဘူး ကြီးကြီး"

စန္ဒာမင်းလတ်က ကြီးကြီးရီကို ကလေးတစ်ယောက်လိုပြော လိုက်သည်။ စန္ဒာမင်းလတ်၏အမူအရာကို တံခါးဝမှရပ်ကြည့်နေသော တင်ကျော်ဦး အတော်သဘောကျနေသည်။ ဒီလိုကျတော့ ကလေးလေး လိုပါပဲလား ကုမ္ပဏီဒါရိုက်တာကြီးရဲ့ဟု စိတ်ထဲမှာပြောမိသည်။

"ဒါဆို သမီးဘာစားမလဲ. . . ဘာလုပ်ပေးရမလဲ"

ကြီးကြီး ပျာပျာသလဲဖြစ်သွားသည်။

"သမီးနားချင်တယ်. . . တစ်ကိုယ်လုံး အီနေပြီ. . . အပေါ်မှာ နားတော့မယ်. . . ဗိုက်ဆာမှ ကော်ဖီနဲ့မုန့်ပဲ စားတော့မယ်"

စန္ဒာမင်းလတ် ပြောပြောဆိုဆိုနှင့် မီးဖိုတံခါးဘက်လှည့်ထွက် လာခဲ့သည်။ အပေါက်ဝတွင်ရပ်နေသော တင်ကျော်ဦးကို တစ်ချက် ကြည့်လိုက်သည်။ သူ့မျက်လုံးတွေ ရီဝေနေသည်။ စိတ်ကောင်းပုံမရဟု ထင်မိသည်။

"အေး ကောင်းတယ်. . . အိပ်ရာထဲမှာ လှဲနေလိုက်. . . မင်း သိပ်ပင်ပန်းသွားတာကွ. . . အခု. . အဲ - ငါးနာရီကျော်ပြီ. . . ခဏ နားလိုက်. . . ခုနစ်နာရီလောက် တစ်ခုခုစားရမယ်. . . မဟုတ်ရင် ဗိုက်ဆာနေလိမ့်မယ်"

သူမကို အစီအမံတွေချပေးနေသော တင်ကျော်ဦးစကားကို မကြားချင်ယောင်ဆောင်ကာ အိမ်ပေါ်သို့တက်လိုက်သည်။

"အား - ကျွတ် ကျွတ်"

ခြေထောက်တွေမသယ်ချင်တော့၊ ခေါင်းတွေပါကိုက်လာသည်။ အရိပ်တစ်ခုလှစ်ခနဲရောက်လာပြီး သူ့လက်မောင်းကို အသာအယာ ကိုင်လိုက်သည်။

"ဟင် - မင်းဖျားနေပြီ. . . မှန်းစမ်း"

သူမ၏နဖူးကို စမ်းလိုက်သည်။

"ဟုတ်ပ. . . ကိုယ်တွေပူနေပြီ. . . ကဲ - လာ. . . အပေါ်သွားမယ်"

စန္ဒာမင်းလတ် ဟန်မဆောင်နိုင်တော့ဘဲ လိုက်ပါလာခဲ့သည်။ အိပ်ခန်းထဲရောက်သောသူမကို ခုတင်ပေါ် အသာအယာ တင်ပေးလိုက်သည်။ ချက်ချင်း အခန်းပြင်သို့ထွက်သွားသည်။ တစ်မိနစ်၊ နှစ်မိနစ်ပဲ ကြာမည်။ ဆေးသေတ္တာတစ်လုံးနှင့် ပြန်ဝင်လာသည်။ အခန်းထဲမှာ ရှိသော လျှပ်စစ်ရေနွေးအိုးကိုတည်လိုက်သည်။ ရေနွေးတည်ထားစဉ် ဆေးသေတ္တာကိုဖွင့်ပြီး ဝွမ်း၊ ပတ်တီး၊ အရက်ပျံ၊ ဆေးတွေကို စနစ်တကျထုတ်ယူသည်။ ကိုင်တွယ်ပုံတွေကျွမ်းကျင်သည်။

"မင်းလက်ကအနာရှိန်ကြောင့် ဖျားတာပဲ. . . ဆောင်းလေမိသွားတော့ ပိုဆိုးတာပေါ့"

ပြောပြောဆိုဆိုနှင့် သူမ၏လက်နှစ်ဖက်ကိုဆွဲယူကာ အရက်ပျံနှင့်သေချာပွတ်သည်။

"အား - စပ်တယ်"

"ခဏလေးအောင့်ထား. . . ခဏလေးနော်. . . ပြီးတော့မယ် . . . ဟုတ်ပြီ. . . ဆေးထည့်ပြီးရင် ရပြီ"

စန္ဒာမင်းလတ်မျက်စိကို အသားကုန်မှိတ်ရင်း ကြိတ်ခံနေသည်။

"ရပြီ. . . ပတ်တီးစည်းနေပြီ. . . မနက်ဖြန်ဆိုရင် ပျောက်ပါပြီ"

စန္ဒာမင်းလတ် အသက်ပြင်းပြင်းရှူနေရသည်။ မျက်လုံးဖွင့်လိုက်တော့ ပတ်တီးတွေစည်းပြီးသွားပြီ။ လက်ဝါးနှစ်ဖက်လုံး သပ်သပ်ရပ်ရပ်။ တင်ကျော်ဦးကတော့ ရေနွေးဆီရောက်သွားသည်။ ပွက်ပွက်ဆူနေသော ရေနွေးဖြင့် အပ်တွေကိုစိမ်လိုက်သည်။ ထိုးဆေးရည်ပုလင်းတစ်လုံးကိုဖြတ်ချပြီး တစ်ခါသုံးအပ်ဖြင့်စုပ်ယူနေသည်။

"ဒါက မေးခိုင်ကာကွယ်ဆေး. . . လက်ဒဏ်ရာက အခန့်မသင့်ရင် မေးခိုင်ပိုးဝင်တတ်တယ်. . . ဒီဆေးထိုးထားတာ မမှားဘူး . . . တင်ပါးမှာထိုးရမလား. . . လက်မောင်းမှာထိုးရမလား"

"လက်မောင်းမှာပဲထိုး"

စန္ဒာမင်းလတ်၏ အလန့်တကြားအဖြေကို တင်ကျော်ဦး သဘောကျသလို ပြုံးနေသည်။ စန္ဒာမင်းလတ်က မျက်စောင်းတထိုးထိုးနှင့်။

"အင်္ကျီလက်တစ်ဖက်ချွတ်ပေးမယ်. . . ဖြည်းဖြည်း. . . လက်ဖဝါးနာမယ်. . . ရပြီ ဆေးထိုးမယ်. . . မနာဘူး. . . ခဏလေး. . . ပြီးပါပြီ"

စန္ဒာမင်းလတ် တစ်ချက်တွန့်သွားသည်။ သို့သော် အတော်ညင်သာသည့်အထိအတွေ့များဖြစ်သည်။ ဒီနေ့ညနေခင်းတစ်ခုလုံး သူမကိုထိတွေ့ကိုင်တွယ်ရမှာ ကြင်နာမှုအပြည့်နှင့် ညင်သာလွန်းသည်။ မြဲမြံလွန်းသည်။ ထိုအတွေးက သူမရင်တွေကို တဒိုင်းဒိုင်းခုန်စေသည်။ ယခုလည်း သူမလက်တစ်ဖက်ကို အင်္ကျီပြန်ဝတ်ပေးနေသည်။

"ရှင်က ဆေးပညာလည်းတတ်တာပဲလား"

စန္ဒာမင်းလတ်က စပ်စုလိုက်သည်။

"ဟုတ်တယ်. . . ရွာမှာ ကျန်းမာရေးမှူးရှားတော့ ကျန်းမာရေးမှူး သင်တန်းခေါ်တုန်း တက်ထားတာ. . . သာမန်ဖျားတာနာတာလောက်တော့ ကုတတ်တယ်ပေါ့"

တင်ကျော်ဦးကအဖြေပေးရင်း ပစ္စည်းတွေ စနစ်တကျပြန်သိမ်းနေသည်။ ဆေးပုလင်းများထဲမှ ဆေးတချို့ကိုထုတ်ပြီး တစ်ခုခုသတိရဟန်ဖြင့် ပြန်သိမ်းလိုက်သည်။

"မင်းမှာ အစာမရှိသေးဘူး. . . ခဏလေးစောင့်. . . အစာစားပြီးရင် ဆေးသောက်ရမယ်. . . ပြီးမှ စိတ်ချလက်ချနားလိုက်. . . ခဏလေး"

ပြောပြောဆိုဆိုနှင့် ပြန်ထွက်သွားသည်။ စန္ဒာမင်းလတ်လည်း အတော့်ကိုပင်ပန်းနေပြီ။ တစ်ကိုယ်တည်း ယုံကြည်မှုအပြည့်နှင့် လှုပ်ရှားခဲ့သမျှ ယခုသူ့အစီအစဉ်တွေအတိုင်း လိုက်နာနေရသည်။ ကျေနပ်စရာတော့ အကောင်းသားဟုတွေးမိသည်။ ဘယ်လောက်ကြာသွားသလဲမသိ။ တင်ကျော်ဦးပြန်ဝင်လာသည်။ လက်ထဲတွင် အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲပြုတ် ပုစွန်အကောင်လိုက် ထည့်ထားသည်။ စားချင်စဖွယ်ဖြစ်သည်။ သူမကို ထိုင်ခိုင်းသည်။ ပြီးတော့ခေါက်ဆွဲကို သူကိုယ်တိုင် ခွဲ့ကျွေးဖို့လုပ်သည်။

"ရတယ်. . . ကျွန်မဘာသာစားမယ်"

စန္ဒာမင်းလတ်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"မင်းက ဘယ်လက်နဲ့ကိုင်ပြီး ဘယ်လက်နဲ့စားမှာလဲ"

သူပြောမှသတိထားမိသည်။ ဟုတ်သည်။ လက်နှစ်ဖက်စလုံး ပတ်တီးနှင့် ထုံကျင်ကိုက်ခဲနေသည်။

"ဒီမှာ ပထမဆုံး မင်းဟာငါ့ဧည့်သည်. . . အခု မင်းကငါ့လူနာ. . . ဒါကြောင့် ငါ့ရဲ့ညွှန်ကြားချက်ကိုလက်ခံပါ"

ပြောပြောဆိုဆိုနှင့် ခေါက်ဆွဲတွေကိုမွှတ်ပေးပြီး ခွံ့သည်။ သူမလည်း အလိုက်သင့်စားမိသည်။ တစ်ဝက်ခန့်ကုန်တော့ သူမရပ်လိုက်သည်။

"ရပြီ. . . ကျွန်မတော်ပြီ. . . ကျေးဇူးတင်ပါတယ်. . . ဒီအတွက် ကျေးဇူးသပ်သပ်ဆပ်ပါ့မယ်. . . လုပ်ငန်းနဲ့တော့ ဘာမှမဆိုင်ဘူးလို့ မှတ်ထားပေးပါ"

တင်ကျော်ဦး ဆတ်ခနဲဖြစ်သွားသည်။

"ငါ့စေတနာကို မစော်ကားနဲ့. . . မင်းမှမဟုတ်ဘူး. . . ငါ့ရှေ့မှာ အရူးမတစ်ယောက် အခုလိုဖြစ်နေရင်လည်း လုပ်ပေးမှာပဲ. . . ဒီအတွက် ဘာမှမမျှော်လင့်ဘူး နားလည်လား"

တင်ကျော်ဦး ခေါက်ဆွဲပန်းကန်ကို စားပွဲပေါ် ဆောင့်ချလိုက်သည်။ ပုလင်းထဲကဆေးတွေထုတ်သည်။ ရေတစ်ခွက်ယူလာကာ သူမကိုပေးလိုက်သည်။ ဆေးပေးချိန်မှာတော့ သူ့အသံက နူးညံ့သွားပြန်သည်။

"မင်း ဆေးသောက်လိုက်ဦး. . . ပြီးရင် သေချာအိပ်လိုက်. . . ညဘက် ဘာမှမပူနဲ့. . . ကြီးကြီးရော ငါရောရှိတယ်"

ထိုအချိန်တွင် ကြီးကြီးဝင်လာသည်။

"ဘယ့်နှယ့်လဲ သား. . . မစန္ဒာဘယ်လိုနေလဲ"

"ကောင်းသွားမှာပါ ကြီးကြီး. . . ကျွန်တော်ဆေးထိုးဆေးတိုက်ထားတယ်. . . သူအိပ်ဖို့ပဲ လိုတယ်"

ကြီးကြီးက စန္ဒာမင်းလတ်ခုတင်ဆီသို့ လျှောက်လာရင်း စန္ဒာမင်းလတ်လက်များနှင့်နဖူးကို ညင်ညင်သာသာကိုင်သည်။ စန္ဒာမင်းလတ်ကို အိပ်ခိုင်းသည်။ တင်ကျော်ဦး၏ခြေသံပါးပါးလေးက အခန်းနှင့်ဝေးရာသို့ တရွေ့ရွေ့ရောက်သွားပြီး စန္ဒာမင်းလတ်အိပ်ချလိုက်သည်။

မနက်မိုးလင်းနေပြီ။

စန္ဒာမင်းလတ်အိပ်ရာအထဲတွင် အတော်လန်းဆန်းနေသည်။ လက်ကပတ်တီးများကြောင့် မျက်နှာသစ်ဖို့ခက်လိမ့်မည်ဟု စဉ်းစားနေမိသည်။ အိပ်ရာဘေးရှိစားပွဲပေါ်တွင် စာတစ်စောင်ရေးထားသည်။

(၁)- စနိုးတာဝါပန်းကန်ရှိသည်။ မျက်နှာသစ်ပါ။
(၂)- ကော်ဖီကရားရှိသည်။ ကော်ဖီနှင့်မုန့် စားပါ။
(၃)- ဆေးတစ်စုံရှိသည်။ အစာစားပြီးသောက်ပါ။
(၄)- အခန်းထဲမှာပဲနေပါ။ အိပ်ချင်လာလျှင် ထပ်အိပ်ပါ။

တင်ကျော်ဦး

"ဟင်း - သူ့အစီအစဉ်အတိုင်းပဲ လုပ်ရမှာလား"

စန္ဒာမင်းလတ် အကန်စိတ်နဲ့တွေးမိသော်လည်း ရွှေစရာမရှိ။ သူ့အစီအစဉ်များကသာ အကောင်းဆုံးဖြစ်နေသည်။ လက်ဖဝါးတွေက အနည်းငယ်ကြိမ်းနေသော်လည်း သက်သာနေပြီ။ စနိုးတာဝါကို တိုင်လို့ရသည်။ မျက်နှာသုတ်လို့ရသည်။ ကော်ဖီက အရသာရှိသည်။ မုန့်ကတော့ အစုံ။ ပေါင်မုန့်၊ ကိတ်မုန့်၊ ကွတ်ကီး အတော်စုံသည်။ ပြီးတော့ ဆေးသောက်လိုက်သည်။ ဗိုက်ပြည့်တော့ ပို၍အားရှိလာသည်။ ပြတင်းပေါက်နားဆီသွား၍ လိုက်ကာဖယ်လိုက်သောအခါ ပြတင်းတွင် နှင်းတွေစိုနေသည်။ သူမ၏အခန်းသည် အိမ်၏အနောက်ဘက်ခြမ်းတွင် ရှိသည်။ သစ်ပင်တွေ၊ ပန်းရောင်စုံတွေ နေဖျော့ဖျော့နှင့် အတော်လှပနေသည်။ အဆောက်အဦလေးတစ်ခုကတော့ ကားဂိုဒေါင်ဖြစ်ပုံရသည်။ စန္ဒာမင်းစဉ်းစားမိသည်။ ဒီအိမ်ကြီးမှာ ကြီးကြီးရီနှင့်တင်ကျော်ဦးတို့နှစ်ယောက်တည်းနေတာတော့ မဖြစ်နိုင်။ အရေးကြီးပုဂ္ဂိုလ်တစ်ယောက်၏အိမ်တွင် အစောင့်အရှောက်တွေရှိမှာသေချာသည်။ ထိုလူတွေကို မတွေ့ရတော့ အတော်ထူးဆန်းသည်။ သူမ ဒီအိမ်ကိုရောက်တာလည်း နှစ်ညနှင့်တစ်နေ့ပဲရှိသေး၍ သတိမထားမိတာလည်းဖြစ်နိုင်သည်။ သို့မဟုတ် သူမကိုအကျယ်ချုပ်ချထားကာ ကျန်သူတွေမသိစေချင်၍လည်းဖြစ်နိုင်သည်။

တင်ကျော်ဦးအကြောင်း စဉ်းစားမိချိန်တွင် ရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ သူ၏အထိအတွေ့၊ ပြုစုကုသပုံတွေကို သွားသတိရနေသည်။ အထူးသဖြင့် သူ၏မျက်လုံးတွေဖြစ်သည်။ သူမအပေါ်တွင် သူ့စိတ်တွေ ဘယ်လိုရှိနေသည်ကို ခန့်မှန်း၍ရသည်။ သို့သော် လုပ်ငန်းပိုင်းနှင့်ပတ်သက်၍ သူ၏ပြုမူဆောင်ရွက်ပုံကိုမကြိုက်။ သူမက အကြပ်ကိုင်သလို ခံစားနေရသည်။ ဒီလုပ်ငန်းကြီး သူများလက်ထဲမပါသွားအောင် စန္ဒာမင်းလတ်ဘက်ကရပ်တည်၍ လုပ်ဆောင်နေသည့်

သဘော သူပြောသည်။ သူမသဘောထားမပြောင်း၍သာ အခုလိုလုပ်လိုက်ရသည်ဟု အဓိပ္ပာယ်ထွက်သည်။

စန္ဒာမင်းလတ်လည်း ကိုယ့်ကိုယ်ကိုယ်ပြန်ဆန်းစစ်သည်။ တစ်နှစ်တာအရှုံးခံပြီး သူပြောသလို ဈေးကွက်မှာတန်ဖိုးမြှင့်တာဖြစ်နိုင်ချေရှိပါသည်။ အထည်ကွာလတီမြှင့်လိုက်လျှင် ဈေးရဖို့သေချာသည်။ ဒီဇိုင်းကောင်းလျှင် ပိုရမည်။ ဖက်ရှင်ကောင်းကောင်းထွင်နိုင်လျှင်ပို၍ဈေးရမည်။ သူမကောင်းကောင်းသိပါသည်။ ဒီဈေးကွက်ကိုသူမကိုယ်တိုင်လည်း လက်မလွှတ်ချင်တာ သေချာသည်။ ဒါဆိုလျှင်သူမဘာအတွက်ခေါင်းမာနေသည်။ နိုင်ငံရေးသမားဖြစ်တဲ့ တင်ကျော်ဦးကြောင့်လား။ နိုင်ငံရေးသမားတွေကို မယုံတဲ့စိတ်၊ ကြောက်တဲ့စိတ်ရှိနေတာလား။ တင်ကျော်ဦးဟာ သူပေးထားတဲ့ကတိတည်ရေးအတွက်သူမကို အကြပ်ကိုင်နေတယ်ဆိုတဲ့အစွဲကြောင့်လား။

နိုင်ငံတကာမှာ handmade လို့ခေါ်တဲ့ လက်ဖြစ်အထည်တွေသည် ဈေးကောင်းရတာ သူမသိပါသည်။ တင်ကျော်ဦးပြောသလိုအင်းသားတွေလည်း ရသင့်တာမှန်ပါသည်။ အင်းသားမှမဟုတ် အခြားတိုင်းရင်းသားအထည်တွေအားလုံး နိုင်ငံတကာစံမီဈေးကောင်းရသင့်တာလည်း မှန်ပါသည်။ ဒါကို သူမအရင်က မစဉ်းစားခဲ့မိ။ သူမအနေဖြင့်အထည်ချုပ် စက်ရုံကို အရင်စလုပ်ခဲ့ပြီးမှ ရိုးရာလက်ဖြစ်အထည်များကိုလုပ်သောကြောင့် ဈေးကွက်အငိုက်မိနေတာဖြစ်နိုင်သည်။ ဒါကိုတင်ကျော်ဦးက သတိပေးနေတာဖြစ်လိမ့်မည်။

ယခုလည်း သူမကိုယ်တွေ့နားလည်နိုင်နေပြီဖြစ်သည်။ ရက်ကန်းသမားများ၏ဘဝကား အစမှာပင်မလွယ်ကူလှပေ။ သူမလက်တွေပေါက်ပြဲသွားသည်။ ဖျားတောင်ဖျားသွားသည်။ လက်ရက်အထည်များသည် အရင်းအနှီးကြီးလှသည်။ အနုပညာသမား၏အတွေးမျိုးလည်းရှိရသည်။ ထို့ကြောင့် လက်ရက်တန်ဖိုးသာမက အနုပညာတန်ဖိုးကိုပါ

ပေးဆောင်သင့်သည်ဟု သူမရင်ထဲမှာကိန်းအောင်းလာသည်။ သို့သော် တင်ကျော်ဦး၏လုပ်ပုံကို စန္ဒာမင်းလတ် ဘဝင်မကျ။ သူမကိုနားလည် သဘောပေါက်အောင် ပညာပေးနိုင်သည်မှန်သော်လည်း လုပ်ပုံက ယခုထက်ပို၍ သိမ်မွေ့လျှင်ကောင်းလေစွဟုတွေးမိသည်။

"ဟွန်း - မုန့်ဖိုကောင်းလိုက်တာ. . . တခြားနည်းလမ်းနဲ့ သတိပေးခဲ့ရင် သိပ်ကောင်းမှာပဲ. . . ခုတော့ ငါလျှော့ပေးဖို့မလွယ်ဘူး . . . ဖမ်းပြီးအကျပ်ကိုင်မှ လျှော့ပေးရတာမျိုးတော့ ဆောရီးပဲ. . . ဘယ်တော့မှလျှော့မပေးဘူး"

စန္ဒာမင်းလတ် သူမကိုယ်သူမအားပေးလိုက်သည်။ အတွေးများ ကြောင်းလည်းကောင်း ဆေးသောက်ထား၍လည်း ထပ်အိပ်ချင်လာသည်။ သူမခုတင်ဆီပြန်လျှောက်ကာ ဝွမ်းဖုံခြုံ၍အိပ်လိုက်သည်။ ချက်ချင်းအိပ်ပျော်သွားသည်။

အပြင်ဘက်မှာတော့ နှင်းရယ်၊ နေရောင်ခြည်ရယ်၊ ဆောင်းလေညင်းရယ် ဝိုင်းဖွဲ့ရင်း တေးတစ်ပုဒ်ပျော်ဝင်နေသည်။

စန္ဒာမင်းလတ်နိုးလာသည်။ အားအင်တွေပြည့်နေသည်ဟု ခံစားရသည်။ လက်ဖဝါးတွေ မနာတော့။ နာရီကိုလှမ်းကြည့် သည်။

"၁၂ နာရီ ၅ မိနစ်ရှိပြီ ကလေးမ"

တင်ကျော်ဦးအသံကြောင့် စန္ဒာမင်းလတ်လန့်သွားသည်။ သူမခုတင်ခေါင်းရင်းဘက်ရှိ ကုလားထိုင်ပေါ်တွင်ထိုင်၍ စာဖတ် နေပုံရသည်။ စန္ဒာမင်းလတ် လူးလဲထကာ သူ့ကိုလှမ်းကြည့်လိုက်သည်။ တင်ကျော်ဦးပြုံးပြသည်။ နွေးထွေးလိုက်သည့် အပြုံး။

"စန္ဒာ သက်သာရဲ့လား. . . ကိုယ်စာရေးပေးခဲ့တဲ့အတိုင်းလုပ် ခဲ့တာ သေချာတယ်. . . ကော်ဖီနှစ်ခွက်ကုန်တယ်. . . ပေါင်မုန့် လေးချပ်၊ ကိတ်မုန့်နှစ်တုံး၊ ကွတ်ကီးရှစ်ခုစားပြီး ဆေးသောက်တယ်. . . ပြီးတော့ ပြတင်းပေါက်နားမှာခဏရပ်ပြီး စဉ်းစားတယ်. . . ပြန်အိပ်သွား တယ်"

စန္ဒာမင်းလတ်ထိတ်ခနဲဖြစ်သွားသည်။ CCTV ကင်မရာရှိမရှိ တစ်ခန်းလုံးလှည့်ပတ်ကြည့်မိသည်။ တင်ကျော်ဦးက အသံထွက်ရယ် လိုက်သည်။

"ဟေး - ဘာတွေအတွေးချော်နေတာလဲ. . . ဒီမှာ CCTV လုံးဝမရှိဘူး. . . ရှေးဟောင်းအိမ်မှာ ခေတ်မီအသုံးအဆောင်တွေရှိ ပေမယ့် CCTV တော့ မထားဘူး. . . ကိုယ်က မုန့်တွေကိုရေထား တယ်. . . ကော်ဖီကရားကို အပြည့်ဖြည့်ထားတယ်. . . ပြတင်းပေါက် က လေဝင်မှာစိုးလို့ လိုက်ကာတွေအစေ့ပိတ်ထားတယ်. . . မင်း

လိုက်ကာဖွင့်ပြီး ပြန်မစေ့ခဲ့ဘူး. . . ဒီတော့ ကြည့်ရှုံသက်သက်မဟုတ်ဘူး . . . စဉ်းစားရင်းမေ့သွားတာဖြစ်မယ်. . . ဘာပဲဖြစ်ဖြစ် ကိုယ့်လူနာက ညွှန်ကြားချက်အတိုင်း အတိအကျလိုက်နာပေးလို့ ကျေးဇူးပါပဲ. . . ဒါကြောင့် အနာတွေအပျောက်မြန်တာပေါ့. . . ကဲ - နေ့လယ်စာ မစားခင် ပတ်တီးဖြည်ရအောင်. . . ထပါဦးကွ"

တင်ကျော်ဦး ပြောပြောဆိုဆိုနှင့် ခုံဘေးတွင်ချထားသော ဆေးသေတ္တာကိုယူကာ သူမခုတင်ဆီ လှမ်းလာနေသည်။ သူမရင်တွေခုန်မိသည်။ ဘာတွေဖြစ်လို့ပါလိမ့်။ သူမ၏လက်ဖဝါးနှစ်ဖက်ကို ညင်သာစွာဆွဲယူသွားပြီ။ လက်ဝါးတွေကိုငုံ့ကြည့်စဉ် သူတို့ခေါင်းချင်းဆိုင်မိသည်။ အသက်ရှူငွေ့တွေ တစ်ဦးမျက်နှာတစ်ဦးရိုက်ခတ်မိသည်။ တင်ကျော်ဦး၏ရှူထုတ်လိုက်သောလေသံမှာ အတော်နူးညံ့ပြေပြစ်လှသည်။

"ဟုတ်နေပြီပဲ. . . စနွှာမကြောက်နဲ့နော်. . . ပတ်တီးကိုဖြေတော့မယ်. . . ဟုတ်ပြီ အသာလေးပဲ. . . အို - အတော်ကောင်းသွားပြီ. . . နောက်တစ်ပတ်ဖြေမယ်. . . ဖြည်းဖြည်းပဲ. . . အိုးခေ ကောင်းနေပြီ"

စန္ဒာမင်းလတ်တစ်ယောက် သူ၏သိမ်မွေ့သောစကားလုံးများတွင်နစ်မျောရင်း သူ့မျက်နှာကိုငေးမောကြည့်နေမိသည်။ ခေါင်းငုံ့၍ ကလေးတစ်ယောက်မနာကြင်အောင် သတိပေးစကားလုံးတွေနှင့် ချော့မော့နေသော တင်ကျော်ဦး၏မျက်နှာကို အနီးကပ်ငေးမောနေမိသည်။ မျက်ခုံးကောင်း၊ မျက်လုံးကောင်း၊ နှာတံပေါ်၊ ယောကျ်ားပီသသည့်မျက်နှာကျနှင့် ဆံပင်တွေက နဖူးပြင်ပေါ်ဝဲကျနေသည်။ မနေ့ညက နာကျင်နေသောကြောင့် သူမ၏လက်များကို ဘယ်လိုကိုင်တွယ်ခဲ့သည်ကို သတိမထားမိသော်လည်း ယခု သူမလက်များကို အကြင်နာအပြည့်နှင့် ကိုင်တွယ်စစ်ဆေးနေတာ သတိထားမိသည်။ သူမရင်တွေ အတော်ဖိုနေသည်။ ချစ်မိနေတာလား. . . ချစ်တာလား။

ဩ ရ သ တ ပေ

တင်ကျော်ဦး ခေါင်းအသာအယာမော့လာစဉ် ငေးနေသော သူမမျက်လုံးများနှင့်ဆုံမိသည်။ ထိုအကြည့် သူမမှတ်မိ သည်။ Golden Inthar ဟိုတယ်မှထွက်လာစဉ် စက္ကန့်ပိုင်းမျှ သူမကိုကြည့်သွားသည့် အကြည့်။ ဒီတစ်ခါ အချိန်တော်တော်ကြာပုံရသည်။ နှစ်ဦးသား ငြိမ်၍ ကြည့်နေမိသည်။ သူမလက်ကိုကိုင်ထားသော သူ၏လက်နှစ်ဖက်သည် စန္ဒာမင်းလတ်၏ လက်မောင်းသားပြည့်ပြည့်လေးဆီသို့ ရောက်လာသည်။ သူ၏ဆာလောင်သောမျက်လုံးများနှင့် နှုတ်ခမ်းများက မပြတ်မသားရုန်းကန်နေပုံရသည်။ စန္ဒာမင်းလတ်လည်း ရုပ်သေတစ်ခုလို လှုပ်ရှားမရတော့။ သူ့ထံမှ သက်ပြင်းချသံတစ်ချက် ပေါ်ထွက်လာသည်။

"စန္ဒာ"

စန္ဒာမင်းလတ် ပြန်မထူးမိ။ တင်ကျော်ဦးလည်း ခက်ခက်ခဲခဲ ခေါ်နေရပုံပေါ်သည်။

"စန္ဒာရယ်. . . မင်းအဆင်ပြေသွားမှာပါ. . . အဆင်ပြေသွားမှာပါ"

စကားတွေ မပီမသပြောရင်း စန္ဒာမင်းလတ်၏လက်မောင်းနှစ်ဖက်ကို မချင့်မရဲညှစ်လိုက်သည်။ ပြီးမှ ရုတ်တရက် ကိုယ်ကိုမတ်ရပ်လိုက်သည်။ ပုံမှန်လေသံသို့ရောက်အောင် အားယူပြီးပြောလိုက်သည်။

"အိုကေ စန္ဒာ. . . လက်တွေက ရေထိလို့မရသေးဘူး. . . လက်တွေလှုပ် ကြည့်ပါဦး"

ထိုအသံကြားမှ စန္ဒာမင်းလတ် ရှက်ကိုးရှက်ကန်းဖြင့် လက်ချောင်းတွေလှုပ်ကြည့်သည်။ ကွေးကြည့်သည်။ လက်သီးဆုပ်ကြည့်သည်။ နာကျင်မှုမရှိတော့။

"အင်း - ဟုတ်တယ်နော်. . . တော်တော်ကောင်းသွားပြီ. . . ကိုယ်တွေလက်တွေလည်း မနာတော့ဘူး. . . ရေက မနက်ဖြန်ဆို ထိလို့ရမလား"

တင်ကျော်ဦးက သူမကို ရွှန်းရွှန်းစားစားကြည့်ရင်း ပီတိအပြည့်နှင့်ပြောလိုက်သည်။

"ရပါပြီခင်ဗျ. . . လူနာက လိမ္မာရင် ဆရာကောင်းတာပဲ"

စန္ဒာမင်းလတ် မျက်စောင်းတစ်ချက်ပစ်လိုက်သည်။

"ကျွန်မ ရှင့်လူနာမဟုတ်တော့ဘူး. . . ဒါပေမဲ့ ရှင့်အကျဉ်းသားတော့ဖြစ်နေသေးတယ်. . . ရှင် ကျွန်မကို ဘယ်လောက်ထိပြန်ပေးဆွဲထားမလဲ. . . ကျွန်မငွေ တစ်နှစ်လောက်အရှုံးမခံမချင်းလား. . . ဒါဆိုရင် ဆောရီးပဲနော်. . . ငွေက ဘာမှမဟုတ်ပေမယ့် ကျွန်မကိုအကြပ်ကိုင်တာ ရှင့်ရဲ့မဟာအမှားကြီးပဲ"

တင်ကျော်ဦး သူမကိုဖျတ်ခနဲကြည့်လိုက်သည်။

"မင်းကို ငါအကြပ်ကိုင်နေတာမဟုတ်ဘူး. . . မင်းသဘောပေါက်အောင်လုပ်နေတာ. . . ငါနဲ့ ငါတို့လိုယက်ကန်းသမားတွေရဲ့ဘဝကို မင်းသဘောပေါက်အောင်လုပ်နေတာ. . . မင်းမှာ ဦးနှောက်ကြီးကြီးရှိတယ်. . . ခံစားမှုကြီးကြီးလိုနေတယ်. . . မင်းဟာ အတော်ဆုံးမိန်းမတွေထဲက တစ်ယောက်ဖြစ်လာဖို့ ငါအမုန်းခံနေတာလို့မှတ်ပါ. . . တော်ပြီ. . . ဒီ အကြောင်းတွေခဏရပ်ထား. . . လာ ထ. . . အောက်မှာ နေ့လယ်စာသွားစားမယ်"

တင်ကျော်ဦးက မြန်ဆန်စွာ သူမလက်မောင်းကိုကိုင်၍ လှေကားဆီအသာတွဲခေါ်သွားသည်။ လှေကားနားရောက်မှ သူမ သတိဝင်လာကာ ရုန်းလိုက်သည်။

"အိုး - နေပါ. . . ကိုယ့်ဘာသာဆင်းနိုင်ပါတယ်"

တင်ကျော်ဦးရယ်သံကိုကြားရသည်။ ရှက်လိုက်တာနော်။

"ကြီးကြီး တောင်ကြီးသွားတယ်. . . သူဆေးစစ်ရမယ့်ရက်ရောက်ပြီ. . . နှစ်ရက်လောက်ကြာမယ်. . . မနေ့က အနားပေးထားတဲ့ခြံအလုပ်သမားလင်မယားရှိတယ်. . . ဦးလေးက ခြံသန့်ရှင်းရေး

လုပ်ပြီး အဒေါ်က ထမင်းဟင်းချက်လိမ့်မယ်. . . မင်းလိုအပ်တာ သူတို့ကိုပြောပါ"

ပြောပြောဆိုဆိုနှင့် ထမင်းစားခန်းထဲရောက်လာသည်။ စားပွဲပေါ်တွင် ထမင်းဟင်းများပြင်ဆင်ထားသည်။ စန္ဒာမင်းလတ် ဗိုက်အတော်ဆာလာသည်။ သူမ ထိုင်ခုံတွင်ထိုင်လိုက်သည်။ တင်ကျော်ဦးကမထိုင်စေဘဲ နှီးစတွေအများကြီးတုပ်နှောင်၍ ချက်ထားသောငါးအကောင်ကြီးတစ်ကောင် ပန်းကန်ပြားထဲပြောင်းထည့်နေသည်။ စန္ဒာမင်းလတ် အတော်ထူးဆန်းနေသည်။ တင်ကျော်ဦးက ငါးကိုချည်နှောင်ထားသောနှီးတွေကို စိတ်ရှည်လက်ရှည်ဖြေနေသည်။ စန္ဒာမင်းလတ် အရမ်းစပ်စုချင်လာသည်။ မနေနိုင်တော့။

"အဲဒါ ဘာငါးလဲဟင်"

တင်ကျော်ဦးက လေသံအေးအေးနှင့်ဖြေသည်။

"ငါးဒုက္ခလို့ခေါ်တယ်. . . အင်းထဲကထွက်တဲ့ ငါးဖိန်းလို့ခေါ်တဲ့ငါးကို ရင်ခွဲ၊ အစာသွတ်၊ နှီးနဲ့ပြန်တုပ်ပြီး ပေါင်းချက်ချက် ထားတာ. . . သေတာတောင် ဒုက္ခကြီးတဲ့ငါးမို့လို့ ငါးဒုက္ခလို့ခေါ်တာ. . . ဒါပေမဲ့ စားလို့သိပ်ကောင်းတယ်"

ဇွန်းနှင့်ခက်ရင်းကို ကျွမ်းကျင်စွာကိုင်ကာ ငါးကိုဖွဲ့လိုက်ပြီး စန္ဒာမင်းပန်ကန်ထဲသို့ ထည့်ပေးလိုက်သည်။ ဟင်းက မွှေးပျံ့နေသည်။ စားကြည့်တော့ အတော်အရသာရှိသည်။ ရန်ကုန်မှာစားရသော မာလာငါးကင်ထက် ပို၍အရသာရှိသည်။

"ရော့ - ထပ်ထည့်ဦး"

တင်ကျော်ဦးက မစားသေးဘဲ စန္ဒာမင်းလတ်ပန်းကန်ထဲကို တစ်ခုပြီးတစ်ခု ထည့်ပေးနေသည်။

"ရှင်ရော မစားသေးဘူးလား. . . ကျွန်မဘာသာ ထည့်စားပါ့မယ်"

တင်ကျော်ဦးက စန္ဒာမင်းလတ်နှင့်ကပ်ရပ်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ငါက ငါချက်ထားတဲ့ဟင်းတွေကို အရသာရှိရှိစားနေတာ ထိုင်ကြည့်ပြီး ပီတိကိုအရင်စားတယ်ကွ. . . မင်းကြိုက်တယ်ဆိုတော့ ငါဝမ်းသာတယ်. . . အဲဒီလို အမြတမ်းကျွေးချင်တယ်"

စန္ဒာမင်းလတ်တွေသွားသည်။ စားလက်စထမင်းလုပ်က နှေးကွေးသွားသည်။ တင်ကျော်ဦးက လွှတ်ခနဲထွက်သွားသော သူ့ပါးစပ်ကို အပြစ်တင်မိသည်။

"ဆောရီး ဆောရီး. . . လုပ်ပါ. . . အားရပါးရစားစမ်းပါကွာ . . . မင်းစားသလို ငါလည်းလိုက်စားဦးမယ်"

ပြောပြောဆိုဆိုနှင့် စန္ဒာမင်းလတ်ပန်းကန်ထဲသို့ ထမင်းတွေထည့်သည်။ သူ့ပန်းကန်ထဲလည်း ထည့်သည်။ ကလေးတစ်ယောက်လို အားရပါးရစားသည်။ အတော်မှန်းစရာကောင်းသည့် လူညိုချော။ သူတို့ထမင်းစားနေစဉ် အမျိုးသမီးကြီးတစ်ယောက်ဝင်လာသည်။ တင်ကျော်ဦးက သူတို့ဆီသို့လှမ်းခေါ်လိုက်သည်။

"ဒေါ်ငယ် ဒီကိုလာ. . . ဒါ ကျွန်တော်ပြောတဲ့ ကျွန်တော့်သူငယ်ချင်း. . . စန္ဒာ. . ဒါ ဒေါ်ငယ်လို့ခေါ်တယ်. . . သူ့ ယောကျ်ားက ဦးလေးမြဒင်. . . ကိုယ်တို့ငယ်ငယ်တည်းက ဒီခြံကြီးထဲမှာနေကြတာပေါ့"

ဒေါ်ငယ်က စန္ဒာမင်းလတ်ကိုကြည့်ကာ နှစ်လိုဖွယ်အပြုံးနှင့် အားရပါးရပြောချလိုက်သည်။

"အီး အီး. . . ချောမှချောကြီးနော်. . . မင်းသမီးနဲ့တူပါ့"

အင်းသံ ဝဲ လွန်း၍ စန္ဒာမင်းလတ်နားမလည်လိုက်။ တင်ကျော်ဦးကို ရင်းရင်းနှီးနှီး အလိုအလျောက်လှည့်မေးမိသည်။

"ဒေါ်ငယ်ဘာပြောလိုက်တာလဲဟင်"

ဩရသ

တင်ကျော်ဦးက အသံကျယ်ကျယ်နှင့် ဘာသာပြန်ပေးသည်။

"စန္ဒာ့ကို အရမ်းချောတယ်တဲ့. . . ရှပ်ရှင်မင်းသမီးနဲ့တူတယ်တဲ့"

စန္ဒာမင်းလတ်က ရယ်ကျဲကျဲနှင့် ဒေါ်လေးကိုလှမ်းပြောလိုက်သည်။

"ဒါဆို ဒေါ်ငယ့်ကိုထမင်းကျွေးမယ်. . . လာ ဒီမှာအတူစား"

သုံးယောက်သား ရယ်မိကြသည်။ စားပြီးသောက်ပြီးချိန်တွင် တင်ကျော်ဦးက ဒေါ်ငယ်ကို ညွှန်ကြားချက်တွေပေးနေသည်။

"ဒေါ်ငယ် - ယမင်းနီတို့ ဒီညနေလာလိမ့်မယ်. . . လေးလေးလူနီပါပါမယ်. . . သားအဖနှစ်ယောက် အင်းထဲကအမျိုးတွေဆီလည်ပြီးအပြန် ညနေဒီမှာဝင်တည်းလိမ့်မယ်. . . စားဖို့သောက်ဖို့နဲ့ အိပ်ရာတွေပါပြင်ထားပေးလိုက်ဦး. . . ကျွန်တော် ညနေစာအမီပြန်လာမယ်. . . စန္ဒာရယ်၊ ကျွန်တော်ရယ်၊ သူတို့နှစ်ယောက်ရယ် အတူတူစားမယ်"

အဖွားကြီးအဖြေက ရှင်းသည်။

"အေး အေး"

"စန္ဒာ ရက်ထားတာကြီးလား . . . လှတယ်နော . . . မှန်းဒေါ်ငယ်သေချာကြည့်မယ်"

ဒေါ်ငယ်၏ အသံဝဲဝဲကို စန္ဒာမင်းလတ်နားလည်နေပြီ။ ဒေါ်ငယ်က စန္ဒာမင်းလတ်လို နုနုနယ်နယ်တစ်ယောက် အခုလိုရက်နိုင်တာကို အတော်ချီးမွမ်းသည်။ ဒီဇိုင်းလေးလည်းလှသည်ဟုဆိုသည်။ စန္ဒာမင်းလတ်ကလည်း အထည်ဒီဇိုင်းပညာကို ဘယ်လိုလေ့လာခဲ့ကြောင်း၊ ဘယ်လိုရှူးသွပ်ကြောင်း၊ အခု ကိုယ်တိုင်လုပ်ရတော့ အရှိန်မထိန်းနိုင်ဘဲ ဖျားတဲ့အထိဖြစ်သွားကြောင်းပြောပြသည်။ ဒေါ်ငယ်က လွန်းသွားပုံ၊ ခြေခတ်ပုံများကို အသက်သာဆုံး၊ အလွယ်ဆုံးပုံစံဖြင့်ပြသပေးသည်။ ဒီတစ်ခါတော့ စန္ဒာမင်းလတ် သတိရှိသွားသည်။ သက်သောင့်သက်သာ လုပ်နိုင်လာသည်။ ဒေါ်ငယ်က ဒီခြံကြီးထဲမှာ သူနေခဲ့သည့်ကာလ အတွေ့အကြုံများ တင်ကျော်ဦးတို့အဖိုးအဖွားတွေရဲ့စေတနာကောင်းပုံ၊ တင်ကျော်ဦး၏ထက်မြက်ပုံ၊ ခိုင်သင်းကျော် ချစ်စရာကောင်းပုံများကို သူမ မပျင်းရအောင်ပြောပြသည်။ အင်းသူအင်းသားတွေ နေထိုင်စားသောက်ပုံ၊ ခုနောက်ပိုင်း ခေတ်နှင့်အညီနေထိုင်လာကြပုံများကိုလည်း သိရသည်။ သို့သော် လုပ်စရာတွေအများကြီးရှိနေသေးပုံကိုလည်း စန္ဒာမင်းလတ် ဂရုပြုမိသည်။ နားလိုက်၊ ယက်လိုက်နှင့် အချိန်က ညနေစာချက်ဖို့ဖြစ်လာသည်။

"သမီးပါကူပေးမယ်လေ. . . ဒါနဲ့ ကြီးကြီးက ဘယ်တော့ပြန်လာမှာလဲ"

စန္ဒာမင်းလတ် အမှတ်တမဲ့မေးမိသည်။

"သန်ဘက်ခါလာမယ်. . . ခိုင်သင်းကျော်လည်း လာမှာကြီးနော်"

စန္ဒာမင်းလတ် စဉ်းစားလိုက်သည်။ ကြီးကြီးကို သူမကိစ္စတိုင်တန်းဖို့ စောင့်ရဦးမည်။ ဒေါ်ငယ်ကိုပြောပြရင် ဘာအကျိုးထူးမည်နည်း။ သိပ်မထူးနိုင်။ ကြီးကြီးနှင့်ခိုင်သင်းကျော်ကိုစောင့်ရန်သာ ရှိတော့သည်။

"ဒေါ်ငယ် ဒါကားဂိုဒေါင်လားဟင်"

"ဟုတ်တယ်. . . တင်ကျော်ဦးတစ်ယောက်ပဲစီးတဲ့ကားပေါ့လေ. . . စန္ဒာကားမောင်းတော်ရင် သူ့ဆီမှာကားသော့ရှိတယ်. . . တောင်းမောင်းလို့ရတယ်"

"ဪ - ဟုတ်ကဲ့ဒေါ်လေး"

စန္ဒာမင်းလတ် ကားဂိုဒေါင်ထဲဝင်ကြည့်သည်။ CJ 5 ဂျစ်ကား၊ ဂီယာငါးချက်နှင့်။ ကားဂိုဒေါင်ကထွက်ပြီး ဒေါ်ငယ်ကိုကူရန် အိမ်ကြီးဆီသို့ပြန်လာခဲ့သည်။ လက်က ရေထိ၍မရသေးဟူသော တင်ကျော်ဦး၏ညွှန်ကြားချက်ကိုလည်း အလိုလိုလိုက်နာနေမိသည်။ ညနေငါးနာရီလောက်ရှိတော့ ဒေါ်ငယ်က သူမကိုနားခိုင်းသည်။ မျက်နှာသစ်၊ အဝတ်အစားလဲရန် အိမ်ပေါ်သို့တက်လာခဲ့သည်။ ဧည့်သည်တွေ ဘယ်အချိန်ရောက်လာမည်မသိ။ ဘယ်လိုဧည့်သည်တွေလည်းမသိ။ အိပ်ခန်းထဲသို့ရောက်သောအခါ ရေမထိရသေး၍ စနိုးတာဝါနှင့် မျက်နှာသစ်သည်။ ရေမချိုးနိုင်သေး။ အေးချမ်းလွန်းသော ဆောင်းရာသီပါလား။ သူမအဝတ်အစားအိတ်ကိုဖွင့်သည်။ ဖုန်းကိုထုတ်၍ဖွင့်ကြည့်သည်။ အရင်လိုပဲ။ no signal။ ဘာလိုင်းမှမရှိ။ ကွန်ပျူတာ Laptop ကို အိပ်ရာ

ပေါ်တင်၍ ဖွင့်လိုက်သည်။ ဘက်ထရီအပြည့်ရှိသည်။ သူမ စိတ်ထဲ ရောက်လာသည့် အထည်ဒီဇိုင်း။ ယခု သူမကိုယ်တိုင်ရက်နေသော ဒီဇိုင်း။ ထိုလက်တန်းရက်လုပ်ခဲ့သော ဒီဇိုင်းကို ယခုမှအာရုံပေါ်က ကွန်ပျူတာနှင့်ဖော်ကြည့်သည်။ အထည်စရလာသည်။ ၎င်းအထည်စ ကို အပေါ်အင်္ကျီ၊ မိန်းမဝတ်အပေါ် အင်္ကျီတစ်ထည်ချုပ်ကြည့်သည်။ အတော်လှသည်ဟု သူမထင်သည်။ လက်ရှည်ကြည့်သည်။ ခါးရှည် ကြည့်သည်။ လက်တိုနှင့်ခါးတိုကြည့်သည်။ လက်ရှည်၊ ခါးတို၊ လက်တို၊ ခါးရှည်၊ ခါးသေး၊ ရင်ဖွင့် အမျိုးမျိုးဒီဇိုင်းဖော်ကြည့်သည်။ သူမ၏ အထည် အဆင်အကွက် အရောင်ကြောင့် ဘယ်လိုချုပ်ချုပ် မိုက်နေ သည်ဟုထင်သည်။ ဈာန်ဝင်စားပုံများ။ ဒေါ်ငယ်ဝင်လာတာပင် မသိ လိုက်။

"မစန္ဒာ. . . သမီး ထမင်းစားမယ်လေ"

အသံကြားမှ စန္ဒာမင်းလတ်သတိဝင်လာသည်။ ကွန်ပျူတာ ပိတ်၊ အဝတ်အစားအမြန်လဲလိုက်သည်။ ညစာစားပွဲ ဧည့်သည်တွေနှင့် ဆိုသောအတွေးကြောင့် အင်္ကျီအဖြူ အပေါ်ကုတ်အင်္ကျီအနက်၊ စကတ် ဒူးဖုံးအနက်ကိုရွေးပြီး ဝတ်လိုက်သည်။

"ချောတယ်နော်. . . ချောတယ်"

ဒေါ်ငယ်ကကြည့်ရင်း သဘောကျနေသည်။ အဝတ်အစား အမြန်လဲ။ ခေါင်းဖြီး၊ ရေမွှေးဆွတ်ကာ ဒေါ်ငယ်နှင့် ခပ်သုတ်သုတ် ဆင်းလာခဲ့သည်။ ထမင်းစားခန်းတံခါးဝမှ တင်ကျော်ဦးထွက်ကြည့်နေ သည်။ စန္ဒာမင်းလတ်ကို တစ်ခုခုပြောရန်ပါးစပ် ဟလိုက်ပြီးမှ ဒံ့သြ သလိုငေးကြည့်နေသည်။ နောက်မှ စန္ဒာမင်းလတ်နောက်တွင် ဒေါ်ငယ် ကပ်ပါလာသည်ကို သတိရသွားပြီး အိန္ဒြေဆည်လိုက်သည်။

"အဟမ်း - ဆင်းလာတာနောက်ကျလို့ကွာ. . . ပြန်ပြီးဖျားနေ ပြီလားလို့. . . လာ လာ. . ဒီမှာ လူစုံနေပြီ"

ပြောပြောဆိုဆိုနှင့် သူဦးဆောင်၍ ထမင်းစားခန်းထဲဝင်လိုက်သည်။ ထမင်းစားပွဲ၏တစ်ဖက်ခြမ်းတွင် တင်ကျော်ဦးနှင့်ယမင်းနီတို့ ထိုင်သည်။ ကျန်တစ်ဖက်ခြမ်းတွင် ဦးလူနီနှင့်စန္ဒာမင်းလတ်။ ဒေါ်ငယ်က ထမင်းပွဲများဆက်ပြင်နေသည်။ စန္ဒာမင်းလတ်က ထ၍ ဒေါ်ငယ်ကို ကူရန်ပြင်လိုက်သည်။

"ထိုင် ထိုင်. . . စန္ဒာထိုင်ပါ. . . တစ်ညနေလုံး ကူလုပ်ပေးထားတာ. . . နားပါဦး. . . မိတ်ဆက်ပေးဦးမယ်. . . စန္ဒာ့ဘေးက လေးလေး လူနီတဲ့. . . ကိုယ်တို့တစ်ရွာတည်းသား. . . ဖေဖေ့မိတ်ဆွေ . . . အမျိုးလည်းမကင်းဘူး. . . သူက ယမင်းနီတဲ့. . . လေးလေး လူနီရဲ့သမီး. . . နေတာက တောင်ကြီးမှာပဲ. . . ဟိုတယ်လုပ်ငန်း ရှယ်ယာဝင်တွေပေါ့. . . တောင်ကြီးမှာ ယမင်းက စူပါမားကက်တစ်ခု ရှိတယ်. . . နာမည်က ဘာတဲ့"

ယမင်းက ချစ်စဖွယ်မျက်စောင်းထိုးလိုက်သည်။

"ကြည့် - ကိုကိုကလုပ်ပြီ. . . ယမင်းဆိုင်နာမည်တောင် မှတ်မထားဘူးဆိုပါတော့. . . နောက်တစ်ခါဆို ခွင့်မလွှတ်ဘူး. . . 'ယမင်းနီ' စူပါမားကက်ပဲ"

တင်ကျော်ဦးသဘောကျစွာ တဟားဟားနှင့်ရယ်သည်။

"ဆိုင်နာမည်က သိပ်လွယ်လွန်းလို့ မေ့သွားတာပါကွာ. . . ဟား ဟား ဟား"

ပြီးမှ ရယ်ရှိန်ကိုသတ်လိုက်ပြီး စန္ဒာမင်းလတ်အကြောင်းတွေ ပြောတော့သည်။ စန္ဒာမင်းလတ်ဘွဲ့ရကျောင်းပြီး၊ ဒီဇိုင်နာဖြစ်ပုံ၊ အထည်ချုပ်ကုမ္ပဏီဒါရိုက်တာဖြစ်လာပုံ၊ အင်းလေးအထည်ဈေးကွက်ကို ကမ္ဘာသို့ထိုးဖောက်ပုံ၊ ယခုနောက်ဆုံး ဒီအိမ်မှာ အထူးဧည့်သည်တော်အဖြစ် ရောက်လာပုံကို ဇာတ်လမ်းဆန်ဆန် ပြောနေသည်။ ယမင်းနီက စန္ဒာမင်းကိုတစ်လှည့်၊ တင်ကျော်ဦးကိုတစ်လှည့် မျက်လုံး

ဝိုင်းဝိုင်းလေးနှင့်ကြည့်ရင်း တစ်ခုခုစိုးရိမ်ပုံပေါက်နေသည်။ ဦးလူနီကတော့ လူကြီးပီပီ ခေါင်းတညိတ်ညိတ်နှင့်နားထောင်နေသည်။

"မစန္ဒာ ရက်ကန်းယက်တတ်တယ် ဟုတ်လား"

ယမင်းနီ၏ထိုမေးခွန်းကိုလည်း တင်ကျော်ဦးကပင် ဝင်ဖြေလေသည်။ စလုပ်သည့်နေ့ကပင် ချက်ချင်းတတ်မြောက်သွားပုံ၊ အလုပ်လောဘကြီးပြီး ဖျားနာသွားပုံတွေကိုပြောတော့ ကောင်မလေးမျက်လုံးတွင် စိုးရိမ်မှုတွေပိုကဲလာသည်ကို စန္ဒာမင်းလတ်သတိထားမိသည်။ ထမင်းစားပြီးသောက်ပြီး ညည့်ခန်းတွင် အချိုပွဲစားကြချိန်၌ လေးလေးလူနီနှင့်စန္ဒာမင်းလတ်က စကားတစ်ဝိုင်း၊ တင်ကျော်ဦးနှင့်ယမင်းနီက စကားတစ်ဝိုင်းဖြစ်သွားသည်။ လေးလေးလူနီ၏ စကားအစအနများအရ တင်ကျော်ဦးနှင့်ယမင်းနီတို့ကို အိမ်ထောင်ချပေးရန် ရည်ရွယ်ချက်ရှိကြောင်း ပါနေသည်။ ယမင်းနီက တင်ကျော်ဦးကို ဂျစ်တိုက်ဂျီကျနေပုံရသည်။ တင်ကျော်ဦးကတော့ ဘာမှမဖြစ်သလို ရယ်ရယ်မောမောပင်။ စန္ဒာမင်းလတ်စိတ်ထဲ တစ်မျိုးဖြစ်လာသည်။ နေရတာ လူပိုတစ်ယောက်လို ခံစားမိလာသည်။ ဒါကို တင်ကျော်ဦးလည်းရိပ်မိသည်။ အလွန်ပါးနပ်သည့်လူညိုချော။

"စန္ဒာတောင် နားချိန်ရောက်လာပြီ. . . ညဘက် ဆေးတစ်ခွက်သောက်ရဦးမယ်. . . မနက်ဖြန် လက်ကရေယိလို့ရပြီ. . . လာဟေ့ ယမင်း. . . စန္ဒာ့ကို ဆေးလိုက်တိုက်ရအောင်. . . လေးလေးအတွက် စာအုပ်အသစ်တွေရောက်နေတယ်. . . စာဖတ်ခန်းထဲမှာ ကျွန်တော် အသင့်ပြင်ထားတယ်. . . Good night နော် လေးလေး"

"အေး အေး. . . Good night"

စန္ဒာမင်းလတ်တို့သုံးဦးသား အခန်းပေါ် သို့တက်လာကြသည်။ တင်ကျော်ဦးက ဆေးနှင့်သောက်ရေပေးသည်။

"ဒီတစ်ခါသောက်ပြီးရင် အိုကေသွားပြီ"

ယမင်းနီကလည်း ဝင်ပြောသည်။

"ကိုကိုက ဆရာဝန်ဖြစ်ရမှာ မမရဲ့ . . . ယမင်းငယ်ငယ်က အရမ်းချူချာတာ . . . ကိုကိုပဲ ဒိုင်ခံကုပေးရတာ . . . သူကုတဲ့လူနာ မှန်သမျှ ရောဂါပျောက်တာမြန်တယ်"

ယမင်းက တင်ကျော်ဦးလက်မောင်းကိုဖက်တွယ်ရင်း ချိုးမွှမ်း ခန်းဖွင့်နေသည်။ စန္ဒာမင်းလတ်က ပြုံးရင်းခေါင်းညိတ်ပြသည်။

"ကဲ ကဲ - မရွှေယမင်း . . . ကိုကို့ပစ္စည်းတွေသိမ်း . . . ဆေး သေတ္တာသိမ်း . . . စန္ဒာနားပါစေဦး . . . တို့သွားကြမယ်"

ယမင်းနီ စားပွဲပေါ် မှပစ္စည်းတွေ သိမ်းနေစဉ် တင်ကျော်ဦးက လေသံတိုးတိုးဖြင့်ပြောသည်။

"ဒီည မင်းသိပ်လှတယ် . . . ဗီဝတ်စုံနဲ့ သိပ်လိုက်တယ် . . . ချစ်စရာသိပ်ကောင်းတယ်"

စကားအဆုံးတွင် စန္ဒာမင်းလတ်ရင်အစုံ ပြောက်တက်သွား သလို ခံစားလိုက်ရသည်။ သူ . . သူ . . ဘာတွေလာပြောနေပါလိမ့်။

"ပစ္စည်းတွေသိမ်းပြီးပြီ ကိုကို"

"အေး ကောင်းပြီ . . . စန္ဒာရေ သွားမယ် . . . အိပ်ပျော်အောင် အိပ်လိုက် . . . ဂွတ်နိုက်"

"ဂွတ်နိုက် မမစန္ဒာ"

"ဂွတ်နိုက်"

ယမင်းနီ ဆေးသေတ္တာကို တစ်ဖက်ကဆွဲ၊ ကျန်လက်တစ်ဖက် က တင်ကျော်ဦးလက်မောင်းကိုတွဲခို၍ ထွက်သွားကြသည်။

တံခါးပိတ်သံ . . .

ဝေး၍သွားသောခြေသံများ . . .

"ဟင်း - ငါ့နှယ်နော်"

စန္ဒာမင်းလတ် သက်ပြင်းချလိုက်သည်။ တင်ကျော်ဦး သူမကို အတော်နှောင့်ယှက်နေပြီ။ သူ့အကြည့်တွေ၊ အထိအတွေ့တွေ၊ စကားလုံးတွေ သူမကိုသိမ်းပိုက်စပြုနေပြီ။ ယခုလည်း သူမစိတ်တွေမောနေသည်။ ယမင်းနီက သူ့ရဲ့သတို့သမီးလောင်းတဲ့။ ဒါတောင် သူမကို ဘာတွေလာစနေသည်မသိ။ သူ့ကိုချစ်နေပြီလား။ မဟုတ်ဘူးထင်သည်။ ဒီမှာဆက်နေလျှင် ဘာတွေဖြစ်လာမည်နည်း။ သူမ မတွေးတတ်တော့။ တစ်ခုခုတော့ ဖြစ်တော့မည်။ သူမရှုံးသွားတော့မည်။ လက်ခံ၍မရ။ အရှုံးပေး၍မရ။ သူမခေါင်းကို တအားရမ်းပစ်လိုက်သည်။ သွားစမ်း - အတွေးရှုပ်တွေ။

"ဟင်း"

စားပွဲပေါ်တွင် ကျန်ခဲ့သော ပစ္စည်းတစ်ခု။ ကားသော့ဖြစ်ဟန်တူသည်။ ယမင်းနီ ပစ္စည်းတွေသိမ်းစဉ် ကျန်ခဲ့သောကားသော့။ တင်ကျော်ဦး၏ ကားသော့။ ဟုတ်သည်။ သူမ ဒီကနေထွက်ပြေးတာ အကောင်းဆုံးဖြစ်မည်။ သူနှင့်ဝေးရာသွားမှသာ အခြေအနေကိုရှင်းရှင်းလင်းလင်းသိတော့မည်။ အချိန်ကိုကြည့်လိုက်တော့ ညဆယ်နာရီခွဲပြီးပြီ။ အပေါ်ကကုတ်အင်္ကျီထပ်ဝတ်၊ အတော်နွေးသွားပြီ။ ကားသော့ကိုသေချာပြန်စစ်သည်။ Jeep စာလုံးတွေ့ရသည်။ လက်တော့နှင့်ဖုန်းကိုဦးစားပေးယူသည်။ LED ဓာတ်မီးက အရေးပါသည်။ ပိုက်ဆံအိတ်အသေးကို ကုတ်အင်္ကျီအတွင်းအိတ်တွင် ထည့်သည်။ အနည်းဆုံး signal ရသည့်နေရာရောက်လျှင် အဆင်ပြေပြီ။ ကျန်တဲ့လမ်းတွေကိုတော့ သူမသိပ်မသိ။ ဒီလိုပဲသွားရတော့မည်။ သူနှင့်ဝေးဝေးသွားရမည်။ သူမ အိမ်ပေါ်မှ တိတ်တဆိတ်ဆင်းလာသည်။ နောက်ဘက်တံခါးကို ဖွင့်လိုက်သည်။ ကားဂိုဒေါင်ဆီသို့ရောက်လာပြီ။ ကားပေါ်တက်ထိုင်ပြီး သော့ပေါက်ကို ဓာတ်မီးနှင့်ထိုးလိုက်သည်။ တွေ့ပြီ။ သော့ထည့်၍ စက်နှိုးလိုက်သည်။ မရ။ နောက်တစ်ခါ။ မရ။ နောက်တစ်ခါ။ တုတ်တုတ်

မှုမလှုပ်။ သူမချွေးပျံချင်လာသည်။ ထိုစဉ် အရိပ်မဲတစ်ခု သူမဘေးနား ရောက်လာပြီး သူမကို ကားပေါ်မှဆွဲချလိုက်သည်။

"လာခဲ့စမ်း စန္ဒာ. . . မင်းဘာလုပ်တာလဲ"

စန္ဒာမင်းလတ် ကားအောက်သို့ လျှောခနဲပါသွားသည်။ တင်ကျော်ဦး. . . သူမှသူ. . . ဘယ်လိုရောက်လာသည်မသိ။ သူမရှုန်းကန်သည်။ သူ့ကိုထုရိုက်သည်။ လက်နှစ်ဖက်လုံး ချုပ်ခံလိုက်ရသည်။ ခြေထောက်များနှင့် ကန်ကျောက်မိသည်။ ခြေထောက်နှစ်ဖက်လုံးကို သူ့ခြေထောက်များနှင့် ဖိကပ်ထိန်းချုပ်ခံလိုက်ရသည်။ စန္ဒာမင်းလတ်သည် ကားဘော်ဒီနှင့် တင်ကျော်ဦးကြား ဖိညပ်ခံထားရသည်။ လှုပ်၍မရ။

"ရှင်. . . လွှတ် လွှတ်. . . ကျွန်မ ဒီကထွက်သွားတော့မယ်"

ကားဂိုဒေါင်မှောင်မှောင်ထဲတွင် ရုန်းကန်ရင်း သူမသတိထားမိချိန်တွင် တင်ကျော်ဦးမျက်နှာနှင့် သူမမျက်နှာတို့နီးကပ်နေသည်။ ရင်ခုန်သံချင်းထိကပ်နေသည်။ နှစ်ဦးစလုံး အသက်ရှူသံတွေမြန်နေသည်။ တင်ကျော်ဦးနှုတ်ခမ်းက သူမနှုတ်ခမ်းအစုံကိုလိုက်ရှာနေသည်။ သူမရှောင်လွှဲရန်ကြိုးပမ်းရင်း တင်ကျော်ဦးနှုတ်ခမ်းအစုံကို ဖိတ်ခေါ်နေမိသည်။ နှုတ်ခမ်းချင်း ထိတွေ့နမ်းရှုပ်မိကြပြီ။ နှစ်ဦးသား သွေးသားတွေဆူပွက်ကုန်သည်။ စန္ဒာမင်းလတ်၏ သွယ်နွဲ့နွဲ့ခန္ဓာကိုယ်လေးသည် တင်ကျော်ဦးပွေ့ဖက်ထားသည့်လက်များကြားတွင် ပျော့ခွေနေသည်။ စန္ဒာမင်းလတ်နားတွင် သူညည်းတွားပြောဆိုသံကိုကြားနေရသည်။

"ငါသိတယ်. . . တစ်နေ့ ငါ ဒီလိုဖြစ်တော့မယ်ဆိုတာ ငါသိတယ်. . . မင်းကို ငါချစ်နေပြီထင်တယ် စန္ဒာ"

စန္ဒာမင်းလတ်စိတ်တွေ တိမ်လိုပြေးလွှားနေသည်။

'ကျွန်မလည်း ရှင့်ကိုချစ်နေတယ်. . . ရှင့်အကြည့်တွေ. . . ရှင့်အထိအတွေ့. . . ရှင့်စကားလုံးအားလုံးပဲ. . . ရှင့်ကိုချစ်နေမိပြီ'

စန္ဒာမင်းလတ်၏စိတ်ထဲတွင် အော်ဟစ်နေသောစကားလုံးများ ဖြစ်သည်။ တစ်ခါတရံ လည်ချောင်းထဲအထိရောက်လာသည့်စကား လုံးများဖြစ်သည်။ သူမပျော့ခွေငြိမ်ကျသွားသည်ကို အခြေအနေကောင်း အဖြစ် တင်ကျော်ဦးလက်ခံကာ သူမကိုချုပ်ထားသောခြေထောက်များ ကို လျှော့ပေးပြီး သူမမေးစေ့ကိုလက်တစ်ဖက်ဖြင့် အသာဆွဲယူကာ မော့လိုက်သည်။ စန္ဒာမင်းလတ် အသိတစ်ချက်ဝင်လာသည်။ မဖြစ်. . မဖြစ်ရေးချမဖြစ်။ သူမ၏လှုပ်ခတ်နေသောစိတ်ကို တော်လှန်ကာ အား ကို ဖြစ်ညှစ်စုစည်းပြီး သူ့ကိုဆောင့်တွန်းဖယ်လိုက်သည်။ တင်ကျော်ဦး အတွက် မှားသွားသည်လော။ နောက်ကိုလွင့်သွားပြီး မင်သက်မိနေစဉ် စန္ဒာမင်းလတ် ထွက်ပြေးလေသည်။ သို့သော် လျင်မြန်သော အရိပ် တစ်ခု သူမနားကဖြတ်တက်သွားပြီး ရှေ့ကပိတ်ရပ်ထားလိုက်သည်။ တင်ကျော်ဦး၏ လေသံခပ်တင်းတင်းကို ကြားရသည်။

"ငါ့ယုံကြည်မှုကို အလွဲသုံးစားလုပ်တယ်ပေါ့. . . ငါကားသော့ ပျောက်သွားတာသိလို့ ကားဝိုင်ယာကိုသွားဖြုတ်ထားတာကွ. . . ငါ့ အခန်းကလှမ်းကြည့်တော့ အရိပ်တစ်ခုတွေ့ပြီးလိုက်လာတာ. . . မင်း ဖြစ်နေတာကိုး"

စန္ဒာမင်းလတ် သူ့ကိုရှောင်ပြီး ထပ်ပြေးဖို့ကြိုးစားသည်။ မရ။ သူမကိုပွေ့ချီခေါ်ဆောင်သွားသည်။ သူ့ကိုထုရိုက်သော်လည်း သူမလက် တွေသာနာလာသည်။

"ကဲ - အိမ်ထဲရောက်ပြီ. . . မင်းလုပ်ပုံနဲ့ အိမ်သားတွေအကုန် နိုးမှာနော်. . . ငါက အဖြစ်အပျက်တွေ အကုန်လုံးပြောရဲတယ်. . . မင်းလည်းပြောရဲရင် ဆက်လုပ်"

စန္ဒာမင်းလတ် ဆက်ပြီးမထုရိုက်တော့။

"ကောင်းပြီ. . . ဒါဆို ကျွန်မကိုအောက်ချပေး. . . ကိုယ့် ဘာသာ အခန်းကိုပြန်မယ်"

သူဘာမှမပြောဘဲ ညင်ညင်သာသာ ချပေးသည်။ အခန်းသို့ ပြန်ရောက်လာမှ ကွန်ပျူတာနှင့် LED ဓာတ်မီးကိုသတိရသည်။

"ရတယ်. . . မနက်ကျမှယူတော့. . . အခု မင်းအိပ်တော့"

သူ ချာခနဲလှည့်ထွက်သွားသည်။ တံခါးသော့ပိတ်သံကြားသည်။ သူမပြေးသွားပြီး တံခါးကိုဖွင့်ကြည့်သည်။ မရတော့။ အပြင်က သော့ခတ်သွားလေပြီ။ သူမပြတင်းပေါက်ဆီသို့ပြေး၍ ပြတင်းတံခါးကို ဖွင့်သည်။ အေးလိုက်သည့်လေ။ အောက်ကိုငုံ့ကြည့်တော့ အတော်မြင့်သည်။ ခုန်ချ၍မရနိုင်။ ကြိုးနှင့်လည်း တွယ်မဆင်းတတ်။ ပြုတ်ကျပြီး ကျိုးပဲ့မှာတော့ သူမကြောက်သည်။ နောက်ဆုံးတော့ သူမစိတ်လျှော့လိုက်သည်။ ခုတင်ပေါ်ပစ်လှဲကာ အိပ်ချလိုက်သည်။ အိပ်မက်ထဲအထိ သူ့အနမ်းတွေ ဒုက္ခလိုက်ပေးနေပါပကော။

မနက်အိပ်ရာထတော့ ကိုယ်လက်တွေ နည်းနည်းနာနေသည်။ သူမခုတင်ဘေးစားပွဲပေါ်တွင် လက်ပ်တော့နှင့် ခေတ်မီးရောက်နေသည်။ မျက်နှာသစ်စဉ် မှန်ထဲကြည့်လိုက်တော့ သူမလည်ပင်းမှာ ခြစ်ရာစင်းရာတချို့။

"အိုး"

ရှက်လိုက်တာရှင်ရယ်ဟုသာ ညည်းညူမိသည်။ မျက်နှာသစ်၊ အဝတ်အစားလဲခြင်းကိစ္စကို မြန်မြန်အဆုံးသတ်လိုက်သည်။ အတွင်းအကျီ်ထူဝတ်လိုက်သည်။ မှန်ထဲတွင် သေချာပြန်စစ်ဆေးသည်။ လုံခြုံမှုရှိပြီဟုယူဆပြီး လှည့်ထွက်လိုက်စဉ် အခန်းထဲသို့ဝင်လာသော ယမင်းနီကို တွေ့လိုက်သည်။

"ဂွတ်မောနင်း မမ. . . . မမသိပ်လှတယ်"

ယမင်းကနှုတ်ဆက်ရင်း ချီးမွမ်းလိုက်သည်။

"ဂွတ်မောနင်း. . . ကျေးဇူးပဲ ယမင်း. . . ယမင်းလည်း အတော်လှတယ်"

ယမင်းနီ အားယူပြုံးလိုက်သည်။

"မမဗိုက်ဆာနေမယ်. . . မနက်စာစားကြရအောင်လေ. . . ဖေဖေနဲ့ကိုကိုတောင် စားပြီးသွားကြပြီ. . . မမအိပ်ရာမထသေးလို့ ယမင်းမစားဘဲ စောင့်နေတာ. . . လာ မမ. . . ဆင်းကြရအောင်"

ယမင်းက စန္ဒာမင်းလတ်လက်ကိုဆွဲ၍ခေါ်သွားသည်။ ထမင်းစားခန်းထဲတွင် ယမင်းနှင့်သူမနှစ်ယောက်တည်းရှိသည်။ ယမင်းက တင်ကျော်ဦးငယ်ငယ်က အကြောင်းတွေပြောသည်။ စန္ဒာမင်းလတ်စဉ်းစားမိသည်။ ယမင်းကိုအကူအညီတောင်းလျှင် အဆင်ပြေနိုင်မည်။ သူမဒီအိမ်မှ ထွက်သွားချင်သည်။ တိတိကျကျပြောရလျှင် တင်ကျော်ဦးနှင့်ဝေးရာထွက်သွားချင်သည်။ သူ့မှာ သတို့သမီးလောင်းလည်းရှိနေပြီ။ သူမရင်ထဲတွင် အတော်ရှုပ်ထွေးနေသည်။ ဟုတ်ပါသည်။ ဝေးဝေးနေပြီးဖြေရှင်းရတာအကောင်းဆုံးဖြစ်ပါလိမ့်မည်။

"မမ စားလေ. . . ဘာတွေတွေးနေတာလဲ"

စန္ဒာမင်းလတ် အိနြွေဆည်လိုက်ပြီးရယ်ပြသည်။

"ယမင်းနဲ့ပြောစရာရှိလို့. . . စားပြီးရင် အခန်းထဲခဏလိုက်ခဲ့မလား"

စန္ဒာမင်းလတ်၏ အရေးတကြီး ခပ်တိုးတိုးလေသံကြောင့် ယမင်းက လေးလေးနက်နက် ခေါင်းညိတ်ပြသည်။ သူတို့နှစ်ယောက်သုတ်သုတ်စားပြီး အခန်းဆီမြန်မြန်ပြန်တက်စဉ် တင်ကျော်ဦးနှင့် မျက်နှာချင်းဆိုင်မိသည်။

"စားတာသောက်တာမြန်လှချေလား. . . ၁၂ မိနစ်ပဲကြာတယ်. . . ဘာတွေအရေးကြီးနေကြသလဲ ကလေးမတွေ"

တင်ကျော်ဦး၏ လေသံကြောင့် စန္ဒာမင်းလတ်ထိတ်ခနဲ ဖြစ်သွားသည်။ သူမစိတ်ထဲ ဘာရှိနေသည်ကို အားလုံးသူသိနေပြီလားဟု တွေးမိသည်။

"အိုး - မနက်စာစားတာပဲ. . . နှေးနှေးမြန်မြန် ဗိုက်ဝရင်ပြီးတာပဲမဟုတ်လား. . . အရမ်းဆရာလုပ်တာပဲ. . . လာ ယမင်း. . . သွားစို့"

စန္ဒာမင်းလတ် ခပ်စွာစွာပက်ထည့်လိုက်သည်။ ယမင်းပင်လျှင် အံ့အားသင့်သွားသည်။ မျက်စောင်းခဲပြီး ယမင်းလက်ကိုဆွဲကာ အပေါ်တက်ခဲ့သည်။ တင်ကျော်ဦး၏သဘောကျဟန် ရယ်ကျဲကျဲအသံကို ကြားနေရသည်။

ယမင်းနီ စဉ်းစားနေသည်။ သူတို့နှစ်ယောက်ကြားမှာ ထူးထူးခြားခြား ဆက်နွယ်မှုတစ်ခုရှိနေတာ သေချာနေပြီဟု ယမင်းနီ ကောက်ချက်ချလိုက်သည်။

အခန်းထဲရောက်တော့ စန္ဒာမင်းလတ်တံခါးကို သေချာပိတ်လိုက်ပြီး နှစ်ယောက်သား ခုတင်ပေါ်တွင်ထိုင်ကြသည်။ ပြီးတော့ စန္ဒာမင်းလတ်က သူမကို တင်ကျော်ဦးပညာသားပါပါ အကျယ်ချုပ်ချထားပုံကိုပြောပြလိုက်သည်။ ယမင်းနီ အံ့သြခြင်းမက အံ့သြနေသည်။

"ယမင်း ကိုကို့ကိုတော့ တကယ်ကြောက်ပါတယ် မမ. . . ကိုကိုနဲ့ယမင်းက ဆယ်နှစ်ကျော်ကွာတယ်"

ယမင်းနီ ချိတုံချတုံဖြစ်နေသည်။ စန္ဒာမင်းလတ်က သူမ လွတ်မြောက်ရေးအတွက် အကူအညီတောင်းနေပြီ။

"လုပ်ပါ ယမင်းရယ်. . . မမဒီမှာဆက်မနေချင်တော့ဘူး. . . မမကိုကူညီပါ"

ယမင်းနီငြိမ်ပြီးစဉ်းစားနေသည်။ ဟုတ်သည်။ ကိုကို့ဟင်ကျော်ဦး၏အလုပ်သဘောကို သူမနားမလည်သော်လည်း သူတို့နှစ်ဦးနီးစပ်မှုကတော့ ယမင်းနီအတွက် ပြဿနာဖြစ်လာနိုင်သည်။ တင်ကျော်ဦးနှင့် စန္ဒာမင်းလတ်ကြားတွင် ချည်နှောင်မှုတစ်ခုကို သူမအသေအချာတွေ့နေရသည်။ ထိုချည်နှောင်ခိုင်မြဲသွား၍မဖြစ်။ လုံးဝမဖြစ်။ နောက်ဆုံး ယမင်းကူညီရန် ဆုံးဖြတ်လိုက်သည်။ စန္ဒာမင်းလတ်ဝမ်းသာသွားသည်။ ဝေးဝေးကနေတာပဲကောင်းပါသည်။ ဝေးဝေးကပဲချစ်ပါတော့မည်။

ညနေ ၄ နာရီခွဲ။

ယမင်းနီနှင့် ဦးလူတင်တို့ ပြန်ကြပြီ။

ယမင်းနီကိုယ်တိုင်မောင်းသော မတ်တူးကားအဖြူလေးက ဂိတ်ဝဆီသို့ တဖြည်းဖြည်းလိမ့်လာနေသည်။ ဂိတ်တံခါးချက်ချင်း မဖွင့်သေး။

"ယမင်း ကားစက်ရပ်ထားလိုက်စမ်း"

တင်ကျော်ဦး၏ဟိန်းဟောက်သံသည် ယမင်းနားကွဲလုမတတ် ဖြစ်သွားသည်။ ခုနလေးတင် ဆင်ဝင်အောက်မှ အပြန်အလှန်နှုတ်ဆက်ပြီး ထွက်လာသည်။ ဘယ်ကဘယ်လိုအမြန်နှုန်းနှင့်ရောက်လာသည် မသိ။ ယမင်းနီလန့်ပြီး ကားစက်ရပ်လိုက်သည်။ တင်ကျော်ဦးလှုပ်ရှားမှုက မြန်ဆန်သည်။ နောက်ခန်းတံခါးကိုဆွဲဖွင့်ပြီး အုပ်ထားသော စောင်မည်းကြီးကိုဆွဲဖယ်လိုက်ရာ ကြမ်းပြင်တွင်ကျဉ်းကျဉ်းကြပ်ကြပ် ဝပ်တွားနေသောစန္ဒာမင်းလတ် ဘွားခနဲပေါ်သွားသည်။ တင်ကျော်ဦး မျက်နှာမည်းနေပြီ။ ဒေါသအတော်ထွက်နေပြီ။ စန္ဒာမင်းလတ်ကို မကြုံစဖူးခပ်ကြမ်းကြမ်းဆွဲထုတ်ကာ အိမ်ကြီးဆီသို့ပြန်ခေါ်သွားသည်။

စန္ဒာမင်းလတ်က တောင်းပန်နေသည်။

"ကျွန်မကိုသွားခွင့်ပေးပါ ကိုတင်ကျော်ဦးရယ်. . . ကျွန်မကို လွှတ်ပေးပါ"

တင်ကျော်ဦး စကားတစ်ခွန်းမှမပြောတော့။ အိမ်ထဲသို့ရောက်သောအခါ သူမကိုခပ်ကြမ်းကြမ်းပွေ့ချီပြီး သူမအခန်းထဲသို့ ပြန်ခေါ်လာသည်။ အခန်းထဲရောက်သောအခါ ခုတင်ပေါ်သို့ပစ်ချလိုက်သည်။

"မင်းက အတော်ထွက်ပြေးချင်နေတယ် ဟုတ်လား. . . မင်းနဲ့ ငါ ကိစ္စမပြတ်သေးဘူး. . . မင်း ငါ့ကိုစိတ်တိုအောင်လုပ်တယ်. . . မင်းနဲ့ငါတွေ့ပြီပေါ့ကွာ"

တင်ကျော်ဦး ဝုန်းဒိုင်းကြကာ အခန်းပြင်ထွက်သွားသည်။ သူမနောက်က ပြေးလိုက်သော်လည်း အချည်းနှီးပင်။ တံခါးသော့ခတ်သွားလေပြီ။

ညမှောင်စပျိုးအချိန်တွင် တင်ကျော်ဦးပြန်ရောက်လာသည်။

"လာ လိုက်ခဲ့"

သူမပစ္စည်းတွေအကုန်သိမ်းခိုင်းသည်။ သူမအဝတ်အစားအိတ်ကို ယူလာခိုင်းသည်။ သူမ၏ဖုန်းကိုတော့ သူယူထားသည်။ ဘာလုပ်ဦးမည်မသိ။ ဆင်ဝင်အောက်တွင်ရပ်ထားသော စလွန်းကားအနက်ပေါ်တက်သည်။ သူကိုယ်တိုင် ကားမောင်းသည်။ ဘယ်ကိုသွားနေသည်မသိ။ တောင်တွေကွေ့ပတ်လာသည်။ သစ်ပင်ကြီးတွေကိုဖြတ်ခဲ့ရသည်။ ပုရစ်သံ ဆူဆူညံညံနှင့်။ တောတောင်တွေထဲမှာတော့ သေချာသည်။ တစ်နာရီခန့်ကြာတော့ ကားစက်ရှိန်လျှော့လိုက်သည်။ ခြံကြီးတစ်ခုထဲမှ အိမ်လေးတစ်လုံး။ ရှမ်းပြည်နယ်ဘက်ထွက်သောထုံးအုတ်ကို အသုံးပြု၍ဆောက်ထားသော အိမ်ကလေး။ တင်ကျော်ဦးက သူမကိုခေါ်သွားသည်။ သူမရက်လက်စ ယက်ကန်းစင်လေးလည်းရောက်နေသည်။ လျှပ်စစ်မီးမရှိ။ ဖယောင်းတိုင်နှင့် အောက်လင်းမီးတစ်လုံးရှိသည်။

"စန္ဒာမင်းလတ် မင်း ဒီမှာနေရမယ်. . . မင်းရက်ထားတဲ့ အထည်ကို ပြီးအောင်ရက်ပါ. . . အဲဒါပြီးရင် မင်းပြန်ရမယ်. . . ဒီက နေထွက်ပြေးဖို့ ထပ်မကြိုးစားနဲ့တော့. . . လျှိုတွေချောက်တွေပဲရှိတယ်

. . . ဒေါ်ငယ်က ထမင်းဟင်းချက်ပေးတာတွေ လုပ်ပေးမယ်. . . ရက်ကန်းရက်တဲ့ကိစ္စကိုတော့ မင်းဘာသာပြီးအောင်လုပ်. . . ငါ နေ့တိုင်း လာစစ်ဆေးမယ် ကြားလား"

စန္ဒာမင်းလတ် အတော်ထိတ်လန့်သွားသည်။ တင်ကျော်ဦး ဒေါသကို ပထမဆုံးမြင်လိုက်ရသည်။ တင်းမာနေသော မျက်နှာက လျော့မသွား။ စန္ဒာမင်းလတ်ဆီက ဘာမှပြန်မကြားမီ အပြင်ထွက်သွားသည်။ ကားသံက ဝေး၍ဝေး၍သွားပြီ။

ဒေါ်ငယ်က စန္ဒာမင်းလတ်ကို နှစ်သိမ့်သည်။ အိမ်မှုပြဿနာတွေ တက်ကုန်ကြောင်း ယမင်းနီတို့သားအဖလည်း ပြဿနာတက်သွားကြောင်း တင်ကျော်ဦးက သူ့အလုပ်ကိစ္စကိုဝင်ရှုပ်သည်ဟုဆိုကာ ယမင်းနီကို နောက်ဘယ်တော့မှမလာဖို့ နှင်ထုတ်လိုက်ကြောင်းပြောပြသည်။ ဒေါ်ငယ်ရှိ၍သာ တော်တော့သည်။ တင်ကျော်ဦးက တိကျသေချာကြောင်း၊ ပြတ်သားကြောင်း၊ ကတိတည်သူဖြစ်ကြောင်း၊ ဒါကြောင့် အထည်အမြန်ပြီးဖို့လိုကြောင်း တိုက်တွန်းပြောဆိုသည်။ စန္ဒာမင်းလတ် သေချာစဉ်းစားသည်။ သူနှင့်ဝေးမှ ကိစ္စပြီးမည်။ သူပြောသလိုသာ လုပ်ရတော့မည်။ သူမ အမြန်ပြီးအောင်လုပ်မည်။

စန္ဒာမင်းလတ် ခရီးအတော်တွင်နေသည်။ နှစ်ရက်အတွင်း ခရီးအတော်ပေါက်နေပြီ။ ဒေါ်ငယ်က ချက်ပြုတ်ပေးသည်ဟုဆိုသော်လည်း သူမမနေတတ်။ ဒေါ်ငယ်နှင့်အတူ သောက်ရေသုံးရေ လိုက်ခပ်သည်။ အိမ်က တောင်ပေါ်ဘွင်ရှိသည်။ ရေကို တောင်အောက်ဆင်းခပ်ရသည်။ ထင်းနှင့်မီးမွေးရသည်။ မီးပြောင်းမှုတ်တတ်ဖို့တောင် သင်ရသည်။ မျက်စိထဲမီးခိုးမွှန်၍ မျက်ရည်တွေကျရသေးသည်။ ဒေါ်ငယ်က သမီးရယ်. . မငိုပါနဲ့. . . ပြန်ရတော့မှာပါဟု စနောက်သည်။ ပြီးလျှင် ယက်ကန်းစင်မှာ ထိုင်သည်။ တောသူတောင်သားတွေရဲ့ ဘဝဖြစ်နိုင်သည်။ ချမ်းသာသောနိုင်ငံကြီးသားများသည် တောတောင်တွေထဲတွင် ကမ့် (Camp)ဝင်တတ်ကြသည်။ ထိုအရသာကိုယူချင်ကြ၍ဖြစ်သည်။ စန္ဒာမင်းလတ်စိတ်ထဲ သူတို့လိုပဲ ကမ့် (Camp) ဝင်သည်ဟု သဘောထားလိုက်သည်။ ညနေ နေမဝင်မီရှုခင်းများကို ကြည့်ရသည်မှာ အတော်လှသည်။ ဒေါ်ငယ်က ဘယ်နေရာကဘာခေါ်တယ် ရှင်းပြသည်။ မှိုင်းညို့ညို့တောင်တွေကြည့်ရတာ လွမ်းဆွတ်ဖွယ်ပင်။ သူမ တစ်ခုခုကို လွမ်းနေသည်။ ဖျတ်ခနဲ တင်ကျော်ဦးကို သတိရလိုက်သည်။

ဩ ရ သ တာ ၆၀

"ဒေါ်ငယ် ကိုတင်ကျော်ဦး ကတိတည်မှာပါနော်"

ဘာကိုစိုးရိမ်မှန်းမသိ မေးကြည့်သည်။

"အရမ်းတည်ပဲ့ သမီး. . . အရမ်းတည်တယ်"

"ဒါဆို သူနေ့တိုင်းလာကြည့်မယ်ပြောပြီး မလာတာနှစ်ရက်ရှိသွားပြီလေ"

ဒေါ်ငယ်ပြုံးနေသည်။

"သူလာမှာပါ သမီး. . . သူလာမှာပါ"

စန္ဒာမင်းလတ် သက်ပြင်းချလိုက်သည်။ ထိုစဉ် ကားသံကြားလိုက်ရသည်။

"ဟော - လာပြီ သမီး. . . လာပြီ"

စန္ဒာမင်းလတ် ပျော်သလိုဖြစ်သွားသည်။ တင်ကျော်ဦး ကားစက်သတ်ကာ ကားပေါ်မှဆင်းလာသည်။ မျက်နှာက ခပ်တည်တည်ပင်။ အိမ်ထဲဝင်ပြီး ယက်ကန်းစင်ကိုကြည့်သည်။

"အင်း - မနက်ဖြန်လောက်ဆို ပြီးတော့မှာပဲ"

သူ တိုးတိုးလေးရေရွတ်နေသည်။ စန္ဒာမင်းလတ်က အိမ်ထဲလိုက်မဝင်ဘဲ အပြင်မှာလက်ပိုက်၍ သူ့လှုပ်ရှားမှုကို မသိမသာအကဲခတ်နေသည်။

"ဒေါ်ငယ်. . . ကျွန်တော် စန္ဒာ့ကို ဘုန်းကြီးကျောင်းခဏခေါ်သွားဦးမယ်"

"အေး အေး"

ဒေါ်ငယ်၏ ပုံသေအဖြေ။

စန္ဒာမင်းလတ် ဘာမှမငြင်းဘဲလိုက်လာသည်။ ကားပေါ်ရောက်တော့ သူ့မျက်နှာမှာ တင်းမာမှုတွေမရှိတော့။ စိတ်မကောင်းဟန်ကြေကွဲဟန်သို့ ပြောင်းလဲသွားသည်။

**ဩ ရ သ ဇာ ပေ**

"ဒီနေရာဟာ တကယ်တော့ ညောင်ရွှေနဲ့သိပ်မဝေးဘူး. . . ဒါပေမဲ့ ဘဝတွေက အတော်ကွာခြားတယ်"

သူ ဘာကိုဆိုလိုကြောင်း စန္ဒာမင်းလတ်သိပါသည်။ သို့သော် ဘာမှပြန်မပြောမိ။ ကားလေးက နာရီဝက်လောက်မောင်းလိုက်သော အခါ ရွာလေးတစ်ရွာသို့ ရောက်လာသည်။ သူ့ကားသံကြား၍လားမသိ။ ရွာသူရွာသားတွေ ပြေးထွက်လာသည်။ သူက ကားရပ်ပေးလိုက်ရာ သက်ကြီးရွယ်အိုများ၊ သက်လတ်များ ဝိုင်းအုံလာပြီး အလုအယက် နှုတ်ဆက်ကြသည်။ အင်းသားစကားအပြင် အခြားဘာသာစကားတွေ လည်းပါသည်ဟု သူမထင်သည်။ သူကလည်း ကားပေါ်မှခဏဆင်းကာ နှုတ်ဆက်သည်။ ခဏကြာစကားပြောပြီး ကားပေါ်ပြန်တက်လာသည်။ ရွာထဲကိုဖြတ်မောင်းပြီး ဘုန်းကြီးကျောင်းဝင်းတစ်ခုထဲသို့ ရောက်လာ သည်။ ဘုန်းကြီးကျောင်းအပေါ်သို့ တင်ကျော်ဦးနှင့် စန္ဒာမင်းလတ် တက်သွားပြီး ကျောင်းထိုင်ဆရာတော်ကြီးကို သွားကန်တော့ကြသည်။ ဆရာတော်ကြီးက အင်းသံဝဲဝဲဖြင့်ဆုပေးသည်။

"တင်ကျော်ဦး. . . ဒကာမကြီးတို့ရော နေကောင်းကြလား"

"ကောင်းကြပါတယ်ဘုရား"

"အေး အေး. . . ဘုရား တရား သံဃာရဲ့ကျေးဇူးတွေပေါ့ . . . ရွာကလူတွေရော၊ ငါရော မင်းတို့ကိုအမြဲမေတ္တာ ပို့ပေးပါတယ် . . . အခု ယင်လုံအိမ်သာကတော့ တို့ရွာသားတွေ အလေ့အကျင့်ရသွား ပြီ. . . စာသင်ကျောင်းလည်း ဆရာတွေ စုံပြီ. . . ဆေးမှူးတစ်ယောက် လောက်တော့ ထပ်လိုချင်တယ်. . . တို့ဆီက ဆေးမှူးက ဘေးရွာတွေ ပါလိုက်နေရတယ်. . . မင်းလိုဆေးမှူးမျိုး ပို့ပေးစမ်းကွာ"

"တင်ပါ့ ဘုရား. . . ပို့ပေးပါ့မယ်"

ဆရာတော်ကြီးက ကျောင်းသားတစ်ယောက်ကိုလှမ်းခေါ်ရင်း မိန့်ကြားပြန်သည်။

"ဟော့ - အောင်ငဲ. . . အောက်လင်းမီးထွန်းစမ်း. . . အမှောင်ကျလာပြီပဲ"

"တင်ပါ့ဘုရား"

ခပ်လှမ်းလှမ်းမှ ပြန်ထူးသံကြားရသည်။ မကြာမီ အောက်လင်းမီး ရောက်လာသည်။

"ခု လပြည့်ရင် ရွာအလှူရှိတယ်. . . ဟင် - တင်ကျော်ဦး. . . နင်တို့အိမ်သားတွေ အကုန်လာခဲ့ကြဦး. . . အခု နင့်ဒကာမလေးပါခေါ်ခဲ့စမ်း. . . ကြားလား တင်ကျော်ဦး"

တင်ကျော်ဦး အဖြေရကြပ်သွားသည်။

"ဟဲ့ - ငါပြောတာကြားလား"

"တင်ပါ့ တင်ပါ့ ကြားပါတယ်ဘုရား"

ဆရာတော်ကြီးက ဩဇာအတော်ရှိပုံရသည်။

"အဲလိုပဲ ဒကာမလေး. . . ဦးဇင်း အင်းပေါခုံမှာကျောင်းထိုင်တော့ တင်ကျော်ဦးကို သက်နန်းစီးပေးခဲ့တာ. . . သူ ငယ်ငယ်ကတည်းက စာတော်တယ်. . . အခုဦးဇင်းမွေးတဲ့ ဒီရွာကိုပြန်လာတော့ သူတို့မိသားစုက ဒကာတွေပဲ. . . သူလူကြီးဖြစ်လာတော့ တို့ရွာလည်းကောင်းလာတာပေါ့. . . စီးပွားရေးလည်း ကောင်းလာကြတာပေါ့. . . ဒကာမကြီးလည်း ပါရမီဖြည့်ဖက်ကောင်းတစ်ယောက် ဖြစ်ခွင့်ရတာ ဦးဇင်းဝမ်းသာတယ်. . . ကဲ ကဲ - မှောင်နေပြီ တင်ကျော်ဦး. . . ပြန်တော့ . . . ငါပြောတာမမေ့နဲ့"

ဆရာတော်က တုံးတိတိကြီး ဖြတ်ချလိုက်သည်။ နှစ်ယောက်သား ဆရာတော်ကို ဦးချပြီး ထွက်လာသည်။ လမ်းမှာ တင်ကျော်ဦးက ဒေသအခြေအနေတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ၊ ဖွံ့ဖြိုးရေးတွေကို သူဘယ်လိုလုပ်ချင်ခဲ့ကြောင်း၊ လုပ်နိုင်တာတွေကတော့ ဘာမှသိပ်မရှိသေးကြောင်း၊ ကြိုးစားရဦးမယ့်အကြောင်းတွေကို တည်တည်ငြိမ်ငြိမ်

ပြောပြနေသည်။ စန္ဒာမင်းလတ်က ဘာတစ်ခွန်းမှမမေးဘဲ ငြိမ်သက်စွာ နားထောင်ရင်းလိုက်လာသည်။ သို့နှင့် အိမ်လေးသို့ပြန်ရောက်လာသည်။ စန္ဒာမင်းလတ်ကို အိမ်ထဲအထိလိုက်ပို့သည်။ ဒေါ်ငယ်ကိုနှုတ်ဆက်သည်။ ပြီးတော့ သူပြန်သွားသည်။ စန္ဒာမင်းလတ်လတ်စိတ်ထဲမှာ ကျေနပ်သလို မကျေနပ်သလိုနှင့် ကျန်နေခဲ့သည်။ ဒေါ်ငယ်နှင့်စကားပြောသည်။ ဒေါ်ငယ်ထိုးနေသော နှစ်ချောင်းထိုးသိုးမွေးပညာကိုလည်း နည်းနည်းမြည်းစမ်းလိုက်သေးသည်။ ဆောင်းရာသီကိုခြုံထားသောည က တရွေ့ရွေ့သွားနေသည်။ မိုးသောက်ရဦးမည်လေ။

"အီး ဟီး. . . လှတယ်ကြီး. . . လှတယ်ကြီး. . . သမီး အရမ်း တော်ပါ့"

စန္ဒာမင်းယက်လုပ်ပြီးသွားသောအထည်စကို ကိုင်ကြည့်လိုက်၊ နံရံကပ်ကြည့်လိုက်နှင့် ဒေါ်ငယ်သဘောကျနေသည်။ ဒီနေရာလေးသို့ ရောက်ပြီး သုံးရက်အကြာတွင် ပြီးသွားသည်။ ဒေါ်ငယ်၏ချီးကျူးသံက စန္ဒာမင်းလက်ကို အတော်ကျေနပ်စေသည်။ သူမကိုယ်တိုင်လုပ်ခဲ့ရသော အထည်။ သူမတွင် အောင်မြင်မှုပီတိတစ်ခုရနေသည်။ ဘာနှင့်မျှနှိုင်း၍ မရသော ပီတိပါလား။

"လာ လာ သမီး. . . တို့ထမင်းစားမယ်. . . မှောင်တော့မယ် . . . တို့ပြန်ရတော့မှာပါ"

ဩ ရ သ တ ပေ

စန္ဒာမင်းလတ် သိပ်မကြာသလိုလို၊ ထမင်းလည်း မဆာသလိုလို ပျော်ရွှင်မှုတစ်ခုရနေသည်။ နောက်ဆုံး ဒေါ်ငယ်က အတင်းခေါ်မှ ထမင်းစားကြသည်။ ဒီကိုရောက်စဉ်တည်းက စားရသောဟင်းများမှာ သူမတစ်သက်မေ့မည်မဟုတ်။ ဝက်သားခြောက်၊ အမဲခြောက်၊ ပဲဟင်း၊ ပဲပုပ်ချက်၊ ခြံထွက်ဂျူးဖူးကြော်၊ တစ်ခါတရံ ဒေါ်ငယ်ဘယ်ကရလာမှန်း မသိသည့် ငါးရှဥ့်ကို ဆေးခါးဟင်းချက်သောက်ရတာ အလွန်ကောင်းသည်။ ထမင်းစားပြီးတော့ လက်ဖက်ခြောက်ကောင်းကောင်းနှင့် အခါးရေကို နွမ်းလျော်ခပ်၊ ဆားခပ်သောက်ကြသည်။ ပြီးတော့ အထည်စကို သူမအိပ်ခန်းကျဉ်းလေးထဲသို့ယူသွားပြီး တစ်ယောက်တည်း အရသာခံကြည့်မိသည်။

"ဟော - ကားသံ"

သူမ ရင်တွေခုန်လာသည်။ ဘာကြောင့်မှန်းမသိ။ ထိန်းလို့မရ။ သူဘာပြောမလဲ။ သူကတိတည်မှာလား။ သူနဲ့ တကယ်ဝေးတော့မှာလား။ သူမရက်ထားသောအထည်စကို ကိုယ်မှာအသာခြုံထားမိသည်။

"အင်း - လှတယ်. . . အတော်လှတယ်"

စန္ဒာမင်းလတ် ထိတ်ခနဲဖြစ်သွားသည်။ အခန်းဝမှာ သူ၏အရိပ်ကိုတွေ့လိုက်သည်။ သူ ဘယ်အချိန်ကရောက်လာသည် မသိနိုင်အောင် သူမအတွေးလွန်သွားခဲ့သည်။ သူမဆီသို့ တင်ကျော်ဦး တဖြည်းဖြည်းလျှောက်လာသည်။ ကွပ်ပျစ်ပေါ်တွင် မင်သက်ထိုင်နေသော သူမ၏ပုခုံးနှစ်ဖက်ကို အသာကိုင်ညှစ်လိုက်သည်။

"မတ်တပ်လေးရပ်ကြည့်ပါဦး"

သူမ အလိုအလျောက်ရပ်မိသည်။

"အင်း - လှတယ်. . . စန္ဒာနဲ့လိုက်တယ်. . . စန္ဒာပြန်ရတော့မယ်. . . ဒေါ်ငယ့်ကို ပစ္စည်းတွေနဲ့ ကားထဲမှာစောင့် ခိုင်းထားလိုက်ပါပြီ. . . စန္ဒာ ကိုယ်နဲ့ဝေးရင် ပျော်မှာပါ. . . ကိုယ့်ဆီကနေ သိပ်ပြေးချင်ခဲ့တာ ခုတော့ပြေးစရာမလိုတော့ပါဘူး"

ဩရသစာပေ

တင်ကျော်ဦး၏အသံတွေ နည်းငယ်တုန်နေသည်။ ပုခုံးကိုကိုင်ထားသောလက်တွေ မလွှတ်သေးဘဲ သူမ၏မျက်လုံးတွေကို သေချာကြည့်ကာပြောနေသည်။ အောက်လင်းမီးရောင်နှင့် သူ့မျက်လုံးထဲက လဲ့နေသောမျက်ရည်တွေကိုတွေ့ရသည်။ သူမကို ညင်ညင်သာသာပွေ့ဖက်ပြီး နှုတ်ခမ်းချင်းထိတွေ့နမ်းလိုက်သည်။ စန္ဒာမင်းလတ် တောင့်တောင့်ကြီးရပ်နေသည်။

"ဒီတစ်ခါ ဘာလို့မရုန်းတာလဲ"

သူ့မေးခွန်းကို သူမ အေးစက်စက်ဟန်နှင့် ပြန်ဖြေလိုက်သည်။

"ရှင်က ရုန်းကန်တာမျိုးမှ ပိုပြီးသဘောကျချင်တာလား"

တင်ကျော်ဦး ဆတ်ခနဲဖြစ်သွားပြီး သူမကို မျက်နှာချင်းပြန်ဆိုင်လိုက်သည်။ ပြီးမှ ဆို့နင့်ကြေကွဲသောလေသံဖြင့် စကားလုံးတွေထွက်ကျလာသည်။

"ကိုယ်ဟာ အရိုင်းအစိုင်းမဟုတ်ပါဘူးကွာ. . . ဒါကြောင့် မင်းကိုချစ်တတ်ခဲ့တယ်. . . မင်း ငါ့ဆီကထွက်သွားမှာကို ငါကြောက်ခဲ့တယ်. . . ငါ့ကို ယုံကြည်စေချင်ခဲ့တယ်. . . သူတို့ရဲ့လုပ်အားတွေကို တန်ဖိုးထားစေချင်ခဲ့တယ်. . . နောက်ဆုံးမှာ ငါ့ကိုပြန်ပြီးချစ်စေချင်ခဲ့တယ်. . . ပြောစမ်းပါ. . . ငါဟာ အရိုင်းအစိုင်းလား. . . မင်းရဲ့အချစ်ကို မရထိုက်ဘူးလား. . . ဟင် - စန္ဒာ. . . ကိုယ့်ကိုပြောစမ်းပါ"

စန္ဒာမင်းလတ် သွေးတွေဆူလာပြီး နှလုံးတွေခုန်လာပြီ။ သူ့ရင်ထဲကလာသောစကားတွေက သူမရင်ထဲကစကားလုံးတွေကို ချူထုတ်ခြွေချနေပြီ။

မဖြစ်ဘူး။ မဖြစ်ဘူး။ ရှင့်မှာ သတို့သမီးလောင်း ရှိတယ်။ ကျွန်မ အလျှော့ပေးရတော့မယ်။ ကျွန်မ ရှင့်ကိုတကယ်ချစ်တယ်။ ချစ်တယ်။ ဒါပေမဲ့ မဖြစ်ဘူး။ မဖြစ်ဘူး။

"ဝုန်း"

စန္ဒာမင်းလတ် တင်ကျော်ဦးကိုတွန်းထုတ်၍ အခန်းပြင်ဘက်သို့ပြေးထွက်သွားသည်။ ထိုမှတစ်ဆင့် အိမ်အပြင်ဘက်ကို ပြေးထွက်သွားသည်။ ကြယ်ရောင်ကိုအားပြုပြီး ဦးတည်ရာပြေးထွက်ခဲ့သည်။

"စန္ဒာ - မပြေးနဲ့လေ"

ဒီတစ်ခါတော့ တင်ကျော်ဦးမမီလိုက်တော့။ စန္ဒာမင်းလတ်က တောင်အောက်သို့ စွတ်ရွတ်ပြေးလေသည်။ သစ်ပင်တွေ၊ ခြုံနွယ်တွေကြားထဲ တိုးဝင်ပြေးလွှားသည်။

သူမ ဘာမှမမြင်တော့။

အအေးဓာတ်က ပိုလာသည်။ သူမအပေါ် အင်္ကျီထူ မဝတ်ခဲ့။ ဖိနပ်ပါမလာတော့ တစ်ချက်တစ်ချက်ချော်လဲသည်။ နောက်ဆုံး ဘာမှမသိတော့။ သူမရဲ့ လောကတစ်ခုလုံး မှောင်မိုက်သွားလေသည်။

စန္ဒာမင်းလတ်မျက်လုံးပွင့်လာသည်။

ဒီအိပ်ရာကို သူမရင်းနှီးပါသည်။

အပေါ်ကမျက်နှာကျက်ကိုလည်း မှတ်မိလာသည်။

"သမီး. . . စန္ဒာ. . . သမီး"

သူမ၏နားထဲသို့ ရင်းနှီးသောအသံဝဲဝဲတစ်ခု ဝင်လာသည်။

"မမ သတိရလာပြီ. . . မမ"

စန္ဒာမင်းလတ်မျက်လုံးဖွင့်လို့ရလာသည်။ အားလုံးပီသလာသည်။ တင်ကျော်ဦးတို့အိမ်ကြီးဆီသို့ ပြန်ရောက်နေသည်။ ဆရာဝန်ဘစ်ယောက်၊ နာ့စ်အမျိုးသမီးတစ်ယောက်၊ ကြီးကြီးရီ၊ ခိုင်သင်းကျော်၊ ဒေါ်ငယ်နှင့် တင်ကျော်ဦးတို့ကိုလည်း တွေ့ရသည်။ အားလုံးစိုးရိမ်နေသည်။ သူမတစ်ကိုယ်လုံး နာကျင်နေသည်။ ခေါင်းတွေကိုက်နေသေးသည်။ ဆရာဝန်က အားလုံးကောင်းသွားမှာပါဟု အားပေးနေသည်။ အားလုံး၏ စိတ်ပူမှုလျော့သွားစေရန် စန္ဒာမင်းလတ်အားယူ၍ ပြုံးပြလိုက်သည်။ အားကတော့ မရှိသေး။

ဆရာဝန်နှင့်နာ့စ်မလေးတို့က လုပ်စရာတွေဆက်တိုက်လုပ်ပေးသည်။ နောက်တော့ ဆရာဝန်တွေပြန်သွားသည်။ အိမ်သားတွေသာကျန်တော့သည်။ နာ့စ်မလိုကြောင်း တင်ကျော်ဦး၏အသံကို ကြားရသည်။ ခိုင်သင်းကျော်က စွပ်ပြုတ်ပူပူလေးတိုက်သည်။ သူမ တစ်ညလုံးသတိမေ့သွားကြောင်း၊ ချော်လဲပြီး ခေါင်းနဲ့အမာတစ်ခုခုနှင့်တိုက်မိ

တာဖြစ်ကြောင်း၊ တင်ကျော်ဦးပြောပြသမျှကို ပြန်ဖောက်သည်ချနေသည်။ ဆရာဝန်တွေကိုလိုက်ပို့ပြီး တင်ကျော်ဦးပြန်ဝင်လာသည်။ ကြီးကြီးက စန္ဒာမင်းလတ်လက်ကိုကိုင်ရင်း အစာဝင်အောင်စားဖို့ ပြောနေသည်။ ဇွပ်ပြုတ်စားပြီးတော့ တင်ကျော်ဦးက ဆေးသောက်ချိန်တွေကို ဆရာဝန်မှာကြားခဲ့သည့်အတိုင်းတိုက်ရန် ခိုင်သင်းကျော်ကို ညွှန်ကြားနေသည်။ ဆေးသောက်ပြီးခဏတွင် စန္ဒာမင်းလတ် ပြန်အိပ်ပျော်သွားသည်။

တစ်ရေးနိုးတော့ ညနေစောင်းပြီ။

စန္ဒာမင်းလတ် အတော်အားရှိလာသည်။ ခေါင်းကတော့ နည်းနည်းကိုက်နေသေးသည်။ သူမခုတင်ဘေး ခပ်လှမ်းလှမ်းတွင်ရှိသော ပက်လက်ကုလားထိုင်ပေါ်၌ ကလေးတစ်ယောက်လို အိပ်မောကျနေသော တင်ကျော်ဦးကိုတွေ့ရသည်။ သူလည်း အတော်အိပ်ရေးပျက်ခဲ့ပုံရသည်။ သူ့ကိုသနားစိတ်ဝင်မိသည်။ သို့သော်လည်း. . သို့သော်ဖြစ်ရသည်။

ထိုစဉ် ခြေသံတစ်မျိုးကြားရသည်။ သူမမျက်စိအသာမှိတ်၍ ပြန်ငြိမ်နေလိုက်သည်။

"သမီး ခိုင်သင်း. . . တင်ကျော်ဦး အခုမှပဲအိပ်တော့တယ် . . . သူ့ဖြစ်ချင်တာတွေ သိပ်များနေတယ်. . . သနားဖို့လည်းကောင်းပါတယ်. . . ဟင် သမီး စန္ဒာ. . . နိုးပြီလား"

မျက်လုံးဖွင့်လိုက်သော စန္ဒာမင်းလတ်ကိုတွေ့သွားပြီး တစ်ဆက်တည်း မေးလိုက်သည်။ စကားသံတွေကြောင့် တင်ကျော်ဦး ဖျတ်ခနဲနိုးလာသည်။

"ကြီးကြီး - ညီမလေးခိုင်သင်းကျော်. . . အားလုံးကိုကျေးဇူးပါပဲ. . . သမီးသက်သာလာပါပြီ. . . မနက်ဖြန်လောက် သမီး ရန်ကုန်ပြန်ချင်တယ်. . . စီစဉ်ပေးလို့ရမလား"

ကြီးကြီးက စန္ဒာမင်းလတ်ကို ကလေးတစ်ယောက်လိုချော့မော့ပြီး ကောင်းကောင်းကျန်းမာမှပြန်ဖို့ပြောသည်။ ညည်သည် စိတ်ရောကိုယ်ပါဒုက္ခရောက်ရခြင်းအတွက် အိမ်ရှင်တွေ တအားစိတ်ထိခိုက်ရကြောင်း၊ တင်ကျော်ဦးကိုယ်တိုင်ဝန်ခံခဲ့၍ အကြောင်းအရာအပြည့်အစုံကိုသိထားပြီးဖြစ်ကြောင်း၊ ရန်ကုန်မှာရှိတဲ့ ကုမ္ပဏီလူကြီးတွေလည်း အယ်လ်ကျော်၊ ခိုင်သင်းကျော်တို့နှင့်အဆက်အသွယ်ရပြီး အခြေအနေကိုစိတ်မပူဖို့ ရှင်းပြထားကြောင်း ကြီးကြီးကဆက်ပြောသည်။

သို့သော် စန္ဒာမင်းလတ်ဆက်မနေချင်တော့ပါ။ တစ်ခုခု ရှင်းရှင်းလင်းလင်း ဖြစ်ဖို့လိုသည့်အတွက် သူမအမြန်ဆုံးပြန်ချင်ပါသည်။ တင်ကျော်ဦးကတော့ စကားတစ်လုံးမှဝင်မပြောဘဲ သူမကိုသာကြည့်နေသည်ကို သူမသိပါသည်။ သူမမျက်လုံးထောင့်စွန်းမှ မြင်နေရသည်။ သူ့ဘက်ကိုမကြည့်မိအောင်လည်း သတိထားပါသည်။

"ကြီးကြီးရယ် . . . မနက်ဖြန်လောက်ဆိုရင် သမီးလုံးဝပျောက်သွားမှာပါ . . . သမီးပြန်ပါရစေ"

ကြီးကြီးရို ခေတ္တစဉ်းစားလိုက်သည်။ ပြီးမှ

"ဒီလိုလုပ်ပါလား . . . မနက်ဖြန် တောင်ကြီးသွားပြီး တောင်ကြီးအိမ်မှာ ခဏနားလိုက် . . . နောက်ရက်တွေကျမှ ပြန်ပေါ့"

ဒါဆို သိပ်မဆိုးလှ။ သူနဲ့ဝေးတဲ့နေရာတစ်ခုရပြီ။ ဒီအိမ်ကြီးထဲမှာတော့ သူနှင့်အတူမနေချင်တော့။ သဘောတူညီချက်တွေ ရသွားသည်။ ထိုအချိန်မှစ၍ နောက်တစ်နေ့နေ့ခင်း တောင်ကြီးတက်သည့်အချိန်အထိ တင်ကျော်ဦးကိုမတွေ့ရတော့။ မတ်တူးကားလေးကို ခိုင်သင်းကျော်မောင်းသည်။ လမ်းတစ်လျှောက် ဖုန်းလိုင်းမိသည့်အတွက် ရန်ကုန်နှင့် ဖုန်းတွေပြောသည်။ မပြောခဲ့ရသည်မှာ တစ်ပတ်ပြည့်တော့မည်။ ဒေါ်ခင်မြင့်ကလည်း ရန်ကုန်ကလူတွေ စိတ်ပူနေသည့်အကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ညောင်ရွှေသီးသန့်ဂေဟာတွင်

သဘောတူညီချက်ရသည့်တိုင်အောင် အကျေအလည်ဆွေးနွေးနေကြသည်ဟု သက်ဆိုင်ရာကလာပြောကြောင်း၊ ကုမ္ပဏီကလည်း တစ်ပတ်အထိစောင့်ကြည့်မှာဖြစ်ပြီး တစ်ပါတ်ပြည့်လို့မှ ဘာသတင်းမှမရလျှင် ဥပဒေအကြောင်းအရ တောင်းဆိုရန်ပြင်ဆင်ထားကြောင်း။ မီဒီယာတွေမှာတော့ ရွှေနန်းစဉ်ကုမ္ပဏီနှင့် ရှမ်းပြည်နယ်အစိုးရကြား ပြဿနာရှိနေပြီလားဆိုပြီး ရေးသားနေကြကြောင်း။ အထူးသဖြင့် ပြည်နယ်ဝန်ကြီးချုပ်က ငယ်ရွယ်ပြီးထက်မြက်ပုံနှင့် ရွှေနန်းစဉ်ကုမ္ပဏီကြီး၏ ဒုတိယအကြီးအကဲ စန္ဒာမင်းလတ်ကလည်း ငယ်ရွယ်လှပပြီး ထက်မြက်ပုံတွေကို ဟိုမလွတ်ဒီမလွတ်ရေးနေကြကြောင်း။ အန်တီဝင်းနှင့်လည်း အဆက်အသွယ်ရပြီဖြစ်ကြောင်း၊ စန္ဒာမင်းလတ်ဆုံးဖြတ်ချက်မှန်သမျှကို ထောက်ခံရပ်တည်မည်ဟု ကတိပေးလိုက်ကြောင်း သတင်းအစုံအလင်ကိုသိရလေသည်။ တောင်ကြီးအိမ်ရောက်သည်အထိ ဖုန်းပြောပစ်လိုက်သည်။ ဒေါ်ခင်မြင့်တို့လည်း စိတ်အေးသွားသည်။ သူမလည်း စိတ်အတော်ပေါ့ပါးသွားသည်။ အင်းလေးအထည်ဈေးကွက်ကတော့ သူမစိတ်ပိုင်းဖြတ်လိုက်သည်။ လက်လွှတ်လိုက်တော့မည်။ တင်ကျော်ဦးနှင့်လွတ်လွတ်ကင်းကင်းဖြစ်ဖို့အတွက် လုပ်ငန်းပိုင်းကိုပါ အဆက်ဖြတ်လိုက်တော့မည်။

တောင်ကြီးအိမ်ရောက်ပြီး ပစ္စည်းတွေနေရာချသည်။ အိပ်ခန်းထဲဝင်၍ အဝတ်အစားလဲသည်။ ရန်ကုန်နှင့်ဖုန်းပြောခဲ့ပြီး ဇောနှင့်မို့ မသိခဲ့သော်လည်း အိပ်ခန်းထဲရောက်တော့ ပင်ပန်းသလို ကိုယ်တွေနုံးချိချင်လာသည်။ အားဆေးဆက်တိုက်သောက်ရန် ဆရာဝန်ညွှန်ကြားထားသည်။ သူမခုတင်ပေါ်တွင်လှဲချရင်း မှိန်းနေသည်။ သူမလက်ကိုင်ဖုန်းသံမြည်လာသည်။ ပေါ်လာသောနံပါတ်က သူမမသိ။

"ဟဲလို"

"မမ. . . ယမင်းပါ"

"အိုး ယမင်း. . . ဝမ်းသာလိုက်တာ. . . ခုဘယ်မှာလဲဟင် . . . မမ တောင်ကြီးရောက်နေပြီ. . . ယမင်းနဲ့တွေ့ချင်လိုက်တာ. . . မမ မနက်ဖြန်သန်ဘက်ပြန်တော့မယ်"

ယမင်းနီ၏အသံလေးမှာ အားပျော့နေသည်။

"ယမင်းလေ မမကိုတွေ့ချင်ပါတယ်. . . ဒါပေမဲ့ ကိုကိုတင်ကျော်ဦးလေ. . . ကိုကိုလေ"

စကားလုံးတွေကို ငိုရှိုက်သံကဖုံးလွှမ်းသွားသည်။ စန္ဒာမင်းလတ်ထိတ်ခနဲဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ. . . ကိုတင်ကျော်ဦးက ဘာဖြစ်လို့လဲ"

ယမင်းနီ သူမကိုယ်သူမ တည်ငြိမ်အောင်ကြိုးစားနေပုံရသည်။ ခဏကြာမှ စကားဆက်သည်။

"မမကိုနိုးထုတ်ပေးတဲ့ကိစ္စမှာ သူ ယမင်းကိုအတော်စိတ်ဆိုးနေတယ်. . . အခုထိပဲဆိုရမှာပေါ့. . . မမဟာ သူ့အတွက် အရေးပါတယ်တဲ့. . . သူ့ဘဝတစ်ခုလုံးနဲ့ရင်းပြီး အလုပ်လုပ်နေတာတဲ့. . . နောက်ဆုံး သူ့ဘဝထဲက မမကိုထွက်သွားခွင့်မပေးတာ ယမင်းက ဘာလို့ဝင်ရှုပ်သလဲဆိုပြီး ယမင်းကိုစကားမပြောတော့ဘူး. . . အခု မမ နေမကောင်းဖြစ်တာလည်းကြားပါတယ်. . . ဒါပေမဲ့ ယမင်းလာမတွေ့တော့ဘူးနော်. . . မမနဲ့ ကိုကိုတင်ကျော်ဦးက တကယ်လိုက်ဖက်တဲ့အတွဲပါပဲ. . . ယမင်းကျေနပ်ပါတယ်"

"နိုး မဟုတ်ဘူး. . . ယမင်း မဟုတ်ဘူး"

စန္ဒာမင်းလတ် ပျာပျာသလဲအော်မိသည်။ ယမင်းအားယူပြီး ရယ်သံပြုလိုက်သည်ကိုလည်း သူမသိသည်။

"ဟဲ ဟဲ - လုပ်မနေပါနဲ့ မမရယ်. . . ယမင်း စတွေ့လိုက်ကတည်းကရိပ်မိပါတယ်. . . ကိုကိုက ယမင်းရဲ့အစ်ကိုဆိုတော့ မမကလည်း ယမင်းအစ်မဖြစ်ရမှာပေါ့. . . ယမင်းသဘောတူတယ်. . .

ကွန်ဂရက်ကျူလေးရှင်းပဲ မမရေ - လောလောဆယ် ယမင်းမတွေ့နိုင်သေးပေမယ့် ဖုန်းတော့ဆက်မယ် သိလား. . . တာ့တာ"

စန္ဒာမင်းလတ် စိတ်တွေပြေလျော့သွားသည်။

"အိုးမိုင်ဂေါ့ဒ်. . . ဘာတွေဖြစ်ကုန်တာလဲ. . . သူတို့ချစ်သူတွေမဟုတ်ဘူးလား. . . သတို့သမီးလောင်း မဟုတ်ဘူးလား. . . မဟုတ်သေးပါဘူး. . . ငါမရှိရင် ဒါတွေအားလုံး ပြန်ပြီးပြေလည်သွားမှာပါ"

စန္ဒာမင်းလတ် ကိုယ့်ဘာသာ တိုးတိုးညည်းမိသည်။ ထိုစဉ် ခိုင်သင်းကျော်ဝင်လာသည်။

"မမကလည်း ဖုန်းပဲပြောနေတာပဲ. . . ညီမလေးနဲ့တော့ မပြောတော့ဘူးလား"

"ပြောတာပေါ့. . . ညီမလေးနဲ့အများကြီးပြောတာပေါ့. . . လာ ဒီမှာထိုင်"

ခိုင်သင်းကျော်ခုတင်မှာဝင်ထိုင်လိုက်သည်။

"မမကို ပြောစရာရှိတယ်"

ကောင်မလေးမျက်နှာမှာ လေးနက်သည့်သဘောဆောင်နေသည်။

"ကိုကို့ကိစ္စပြောမလို့"

"အန်"

လာပြန်ပြီဟုတွေးမိသော်လည်း နားတော့ထောင်ချင်သည်။

"ကိုကိုလည်းသနားပါတယ်. . . မမကိစ္စနဲ့ပါတ်သက်ပြီး သူ့မှာတာဝန်တွေရှိနေပြီလို့ဆိုတယ်. . . သူက စိတ်မညစ်တတ်တဲ့လူတစ်ယောက်လို့ ညီမလေးထင်ခဲ့တာ. . . အခု အအိပ်အစား သိပ်မမှန်တော့ဘူး. . . အလုပ်ပင်ပန်းတယ်ဆိုပေမယ့် အရင်ကလည်း ပင်ပန်းဖူးတာပဲ. . . ကိုကို့ကိုနားလည်မှုအရှိဆုံး ညီမတစ်ယောက်အနေနဲ့ပြောမယ်နော် မမ. . . သူ မမကိုတကယ်ချစ်နေတယ်. . . မမနဲ့ပတ်သက်ပြီး ခံစားနေရတယ်"

ကောင်မလေးစကားရပ်လိုက်ပြီး စန္ဒာမင်းလတ်ကို ပြုံး၍အကဲခတ်နေသည်။ စန္ဒာမင်းလတ် ဂဏှာမငြိမ်သလိုဖြစ်လာသည်။ မမလည်း အတူတူပဲမဟုတ်လားဆိုသည့် သဘောနဲ့ကြည့်နေသော ခိုင်သင်းကျော်ကို ဘယ်လိုတုံ့ပြန်ရမှန်းမသိ။ တိမ်လိုလေလို ပေါ့ပါးလွင့်မျောနေသော စိတ်တွေကို အမူအရာမပျက်စေဘဲ ပြန်လည်၍စုစည်းနေမိသည်။ ခဏကြာတော့ စုစုစည်းစည်း ဖြစ်လာသည်။ ပြီးတော့ လေးလေးနက်နက် တစ်လုံးချင်းပြန်ဖြေလိုက်သည်။

"သူ အခုဘယ်လိုဖြစ်နေသလဲ. . . ဘာတွေစိတ်ညစ်စရာရှိနေလို့လဲ"

ခိုင်သင်းကျော်က ခေါင်းအသာယမ်းလိုက်သည်။

"ဘယ်သူမေးလို့မှ ဖြေမှာမဟုတ်ဘူး. . . မမကိုယ်တိုင်မေးကြည့်ရင်တော့ သူပြောပြမှာသေချာတယ်"

စန္ဒာမင်းလတ် တစ်ချက်စဉ်းစားလိုက်သည်။

"အင်းလေ. . . မမ ရန်ကုန်မပြန်ခင်တော့ စကားပြောကြည့်ပါဦးမယ်. . . သူနဲ့ရှင်းစရာ အလုပ်ကိစ္စတစ်ခုလည်း ကျန်သေးတယ် . . . မနက်ဖြန်လောက်တွေ့လိုက်မယ်. . . သန်ဘက်ခါပြန်မယ်"

ခိုင်သင်းကျော် စန္ဒာမင်းလတ်ကိုကျေးဇူးတင်သလိုကြည့်လိုက်သည်။ စန္ဒာမင်းလတ် လက်တွေကိုကိုင်ပြီးပြောလိုက်သည်။

"မမသိပ်ချစ်ဖို့ကောင်းတယ်. . . ညီမလေးတော့ မမတစ်ယောက်အပိုင်ရပြီလို့မှတ်လိုက်မယ်"

စန္ဒာမင်းလတ် မျက်စိမှိတ်ပြီးပြုံးနေလိုက်သည်။

စန္ဒာမင်းလတ်နှင့် ခိုင်သင်းကျော်တို့ ညစာအပြင်ထွက်စားကြသည်။ ဦးသောင်းလှိုင်လိုက်ပို့ပေးသည်။ အယ်လ်ကျော်ကပဲ ညှော်ခံသည်။ ဝိုင်နီ နည်းနည်းစီသောက်ကြသည်။ အယ်လ်ကျော်က စန္ဒာမင်းလတ်ကို တောင်းပန်စကားတွေ ပြောလွန်းသဖြင့် အားတောင်နာလာသည်။ စန္ဒာမင်းလတ်က အလုပ်ကိစ္စတွေဖယ်ထားလို့ရပြီဖြစ်ကြောင်း၊ မိတ်ရင်းဆွေရင်းတွေလိုပဲ ဆက်ဆံနိုင်ကြောင်း၊ ပေါ့ပေါ့ပါးပါး ခရီးတစ်ခုထွက်လာပြီးပြန်တယ်လို့ပဲ သဘောထားလိုက်နိုင်ပြီဖြစ်ကြောင်း ပြောပြသည်။

အိမ်ပြန်သောအခါ အယ်လ်ကျော်လည်း လိုက်လာသည်။ ဆင်ဝင်အောက် ကားရပ်လိုက်သောအခါ စန္ဒာမင်းလတ်နှင့် ခိုင်သင်းကျော်က နောက်ခန်းမှဆင်းလာသည်။ ဒီညမှ ရာသီဥတုပိုအေးနေသည်။ အယ်လ်ကျော်နှင့် ဦးသောင်းလှိုင်တို့က အဝင်ပေါက်ထိလိုက်ပို့သည်။ စန္ဒာမင်းလတ်တစ်ခု သတိရသွားသည်။

"ဆရာအယ်လ်ကျော်. . . ရှင်တို့ဝန်ကြီးချုပ်နဲ့ ကျွန်မတွေ့ချင်တယ်. . . မနက်ဖြန်ဖြစ်နိုင်မလား. . . လုပ်ငန်းကိစ္စ ပြီးပြတ်သွားအောင်ပေါ့"

ညြ ရ သ စာ ပေ

အယ်လ်ကျော်စဉ်းစားနေပုံရသည်။ မျက်နှာလည်း ညှိုးရော်သွားသည်။ ပြီးပြတ်သွားအောင်ဆိုသောအဓိပ္ပာယ်ကို သူတစ်မျိုးခံစားရသည်။

"ဝန်ကြီးချုပ်ကို ကျွန်တော်မေးကြည့်ပါ့မယ်. . . ခိုင်သင်းကျော်လည်း. . ."

"နိုး. . . ဒါ အလုပ်ကိစ္စပါ. . . ပုဂ္ဂိုလ်ရေးမဟုတ်ဘူး ဆရာအယ်လ်ကျော်. . . ဒါကြောင့် ခိုင်သင်းကျော်ဆီက တစ်ဆင့်မသွားဘဲ ရှင့်ဆီကတစ်ဆင့် တွေ့ခွင့်တောင်းတာပါ"

စန္ဒာစင်းလတ်စကားဝင်ဖြတ်၍ပြောလိုက်သည်။ အယ်လ်ကျော်ခေါင်းငိုက်စိုက်ချလျှက် လေသံပျော့ပျော့နှင့်ပြောသည်။

"ကောင်းပါပြီ ကျွန်တော်တင်ပြလိုက်ပါ့မယ်. . . ကျွန်တော်တို့ဝန်ကြီးချုပ်မှာ အလုပ်ကိစ္စတွေသိပ်များနေတယ်. . . ဒါပေမဲ့ မစန္ဒာဆီကတော့ သတင်းကောင်းပဲ သူမျှော်လင့်နေပုံရပါတယ်. . . ကျွန်တော့်ကိုခွင့်ပြုပါဦး"

ဦးသောင်းလှိုင်က ကားစက်နှိုးလိုက်သည်။ အယ်လ်ကျော်ကိုအိမ်ပြန်ပို့ရမည်။

စန္ဒာမင်းလက်မတ်တပ်ရပ်လက်ပိုက်ရင်း သူမခုတင်ပေါ်တွင် ဖြန့်ခင်းထားသည့် ကိုယ်တိုင်ဖန်တီးခဲ့သောအထည်ကိုကြည့်ရင်း ကျေနပ်နေသည်။ သူမ၏လက်ဖဝါးကို လက်မ၊ လက်ချောင်းများနှင့်စမ်းကြည့်မိနေသည်။ သူမတစ်ယောက်တည်း နားနားနေနေရှိရန် ခိုင်သင်းကျော်လည်း အခန်းပြန်အိပ်နေပြီ။ မမေ့နိုင်သောဖြစ်ရပ်တွေ မဟုတ်ပါလား။ အချိန်လေးက ဘာမှမဟုတ်ပေမယ့် အဖြစ်အပျက်တွေက ခါးခါးလေးချိုနေသည်။ ပိုရှုံစွဲငြိဖို့ အကြောင်းတွေလည်းဖြစ်သည်။

တင်ကျော်ဦးကိုတွေးမိသည်။ အလွန်တော်သည့်လူငယ်နိုင်ငံရေးသမားတစ်ယောက်။ သူ့လူမျိုး သူ့ပြည်သူအတွက် မွေးဖွားလာပုံရသည်။ သူ့ကိုယ်ယုံကြည်ဖို့ သူ့လူမျိုးတွေရဲ့ လက်ဖြစ်ပစ္စည်းကို တန်ဖိုးထားဖို့အတွက် သူမကိုခပ်ကြမ်းကြမ်းပညာပေးခဲ့သည်ဆိုလျှင်လည်း ယခုအခါမှာ သူမစိတ်မဆိုးတော့ပါ။ တင်ကျော်ဦးမိသားစု ဆွေမျိုးအသိုင်းအဝိုင်းနှင့် အင်းသားတို့၏ပကတိဖြူစင်ပြီး သိမ်မွေ့ကြင်နာတတ်သောနှလုံးသားကို သူမရင်အုံထဲတိုးဝင်တွယ်ဖက်သိခဲ့ရသည်။

တင်ကျော်ဦးကို သူမချစ်မိတာလည်း သေချာသည်။ တင်ကျော်ဦးက သူမကိုချစ်နေတာလည်း သေချာနိုင်ပါသည်။ သို့သော် ဒါတွေကပြီးသွားပါလိမ့်မည်။ သူမ ရန်ကုန်ပြန်ရောက်လျှင် ပြီးသွားပါလိမ့်မည်။ မမေ့နိုင်စရာဇာတ်လမ်းကောင်း တစ်ပုဒ်တော့ ဘဝမှာကျန်နေခဲ့ပါမည်။

ဒါပေမဲ့ သူ့အတွက် တစ်ခုခုတော့ချန်ထားပေးခဲ့ချင်သေးသည်။ သူမအချစ်တွေကို သူသိစေရန်ချန်ထားပေးခဲ့ချင်သည်။ သူမအရင်းအနှီးပေး၍ဖန်တီးထားသောအထည်လေးကို ခေါက်လိုက်သည်။ စက္ကူအိတ်ထဲ ထည့်လိုက်သည်။

*ကိုတင်ကျော်ဦးအတွက်*

*အမြဲသတိရနေမယ့် စန္ဒာ*

ဆိုပြီး ဆော့ပင်နှင့်ရေးလိုက်သည်။ ကြားလူနှင့်မပေးချင်။ ကိုယ်တိုင်လည်း မပေးချင်။ သူမစဉ်းစားလိုက်သည်။ ဟုတ်ပြီ။ စာဖတ်ခန်းထဲတွင်သွားထားမည်။ ခိုင်သင်းကျော်ပြောဖူးသည်။ "ကိုကိုက ဒီအိမ်ကိုလာရင် စာဖတ်ခန်းထဲမှာပဲနေတယ်. . . စာဖတ်ခန်းက သူ့အခန်းပဲ" ဆိုတာကို သတိရသည်။ မနက်ဖြန်သူနဲ့တွေ့ပြီး လုပ်ငန်းကိစ္စအပြီးသတ်မည်။ ပြီးလျှင် စာအုပ်စင်ပေါ်မှာ သူ့အတွက်လက်ဆောင်ထားခဲ့ကြောင်း ပြောမည်။ သူလက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ ငြင်းလို့တော့မရ။ အတော်လှသည်။

စန္ဒာမင်းလတ် ပါကင်ထုပ်လေးကိုင်ကာ အခန်းထဲမှထွက်လိုက်သည်။ ဧည့်ခန်းကိုဖြတ်ကာ စာဖတ်ခန်းဆီသို့လျှောက်သွားသည်။ တံခါးနားရောက်တော့ ဘုလုံးကိုလှည့်လိုက်သည်။ ကျွီခနဲ တံခါးပွင့်သွားသည်။ စာကြည့်ခန်းက မီးတွေလင်းနေသည်။ တံခါးကိုအသာပြန်ပိတ်ပြီး စာအုပ်စင်တွေဆီ သွက်သွက်သွားလိုက်စဉ် ခြေလှမ်းတွေတုန့်ခနဲရပ်သွားသည်။

"အို"

ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်မောကျနေသော တင်ကျော်ဦး။ သူ့ဘေးတွင် သတင်းစာဂျာနယ်တွေ။ သတင်းစာခေါင်းစဉ်

စာလုံးကြီးတွေကို စန္ဒာမင်းလတ်တွေ့နေရသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကုမ္ပဏီဒုတိယအကြီးအကဲတို့ပြဿနာတွေကို ထိလိုက်ရိလိုက်ရေးသားထားပုံရသည်။ စန္ဒာမင်းလတ်ရင်တွေဒိတ်ဒိတ်ခုန်လာသည်။ ဖျားချင်လာသည်။ သို့နှင့် လက်ထဲမှ အထုပ်လေးပြုတ်ကျသွားသည်။

"ဘုတ်"

တင်ကျော်ဦး မျက်လုံးများတဖြည်းဖြည်းပွင့်လာသည်။

"စန္ဒာ"

အားမရှိလှသောအသံနှင့် ခေါ်လိုက်သည်။ စန္ဒာမင်းလတ်လည်း အသံမထွက်ဘဲ ခေါင်းပဲညိတ်မိသည်။ တင်ကျော်ဦးက သတင်းစာရှာနယ်တွေကိုငုံ့ကြည့်သည်။ ပြီးမှ စန္ဒာမင်းလတ်ကိုကြည့်ကာ အားယူပြီးပြုံးပြလိုက်သည်။ သူ့မျက်နှာအတော်ကျသွားသည်။ စိတ်အတော်ပင်ပန်းနေပုံရသည်။

"ကိုယ်တောင်းပန်ပါတယ်. . . ကိုယ့်ကြောင့် မင်းလည်း စိတ်ရောလူပါ ဒုက္ခရောက်ခဲ့ရတယ်. . . မီဒီယာတွေကလည်း မဟုတ်တာတွေပိုင်းရေးကြတယ်. . . မင်းရဲ့ဂုဏ်သိက္ခာထိခိုက်ရတယ်. . . ကိုယ့်ရဲ့မိုက်မဲမှုအတွက် ကိုယ်တောင်းပန်ပါတယ်"

တင်ကျော်ဦး အသံတွေအက်ကွဲတုန်ရင်နေသည်။

"သမ္မတကြီးကလည်း ဒီကိစ္စကို ကိုယ်တိုင်လာပြီးဖြေရှင်းဖို့ဆင့်ခေါ်ထားတယ်. . . ကိုယ်ယုံကြည်တာကို နိုင်ငံရေးသမားဘဝနဲ့လုပ်ခွင့်မရတော့ဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး. . . ဘယ်ဘဝမျိုးရောက်ရောက် ဆက်လုပ်သွားမှာပါ. . . ဒါပေမဲ့ ကိုယ့်ကြောင့်ထိခိုက်တဲ့ မင်းဂုဏ်သိက္ခာကို ဘယ်နည်းနဲ့အလျော်ပေးရမလဲဆိုတာ ကိုယ်မသိတော့ဘူး. . . အဲဒီအတွက် စိတ်အထိခိုက်ဆုံးပဲ"

တင်ကျော်ဦး ခေါင်းငိုက်စိုက်ကျနေသည်။ စန္ဒာမင်းလတ်နားလည်လိုက်သည်။ သူ့နိုင်ငံရေးသမားဘဝအဆုံးသတ်တော့မည့်

အခြေအနေဖြစ်သည်။ သူမ ရန်ကုန်ရောက်လျှင် သတင်းထောက်တွေနှင့် ရင်ဆိုင်ရတော့မည်။ သူမ၏စကားလုံးတွေက တင်ကျော်ဦး၏နိုင်ငံရေးသမားဘဝ သေမလား၊ ရှင်မလား အရေးကြီးလှသည်။ စန္ဒာမင်းလတ် သူ့အနားသို့တိုးသွားပြီး သနားကြင်နာစွာကြည့်လိုက်သည်။ သူက ခေါင်းငုံ့လျက်ပင်

"ရှင့်ကို ကျွန်မတစ်ခုမေးမယ်. . . ရှင် လူတော်တစ်ယောက်ပါ . . . ဘာဖြစ်လို့ ကျွန်မအပေါ် ဒီလိုလုပ်ရတာလဲ"

တင်ကျော်ဦး မျက်နှာမော့လာသည်။ သူမကိုစိုက်ကြည့်နေသည်။ ပြီးမှ တစ်လုံးချင်းပြောလိုက်သည်။

"မင်းကို တိုင်းပြည်ရဲ့စီးပွားရေးသမားကောင်းတစ်ယောက် စံပြအမျိုးသမီးတစ်ယောက်ဖြစ်စေချင်လို့. . . ပြီးတော့ မင်းကိုမြင်မြင်ချင်း ချစ်မိသွားလို့"

သူမအလိုချင်ဆုံး အဖြေပါတည်း။ စန္ဒာမင်းလတ်၏ အပြုံးမျက်နှာပန်းပွင့်တွင် ရွှန်းလဲ့မျက်ဝန်းတို့က ရေကန်ဝိုင်းလေးနှစ်ကန်သဖွယ်။ စန္ဒာမင်းလတ် သူ၏ပက်လက်ကုလားထိုင်ဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ မျက်နှာနှစ်ခု နီးကပ်နေသည်။ စန္ဒာမင်းလတ်က ခပ်ပြုံးပြုံးလေးနှင့် ထပ်ဆင့်မေးခွန်းထုတ်လိုက်သည်။

"ဒါဆိုရင် သမ္မတကြီးနဲ့ မီဒီယာတွေကို အဲဒီလိုပြောပြီး မဖြေရှင်းနိုင်ဘူးလား"

တင်ကျော်ဦး အံ့အားသင့်သွားသည်။ သို့သော် ချက်ချင်းအဖြေပေးလိုက်သည်။

"သိပ်ဖြေချင်တာပေါ့. . . တစ်ကမ္ဘာလုံးကို အော်ပြီးဖြေချင်နေတာ. . . ငါဟာ ဘဝတစ်လျှောက်လုံး ရှုန်းကန်ခဲ့ရတယ်. . . မိသားစုအတွက် ငါ့လူမျိုးအတွက် စိတ်တွေကိုနှစ်ထားခဲ့ရတယ်. . . အချစ်ဆိုတာ ငါ့မိသားစုနဲ့ ငါ့လူမျိုးနဲ့ ငါတို့ရဲ့အင်းလေးကန်ကြီးပဲလို့ထင်

ခဲ့တယ်. . . ဒါပေမဲ့ ငါဟာ လူသားတစ်ယောက်ပါ. . . မိန်းကလေး
တစ်ယောက်ကိုချစ်တတ်ဖို့တော့ အချိန်တစ်ခုရှိဦးမှာပါ. . . အဲဒီအချိန်
ဟာ မင်းနဲ့တွေ့တဲ့အချိန်ပဲ. . . ဒါပေမဲ့ ငါဘယ်လိုလုပ်ရတော့မလဲ. . .
မင်းကိုငဲ့ရတော့မယ်"

စန္ဒာမင်းလတ်က တိုးတိုးလေးပြောလိုက်သည်။

"ကျွန်မကိုမငဲ့ပါနဲ့. . . သူတို့ ကျွန်မကိုလည်းမေးကြမှာပါ. . .
ကျွန်မမှာ အဖြေရှိပါတယ်"

တင်ကျော်ဦးမျက်လုံးတွေက မျှော်လင့်နေသည်။ သူမမှာ ဘာ
အဖြေရှိပါသနည်း။ မျှော်လင့်နေမိသည်။

"ကျွန်မကလည်း ချစ်ပါတယ်လို့ဖြေလိုက်မယ်"

တင်ကျော်ဦး ကုလားထိုင်မှထွက်လိုက်သည်။ စန္ဒာမင်းလတ်
ခန္ဓာကိုယ်သွယ်နွဲ့နွဲ့ကိုဆွဲထူပြီး ညင်ညင်သာသာပွေ့ဖက်လိုက်သည်။
ပြီးမှ တိုးတိုးလေးမေးလိုက်သည်။

"စန္ဒာ - မင်းတကယ်ပဲအဲဒီလိုဖြေမှာလား"

နှစ်ဦးသား နှလုံးခုန်သံချင်းထိကပ်နေသည်။ တစ်ဦးမျက်နှာ
တစ်ဦး ငေးကြည့်နေမိသည်။ ချစ်ရည်တွေလွှဲလို့။

ပြီးမှ စန္ဒာမင်းလတ်၏ခေါင်းက တင်ကျော်ဦး၏ရင်ခွင်ပေါ်
မှီ လိုက်သည်။ မျက်လုံးများကို အသာအယာမှိတ်ထားသည်။

"ကျွန်မတို့နှစ်ယောက် တစ်ယောက်အဖြေတစ်ယောက် တစ်ခါ
တည်းကြားရအောင် သတင်းစာရှင်းလင်းပွဲအတူတူလုပ်ကြရင် ကောင်း
မလား. . . ဒါမှမဟုတ် တောင်ပေါ်ပင်လယ်မြို့လေးဖြစ်တဲ့ အင်းလေး
ကန် ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အင်းလေး
ဒေသဖွံ့ဖြိုးရေးစီမံချက်တွေကို နှစ်ယောက်အတူတူ ရေးဆွဲပြီး သမ္မတ
ကြီးဆီတင်ပြရင် ကောင်းမလားဆိုတာကို ကျွန်မ စဉ်းစားနေတာပါ"

စန္ဒာမင်းလတ်၏စကားကြောင့် တင်ကျော်ဦးအသံထွက်အောင် တစ်ချက်ရယ်လိုက်သည်။ ပြီးမှ

"ဒါဆို တို့မင်္ဂလာဆောင်ဖိတ်စာပါ တစ်ခါတည်းပူးတွဲတင်ပြရမှာပေါ့"

စန္ဒာမင်းလတ်ပြုံးရင်း တင်ကျော်ဦးကိုပြန်လည်ပွေ့ဖက်လိုက်သည်။

သို့နှင့် အအေးဆုံးဆောင်းညမှ စတင်၍ ချစ်သူနှစ်ဦးသည် နွေးထွေးသောဘဝကို ပိုင်ဆိုင်သွားကြလေသည်။

အင်းလေးရေပြင်ပေါ်၌ စန္ဒာလမင်းကြီးကလည်း ထိန်ထိန်သာလျှက် လှပနေပါတော့သည်။

ဂျင်မီ
1.8.2010 (8:54 PM)
တောင်ကြီးအကျဉ်းစခန်း

## ပြည့်ရသစာပေမှ ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁။ ဂျင်မီ+နီလာသိန်း၏ ကဗျာစာအုပ်

တစ်ယောက်တစ်ထောင်စီ စံမြန်းနေရစဉ် ကာလအတွင်း အပြန်အလှန် ရေးဖွဲ့ပေးပို့သော ကဗျာများ၊ ရေးဖွဲ့စုဆောင်းထားသော ကဗျာများနှင့် မိဘအိမ်တွင် ကျန်ရစ်ခဲ့သော လူမမယ်သမီးငယ်လေးအတွက် လွမ်းဆွတ်သတိရစွာ မှတ်မှတ်ရရ ရေးဖွဲ့ထားသော ကဗျာများ စုစည်း၍ မကြာမီ ဖြန့်ချိပါတော့မည် . . .

| | | |
|---|---|---|
| ၂။ | ရွှတ်ဆိုကျင့်ကြံ ဒီမိုကရေစီစံ | - ဂျင်မီ (HOME) |
| ၃။ | ကျွန်တော်နှင့် နိုင်ငံရေး | - ဂျင်မီ |
| ၄။ | အိပ်မက်ပုံ အချစ်ကဗျာများ | - ဂျင်မီ (အင်းလျားစာပေ) |
| ၅။ | မီဒီယာကို ဘယ်လိုဆက်ဆံကြမလဲ | - ဂျင်မီ |
| ၆။ | မောင်ရေးခဲ့တဲ့ မောင်ရှဲသမိုင်း (လမင်းဖြူရဲ့ ကောင်းကင် ၂) | - မျိုးကိုမျိုး |
| ၇။ | ရာဇဝင်မှာ ချန်လှပ်၍မရသောမောင် (လမင်းဖြူရဲ့ ကောင်းကင် ၃) | - မျိုးကိုမျိုး |
| ၈။ | ရွှပ်မိုး | - မျိုးကိုမျိုး |
| ၉။ | ဖြစ်ချင်အိုးဟဲ့ လွှတ်တော်အမတ် | - မျိုးကိုမျိုး |

ကျွန်တော်တို့ဘိုးဘွားတွေဟာ ဒီအင်းလေး ကန်ကြီးဆီရောက်လာမယ် ......

တောင်ပတ်လည်ဝိုင်းရံပြီး အင်မတန် လှပတဲ့ ဟောဒီရေကန်ကြီးဆီက

မခွာရက်နိုင်အောင် ဖြစ်သွားကြမယ် ......

ရေတွေဟာကြည်စိမ်းပြီး ဟိုးအောက်ဘက်ကမြေပြင်ကြီးကိုတောင် မြင်နိုင်မယ် ......

စားစရာငါးတွေကလည်းပေါမယ် ......

ကန်ပတ်လည်က မြေတွေဟာလည်း စိုက်လို့ပျိုးလို့အင်မတန်ကောင်းမယ် ......

အထူး သဖြင့် လမင်းထိန်ထိန်သာတဲ့အချိန်

အင်းလေးကန်ကြီးရဲ့အလှဟာ ကျွန်တော်တို့ဘိုးဘွားဘီဘင်တွေ

ဘာမှစားစရာမလိုအောင် ရသဖြစ်မှာ သေချာတယ် ......

ဒီလိုနဲ့ အိမ်တွေကို ရေကန်ထဲမှာဆောက်ကြမယ် ......

ရေထဲမှာ အိမ်ဆောက်နေတာဟာ ခုနက ကျွန်တော်ပြောခဲ့သလို

အနုပညာဆန်ဆန် ဖြစ်ကောင်းဖြစ်နိုင်သလို

သားရဲတိရစ္ဆာန်တွေရဲ့အန္တရာယ် က ကာကွယ်ပြီးသားလည်းဖြစ်နိုင်ပါတယ် ......

ကျွန်တော်ဆိုလိုချင်တာက ကျွန်တော်တို့ဘိုးဘွားတွေဟာ

အနုပညာခံစားတတ်သူတွေဖြစ်သလို လုံခြုံရေးအမြင်လည်းရှိသူတွေပါ ......



လမင်းစန္ဒာ

# အင်းလေးကန်သာ